မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ - ၁၇၂)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၆)၊ အမှတ် (၀၁၆)

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်

နေပြည်တော် အောက်တိုဘာ ၁၅

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)**

စာမျက်နှာ ၃ ကော်လံ ၁ ❁

ငြိမ်းချမ်းရေးကို ဦးဆောင်ပြီး ကြိုးပမ်းနေတဲ့အဖွဲ့အစည်းများ၊ ခေါင်းဆောင်များအားလုံး တာဝန်ကို ရှေ့ရှုထားပြီး လုပ်ဆောင်သွားမှ နိုင်ငံရဲ့အနာဂတ်အတွက် အာမခံချက်ရမည်

နေပြည်တော် အောက်တိုဘာ ၁၅

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ယနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်သမ္မတကြီးနှင့်တကွ ဧည့်သည်တော်များအားလုံး ကျွန်မတို့ရဲ့တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။

စာမျက်နှာ ၄ ကော်လံ ၁ ✻

မြောက်လေသွန်းစ၊ ကောင်းကင်လနှင့် အသဝနီ၊ တူရာသီဝယ်

ကန်ရေပြင်ပြည့်မှလေ။
မြောက်လေသွန်းစ၊ ကောင်းကင်လနှင့်၊
အသဝနီ၊ တူရာသီဟု၊
စီစီဖွေးဖွေး၊ ကြာမျိုးမွှေးလျက်၊
မိုးသေးနည်းလွန်း၊ သည်လဆန်းတွင်၊....

သီတင်းကျွတ်လသည် ဝဿာနခေါ်မိုးဥတု၏ နောက်ဆုံးလ၊ ဝါလကင်းလွတ်ပြီမို့ မိုးသေးမိုးဖွဲတို့သာ ရွာတတ်တော့သည့်တိုင် တစ်မိုးတွင်းလုံး ရွာသွန်းခဲ့သော မိုးရေတို့ဖြင့် ကန်ရေပြင်တို့မှာပြည့်မောက်နေဆဲ။ သည်ရာသီမှာပွင့်သည့် ကြာပန်းမျိုးစုံတို့ကလည်း ကန်ရေပြင်ထက်မှာ မွှေးထုံပွင့်လန်းလျက်။ မြောက်အရပ်မှဆောင်းလေအေးတို့ ဝှေ့ယမ်းဝင်ရောက်စ၊ ကောင်းကင်မှာ အသဝနီနက္ခတ်က လပြည့်ဝန်းနှင့် ယှဉ်ကာ တောက်ပထွန်းလင်းနေသည်။ ဤသို့လျှင် ဆန်းကြယ်သည့် သီတင်းကျွတ်လတွင် မီးမြင်းမိုရ်ပွဲခေါ် မီးထွန်းပွဲတော်ကို လူအပေါင်းတို့က ကျင်းပနွှဲပျော်ကြသကဲ့သို့ ရဟန်းတော်တို့ကလည်း ပဝါရဏာပြုပြီးသောအခါ ဝါမှကျွတ်ကြသည်။

သီတင်းကျွတ်လ၏အနက်အဓိပ္ပာယ်ကပင်လျှင် ရဟန်း၊ ရှင်သာမဏေတို့ဝါတွင်းသုံးလပတ်လုံးသီတင်းသုံးနေထိုင်ခဲ့ကြရာမှ ကျွတ်လွတ်သောလဟု ဆိုခြင်းဖြစ်သည်။ ဝါဆိုလတွင် မိုးရေတို့အောက် ပေါက်ရောက်ကြကုန်သည့် စိမ်းလန်းသောသစ်ပင်၊ မြက်ပင်တို့ကိုလည်းကောင်း၊ လယ်သမားတို့ စိုက်ပျိုးကြသည့်ပျိုးပင်ကောက်ပင်တို့ကို လည်းကောင်း၊ ယင်းကာလတွင် ပေါက်ပွားရှင်သန်ကြကုန်သည့် သတ္တဝါငယ်ကလေးများကို လည်းကောင်း၊ မနင်းမချေမိစေရန်၊ အသက်ဣန္ဒြေတို့ကို မညှဉ်းဆဲမိစေရန် ရည်ရွယ်၍ မိမိတို့ သီတင်းသုံးရာကျောင်းသခ်မ်းများမှလွဲ၍ အခြားတစ်ပါးအရပ်ဆီသို့ ကြွချီတော်မူခြင်းမပြုတော့ဘဲ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ ရှင်သာမဏေတို့မှာသီတင်းကျွတ်လပြည့်သို့ ရောက်သောအခါ ပဝါရဏာပြု၍ ဝါမှကျွတ်ကြခြင်းဖြစ်သည်။

အခါတစ်ပါးတွင် မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ကောသလတိုင်း ဇနပုဒ်အရပ်၌ ဝါဆိုကြကုန်သော ရဟန်းတို့သည် အချင်းချင်း အငြင်းအခုံမရှိက အညီအညွတ်ချမ်းသာစွာနေနိုင်မည်ဟု ယူဆကြလျက် ဝါတွင်းသုံးလပတ်လုံးကို အချင်းချင်း စကားမပြောမဆိုဘဲ နေခြင်းအားဖြင့် ကုန်လွန်စေခဲ့ကြ၏။ သုံးလလွန်မြောက်၍ ဝါမှ ထကုန်ကြပြီးသည့်နောက် ဘုရားရှင်ထံမှောက်သို့ ဖူးမြော်ရန် ရောက်လာကြ၏။

မြတ်စွာဘုရားက "ရဟန်းတို့၊ ကျန်းမာကြကုန်၏လော၊ မျှတကြကုန်၏လော၊ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းမခုံဘဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြကုန်၏လော၊ ဆွမ်းအတွက်လည်း မပင်မပန်းရှိကြကုန်၏လော"ဟု မေးတော်မူသောအခါ ရဟန်းတို့ကလည်း "မြတ်စွာဘုရား၊ ကျန်းမာကြပါသည်။ မျှတကြပါသည်။ အညီအညွတ်ဝမ်းမြောက်ဝမ်းသာ မငြင်းခုံဘဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြရပါသည်။ ဆွမ်းအတွက်လည်း မပင်ပန်းဘဲ ရှိကြပါကုန်သည်"ဟု ပြန်ကြားလျှောက်ထားကြ၏။

မြတ်စွာဘုရားက မည်သို့လျှင် အညီအညွတ်အငြင်းအခုံမရှိနေခဲ့ကြောင်းကိုမေးလျှင် ရဟန်းတို့က အချင်းချင်းစကားမပြောမဆိုဘဲ သုံးလလုံးလုံး(ဆိတ်ဆိတ်နေသောနည်းဖြင့် ပြဿနာကိုရှောင်ကာ) နေခဲ့ကြကြောင်း ပြန်လည်လျှောက် ထားသောအခါ မြတ်စွာဘုရားက ပြင်းထန်စွာရှုတ်ချတော်မူ၏။ ထို့ပြင် စကားမဆိုသောအကျင့်ကို မဆောက်တည်ရ။ ဆောက်တည်ပါက ဒုက္ကဋ်အာပတ်သင့်၏ဟူသော သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ ဝါမှထသော ရဟန်းတို့အား မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ သုံးပါးသောအကြောင်းတို့ဖြင့် ဖိတ်ကြားခြင်း (ပဝါရဏာပြုခြင်း)ငှာ ခွင့်ပြုတော်မူ၏။

ရဟန်းတော်တို့သည် သီတင်းကျွတ်လပြည့်သောအခါ အညီအညွတ် စည်းဝေးကြလျက် ထေရ်အစဉ်အလိုက် သံဃာကိုဖိတ်ကြားကာ မိမိတို့အပြစ်တစ်စုံတစ်ခုပြုမိသည်ဟု မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ သံသယမကင်းသည်ဖြစ်စေရှိခဲ့ပါက မိမိအား ပြောဆိုပါရန်နှင့် အပြစ်ကို ကုစားပါမည်ဖြစ်ကြောင်း ပဝါရဏာပြုကြသည်မှာ ကြည်နူးဖွယ်ရာဖြစ်ကြောင်းနှင့် လူအပေါင်းတို့ပင်လျှင် အတုယူအပ်သည်ဖြစ်ပါကြောင်း။ ။

ယာဉ်စည်းကမ်းနှင့်အညီ လိုက်နာရန် ကွင်းဆင်းဆောင်ရွက်

လက်ပံတန်း အောက်တိုဘာ ၁၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့(၁)လမ်းနှင့် မြို့မဈေးကြီးဝန်းကျင်တွင် အောက်တိုဘာလဒုတိယပတ်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဖုန်းမြင့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်လင်းနှင့်တာဝန်ရှိသူများသည် ယာဉ်တိုက်မှုမဖြစ်ပွားရေး၊ လမ်းပိတ်ဆို့မှုမဖြစ်ပွားစေရေးနှင့် မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရေးတို့အတွက် မော်တော်ယာဉ်များ ကုန်တင်ကုန်ချနေရာသတ်မှတ်ပေးခြင်း၊ မော်တော်ဆိုင်ကယ်နှင့် ဆိုက်ကားများအား လမ်းမကြီးနှင့် တစ်ဖက်သုံးပေအကွာတွင် ရပ်နားရန်သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့အပြင် ပွင့်လင်းရာသီတွင် ကတ္တရာလမ်းမကြီးအား တစ်ဖက်သုံးပေချဲ့ခင်းခြင်းနှင့် လမ်းပခုံးများပြုပြင်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၀၅၃)

ဆွေးမြည့်ဓာတ်တိုင်နှင့် တွဲကျနေသော လျှပ်စစ်ကြိုးများကြောင့် မလိုလားအပ်သည့် အန္တရာယ်ဖြစ်ပွားနိုင်

မလှိုင် အောက်တိုဘာ ၁၅

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မလှိုင်မြို့ အမှတ်(၁)ရပ်ကွက် နယ်မြေ(၈)ရှိ စိတ်လမ်းအမှတ်(၂)နှင့် စိတ်လမ်းအမှတ်(၃)မွှာရုံလမ်းပေါ်၌တွဲတန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများမှာ အများပြည်သူသွားလာနေသောလမ်းပေါ်သို့ တွဲကျနေသကဲ့သို့ ဆွေးမြည့်သစ်သားလျှပ်စစ်ဓာတ်တိုင်များကြောင့် လမ်းသွားလမ်းလာများနှင့် ဒေသခံပြည်သူများက လျှပ်စစ်အန္တရာယ်ဖြစ်ပွားမည်ကို စိုးရိမ်နေကြောင်း သိရသည်။

"ကျွန်တော်တို့ရပ်ကွက်မှာအိမ်ထောင်စုဝင် ၂၀၀ခန့်ရှိပါတယ်။ အခုဆိုရင် လျှပ်စစ်ကြိုးတွေဟာ အများပြည်သူနေ့စဉ်သွားလာနေတဲ့ လမ်းပေါ်ကိုတွဲကျနေသလို ဆွေးမြည့်သစ်သားတိုင်တွေဟာလည်း တစ်ဖက်ကိုစောင်းနေပါတယ်။ မြို့နယ်က သက်ဆိုင်ရာတာဝန်ရှိသူတွေကို တင်ပြပေမယ့် အခုချိန်အထိ ဒီအတိုင်းပါပဲ။ ကျွန်တော်တို့ရပ်ကွက်ထဲက ပြည်သူတွေကလည်း သက်ဆိုင်ရာတာဝန်ရှိသူတွေ သတ်မှတ်ထားတဲ့ လျှပ်စစ်တွဲတန်းဆားဇစ်ဝိုင်ယာကြိုးတွေကို အတိုင်းအတာထက်ကျော်လွန်ပြီး တွဲတန်းထားတာကြောင့် လျှပ်စစ်ဝိုင်ယာကြိုးတွေဟာ အောက်ကို တွဲကျနေတာပါ။ သက်ဆိုင်ရာတာဝန်ရှိသူတွေ အနေနဲ့ သစ်သားတိုင်အစား ကွန်ကရစ်တိုင်တွေကို အစားထိုးဆောင်ရွက်ပေးစေချင်သလို အတိုင်းအတာထက်ကျော်လွန်ပြီး တွဲတန်း ထားသူတွေကို ရှင်းလင်းဆောင်ရွက်ပေးစေလိုပါတယ်"ဟုအဆိုပါရပ်ကွက်မှ ရာအိမ်မှူး ဦးစိုးလွင်ဦးက ပြောသည်။

ထို့ကြောင့် အများပြည်သူသွားလာနေသော လမ်းများပေါ်သို့ တွဲကျနေသည့် လျှပ်စစ်ကြိုးများနှင့် ဆွေးမြည့်သစ်သားတိုင်များကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**

မွန်ပြည်နယ် လျှပ်စစ်ဝန်ကြီးဌာနမှ မော်လမြိုင်မြို့နယ်အတွင်းရှိ ပြည်သူများ ၂၄ နာရီမီးလင်းရေး၊ လျှပ်စစ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် အောက်တိုဘာလဒုတိယပတ်က လျှပ်စစ်မီးတိုင်အသစ်နှင့် လျှပ်စစ်မီးကြိုးအသစ်များလဲလှယ်တပ်ဆင်နေစဉ် တင်ထွဋ်(မော်လမြိုင်)

သုံးခွမြို့နယ် လက်ပန်ကျေးရွာ၌ အမှိုက်ပုံး ၁၀၀ ကျော်ချထားပေး

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ကိုရီးယား-မြန်မာ ဆေးမားအူလ်အွန်ဒုံ (Myanmar Saemau Undong) SMU ကျေးရွာသစ်လူပ်ရှားမှုစီမံကိန်းထဲတွင် ပါဝင်သည့် ကျေးရွာဖြစ်သော လက်ပန်နန်းခလဲကျေးရွာအုပ်စု လက်ပန်ကျေးရွာတွင် ကျေးရွာသန့်ရှင်းသာယာလှပစေရေး၊ စနစ်တကျ အမှိုက် စွန့်ပစ်ရန်နှင့် စနစ်တကျ စွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ SMU ကော်မတီဝင်များက ပြည်သူများ၏ အိမ်ရှေ့များတွင် အမှိုက်ပုံး ၁၀၀ ကျော်ကို ဖြန့်ဝေချထားပေးပြီး အမှိုက်များ စနစ်တကျစွန့်ပစ်ရန် ကြော်ငြာများ ကပ်ကာအသိပေးထားသည်ကို အောက်တိုဘာ ၁၃ ရက်က တွေ့မြင်ရသည်။ **ကိုကျော်(သုံးခွ)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၅-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၅၄၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၀၃၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၅၄၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

ဒီဇယ်	၆၀၀/၆၁၀ ကျပ်
အောက်တိန်း ၉၂	၆၁၀/၆၂၀ ကျပ်
အောက်တိန်း ၉၅	၆၄၀/၆၇၀ ကျပ်
ပရီမီယံဒီဇယ်	၆၂၀/၆၃၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၅၇ · ၀
ဥရောပ	တစ်ယူရို	၁၃၈၈ · ၁
စင်ကာပူ	တစ်ဒေါ်လာ	၉၀၆ · ၇၆
ထိုင်း	တစ်ဘတ်	၃၅ · ၅၄၉
အိန္ဒိယ	တစ်ရူပီး	၁၈ · ၈၁
တရုတ်	တစ်ယွမ်	၁၈၆ · ၈၅
မလေးရှား	တစ်ရင်းဂစ်	၂၉၈ · ၇၉

မြန်မာ့အလင်း
၁၇၇၃ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်အကြီးအကဲများနှင့် တက်ရောက်ကြသူများအား တွေ့ရစဉ်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်လာကြစဉ်

❀ ရှေ့ဖုံးမှ

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ (နှုတ်ခွန်းဆက်စကားများကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ၏ အနှစ်ချုပ်ကို ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းတို့က ဖတ်ကြားကြသည်။ **(အပေါ်ပုံ)** **(တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(အနှစ်ချုပ်)ကို သီးခြားဖော်ပြထားပါသည်။)**

အခမ်းအနားအပြီးတွင် NCA နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်လာသော ဧည့်သည်တော်များသည် အဖွဲ့လိုက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့မှ ခေါင်းဆောင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကော်မတီ၊ ကော်မရှင်များမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီ (UPWC) အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးကော်မရှင်နှင့် အထောက်အကူပြုအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာမှ သံတမန်များ၊ NCA အသိသက်သေများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်

နိုင်ငံတော်အကြီးအကဲများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

❊ *ရှေ့ဖုံးမှ*

ကျွန်မတို့ ဒီနေ့ဟာ (NCA –Nationwide Ceasefire Agreement) တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ်ရဲ့ တစ်နှစ်ပြည့်မြောက်တဲ့ အခမ်းအနားဖြစ်ပါတယ်။ ဒီတစ်နှစ်အတွင်းမှာလည်း အတော်အတန်ပဲ တိုးတက်မှုရှိခဲ့တယ်လို့ ကျွန်မတို့ယုံကြည်ပါတယ်။ ဒီစာချုပ်ကို ပထမဦးဆုံး လက်မှတ်ရေးထိုးဖြစ်အောင် ဝိုင်းဝန်းပြီးတော့ကူညီခဲ့ကြတဲ့ ယခင်အစိုးရ၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်တကွ အားလုံးကိုလည်း ကျွန်မတို့ ကျေးဇူးတင်ပါတယ်။ ဂုဏ်ပြုပါတယ်။

လမ်းတစ်လမ်းကို စလျှောက်မယ်ဆိုရင် ပထမခြေလှမ်းက အရေးအကြီးဆုံးပါပဲ။ အဲ့ဒီတော့ ကျွန်မတို့ဟာ ပထမခြေလှမ်းကို လှမ်းလို့ပြီးပါပြီ။ ဆက်ပြီးတော့ လှမ်းစရာ ခြေလှမ်းတွေ ရှိပါသေးတယ်။ အခု ကျွန်မတို့ရဲ့ NCA ထဲမှာ ဘာတွေပါလဲဆိုတာကိုတော့ အခု အခမ်းအနားမှာ ဖတ်ပြကြမှာ ဖြစ်ပါတယ်။ ကျွန်မတို့ အခုဆိုရင် အပစ်အခတ်ရပ်စဲရေး (Nationwide)ဆိုတာ၊ တစ်နိုင်ငံလုံးဆိုင်ရာဆိုပေမယ့်လည်း တစ်နိုင်ငံလုံးဆိုင်ရာ ကျွန်မတို့ ပါစေချင်တဲ့ပုဂ္ဂိုလ်များ၊ ပါသင့်ပါထိုက်တဲ့အဖွဲ့များအားလုံး မပါသေးဘူးဆိုတာကိုလည်း ကျွန်မတို့ သိပြီးသားဖြစ်ပါတယ်။ အားလုံးပါဝင်ဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။

ကျွန်မတို့နိုင်ငံအတွက် အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးဆိုတာ ဘာနဲ့မှလဲလို့မရတဲ့ ရတနာကြီးတစ်ခုပါပဲ။ ကျွန်မတို့ ငြိမ်းချမ်းရေးရအောင်လုပ်ဖို့ဆိုတဲ့နေရာမှာ ကျွန်မက Nationwide Ceasefire Agreement ဆိုတဲ့ စကားကို ဆင်ခြင်လိုက်ပါတယ်။ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးဆိုတာကို NCA လို့ လွယ်လွယ်နဲ့ ခေါ်ကြပါတယ်။ မြန်မာစကားနဲ့ကျတော့ အပစ်အခတ်ရပ်စဲရေးပေါ့။ အင်္ဂလိပ်ဘာသာ စကားနဲ့ဆိုရင် Ceasefire၊ Fire ဆိုတာ ပစ်ခတ်ခြင်း၊ Fire ဆိုတာ တိုက်ခိုက်ခြင်းပါပဲ။ ဒီတော့ Fire ဆိုတာ မီးဆိုတဲ့ စကားကနေ လာတာဖြစ်ပါတယ်။ အဲဒီတော့ ငြိမ်းချမ်းရေးရဖို့ဆိုရင်၊ အပစ်အခတ်ရပ်စဲရေးတွေ ရဖို့ဆိုရင် ကျွန်မတို့ရဲ့အတွင်းမီးတွေဖြစ်တဲ့ ဒေါသတွေ၊ အာဃာတတွေ ငြိမ်းဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ သက်ဆိုင်ရာ ပုဂ္ဂိုလ်အသီးသီး၊ အဖွဲ့အစည်းအသီးသီးက မိမိတို့အတွင်းက ဒေါသတွေ၊ အာဃာတတွေ ငြိမ်းအောင်လုပ်နိုင်မှ ကျွန်မတို့ စစ်မှန်တဲ့ ငြိမ်းချမ်းရေး ရနိုင်မှာပါ။

ကျွန်မတို့ အဖွဲ့အစည်းများအတွင်းမှာရှိတဲ့ အာဃာတ ဒေါသမီးတွေငြိမ်းမှ ပြည်သူပြည်သားတွေရဲ့သောကမီးတွေ ငြိမ်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ အပစ်အခတ်ရပ်စဲရေး Ceasefire အတွက် လုပ်တယ်ဆိုရာမှာ ကျွန်မတို့ရဲ့ ပြည်သူပြည်သားများကို သောကဖြစ်စေတဲ့ မီးများ အားလုံးငြိမ်းဖို့အတွက် လုပ်ရတာဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာကို အဓိကထားပြီးကျွန်မတို့ရဲ့အဖွဲ့အစည်းအသီးသီးက ဆင်ခြင်စေချင်ပါတယ်။ အားလုံးဟာ ကိုယ့်အမြင်နဲ့ကိုယ် ရှိကြတာပါပဲ။ နာကြည်းချက်တွေရှိခဲ့တယ်ဆိုတာလည်း ကျွန်မတို့ မငြင်းပါဘူး။ ဒါပေမယ့် ဒီနာကြည်းချက်တွေကို ကျော်လွှားနိုင်တဲ့ အရည်အချင်းလည်း ကျွန်မတို့အားလုံးမှာရှိတယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဒါကိုကျော်လွှားနိုင်တဲ့ အရည်အချင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်မတို့ ပြိုင်ရမှာပါ။ တကယ်ဆိုရင် ကျွန်မတို့က (Fire Power) မီးအင်အားကို ပြိုင်ရမှာ မဟုတ်ပါဘူး။ မီးကိုငြိမ်းနိုင်တဲ့အင်အားကို ပြိုင်ရမှာ ဖြစ်ပါတယ်။ ဒီလို ကျွန်မတို့ ကြိုးစားနေတဲ့အခါမှာ တစ်နိုင်ငံလုံးကနေပြီးတော့ စောင့်ကြည့်နေကြပါတယ်။ တစ်နိုင်ငံလုံးက မျှော်လင့်ချက်ကြီးစွာနဲ့ စောင့်မျှော်နေကြပါတယ်။ ပြီးတော့ ကျွန်မတို့ပြည်သူတွေက အခု အစိုးရနဲ့တကွ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့များနဲ့ ဘာတွေလုပ်နေလဲဆိုတာ ကြည့်တဲ့အခါမှာ ကျွန်မတို့ရဲ့ ပြည်သူတွေကို လျှော့မတွက်ပါနဲ့လို့ မေတ္တာရပ်ခံချင်ပါတယ်။

အများသိတဲ့ ကမ္ဘာကျော်အဆို တစ်ခုရှိပါတယ်။ အများကို တစ်ခဏ လှည့်ဖြားလို့ရမယ်၊ အချို့ကို ထာဝရ လှည့်ဖြားလို့ရမယ်၊ အားလုံးကိုတော့ ထာဝရလှည့်ဖြားလို့မရဘူးဆိုတဲ့ အဆိုပဲဖြစ်ပါတယ်။ ပြောချင်တာကတော့ အဖြစ်မှန်အတိုင်း ရေရှည်မှာတော့ ပြည်သူ ပြည်သားတွေက သိမှာပါပဲ။ ဒီအဆိုထက် ကျွန်မပိုပြီးတော့ သဘောကျလို့ အခွင့်အရေးရှိတိုင်း ကျွန်မ မျှဝေတဲ့အဆိုတစ်ခုရှိပါတယ်။ ဒါကတော့ ၁၉၈၈ ခုနှစ်လောက်တုန်းက ကျွန်မကို အင်းလေးဘက်က ဆရာတော်ကြီးတစ်ပါး မိန့်လိုက်တဲ့ ဩဝါဒစကားပါပဲ။ ဆရာတော်ကြီးက အသက်အားဖြင့် ဟိုးအရင်တုန်းက ဇာတ်မင်းသားကြီး ဦးဖိုးစိန်ရဲ့ခေတ်ကို မီခဲ့ပါတယ်။ ဆရာတော်ကြီးက ကျွန်မကို မိန့်ပါတယ်။ မင်းသားကြီး ဦးဖိုးစိန်ဇာတ်ကို သွားပြီးတော့ကြည့်တဲ့အခါမှာ လူရွှင်တော်ကြီးတစ်ဦးက ဇာတ်မကခင် အမြဲပြောတယ်။ ဖိုးစိန်ကြီး ခင်ဗျားလောက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားစဉ်

ကတတ်တဲ့သူ ဒီပရိသတ်ထဲမှာ တစ်ယောက်မှမရှိဘူး။ ဒါပေမယ့် ခင်ဗျားခြေထိုးတာလေး နည်းနည်းမှားရင် အားလုံးသိတယ်။ စိန်ဗေဒါကြီး ခင်ဗျားလောက်တီးတတ်တာ ဘယ်သူမှမရှိဘူး။ ဒါပေမယ့် တီးလုံးလေးတစ်ကွက်လွဲသွားရင် အားလုံးသိတယ်လို့ သတိပေးတယ်။ အဲဒါက ဘာကိုဆိုလိုတာလဲဆိုတော့ ကိုယ်က ဘယ်လောက်ပဲတော်တော် ကိုယ့်ပရိသတ်ကို အထင်မသေးရဘူးဆိုတဲ့ သဘောပါပဲ။

အဲဒီတော့ ကျွန်မတို့ရဲ့ အစိုးရနဲ့ တကွ၊ တပ်မတော်နဲ့တကွ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ အဖွဲ့အစည်းများဟာ ကျွန်မတို့ ပြည်သူ ပြည်သားတွေရဲ့ ဆင်ခြင်တုံတရားကို လျှော့ပြီးတော့ မတွက်ပါနဲ့၊ ကျွန်မတို့ ပြည်သူ ပြည်သားတွေဟာ တစ်ယောက်ချင်း တစ်ယောက်ချင်းအားဖြင့် အစိုးရအလုပ်ကိုလုပ်နိုင်တဲ့ အရည်အချင်း ရှိချင်မှရှိမယ်။ တပ်မတော်ရဲ့ တာဝန်တွေကို ထမ်းဆောင်နိုင်တဲ့ အရည်အချင်းရှိချင်မှရှိမယ်။ တိုင်းရင်းသားအဖွဲ့အစည်းတွေက ခေါင်းဆောင်များရဲ့ အရည်အချင်း ရှိချင်မှရှိမယ်။ ဒါပေမယ့် ဒီနိုင်ငံကို ဘာက အကျိုးပေးတယ်၊ ဘာကအကျိုးမပေးဘူးဆိုတာ ရေရှည်မှာ ပြည်သူပြည်သားအားလုံး သိကြပါတယ်။ ဒါကြောင့် ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ကူညီထောက်ပံ့မှုနဲ့အတူ လိုအပ်တဲ့ခြေလှမ်းကို လှမ်းစေချင်ပါတယ်။

ဒီလိုလိုအပ်တဲ့ ခြေလှမ်းတွေလှမ်းဖို့ သတ္တိလိုတယ်ဆိုတာ ကျွန်မ မကြာခဏ ပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အတိတ်လမ်းကြောင်းကနေ ပြီးတော့ ပစ္စုပ္ပန်မှာ အနာဂတ်အတွက် ပြောင်းလဲဖို့ဆိုတာ ပြောင်းလဲခြင်းကို လုပ်ရဲတဲ့သတ္တိ၊ ရင်ဆိုင်ရဲတဲ့ သတ္တိ အင်မတန်မှအရေးကြီးပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်လုပ်နေကျကိစ္စဆိုရင် ပိုပြီးတော့ သက်သာပါတယ်။ အသစ်အဆန်းကို ရင်ဆိုင်ဖို့ဆိုတာကတော့ သတ္တိလိုတယ်၊ အတွေး အခေါ်လိုတယ်၊ အရည်အချင်းလိုတယ်။ ဒီလိုသတ္တိတွေ၊ အတွေးအခေါ်တွေ၊ အရည်အချင်းတွေ ကျွန်မတို့အားလုံးမှာရှိတယ်လို့ ကျွန်မယုံကြည်ပါတယ်။

အဲဒီလိုရှိတဲ့ အရည်အချင်းတွေကို ထုတ်ပြီးတော့ သုံးစေချင်ပါတယ်။ အခု ကျွန်မတို့ NCA လက်မှတ်ထိုးပြီးတာ တစ်နှစ်ကြာပါပြီ။ တစ်နှစ်ကြာပြီ ဆိုပေမယ့်လည်း မထိုးရသေးတဲ့အဖွဲ့တွေ တစ်ခုမှထပ်ပြီးတော့ မတိုးသေးတာဟာ ကျွန်မတို့အတွက် အင်မတန်မှ ဝမ်းနည်းစရာဖြစ်ပါတယ်။

ကျွန်မပြောချင်တာကတော့ အစိုးရ အဖွဲ့၊ တပ်မတော်အဖွဲ့၊ တိုင်းရင်းသားများ အဖွဲ့အစည်းများအားလုံးဟာ ဘယ်သူတွေက ပိုပြီးတော့ သဘောထားကြီးနိုင်သလဲ။ ဘယ်သူတွေက ပိုပြီးတော့ ခွင့်လွှတ်သည်းခံနိုင်သလဲ။ ဘယ်သူတွေက နိုင်ငံရဲ့အနာဂတ်ကို အတိတ်ထက်ပိုပြီးတော့ တန်ဖိုးထားနိုင်သလဲဆိုတဲ့ နေရာ မှာပဲ ပြိုင်ကြပါလို့ ကျွန်မပြောချင်ပါတယ်။ (Fire Power) တိုက်ခြင်းခိုက်ခြင်း၊ တိုက်နိုင်တဲ့ အရည်အချင်းကို ပြိုင်မယ့်အစား မီးငြိမ်းအောင်လုပ်နိုင်တဲ့ အင်အားကို၊ အရည်အချင်းကို ပြိုင်ကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

ကျွန်မတို့ အစိုးရအဖွဲ့ရဲ့ရည်ရွယ်ချက်တွေကတော့ အားလုံးသိပြီးသား ဖြစ်ပေမယ့်လည်း ထပ်ပြီးတော့သတိပေးပါရစေ။ ကျွန်မတို့ဟာ အခု အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

ပထမအားဖြင့် နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ရမှာဖြစ်ပါတယ်။ ဒုတိယအားဖြင့် နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်ပြင်ဆင်ရမှာဖြစ်ပါတယ်။ ဒီလို သုံးသပ်ပြင်ဆင်တဲ့နေရာမှာ အားလုံးပါဝင်နိုင်အောင်လို့ ကျွန်မတို့ အတတ်နိုင်ဆုံး စီစဉ်ထားပါတယ်။ နောက်ပြီးတော့လည်း ပြင်ဆင်အတည်ပြုပြီးဖြစ်သော နိုင်ငံရေးဆွေးနွေးမှု မူဘောင်နဲ့အညီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ ကျင်းပခြင်းပဲ ဖြစ်ပါတယ်။ ကျွန်မတို့ အခုဆိုရင် (၂၁)ရာစု ပင်လုံ ညီလာခံ ရလဒ်များအား စုစည်းပြီး ပြည်ထောင်စု သဘောတူညီချက် (21st Century Panglon Conference Agreement) လက်မှတ်ထိုးခြင်းကို ဦးတည်ရပါမယ်။ ပြည်ထောင်စု သဘောတူညီချက်နဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးသားခြင်း၊ အတည်ပြုခြင်းကို နောက်တစ်ဆင့်သွားရပါမယ်။ နောက် တစ်ဆင့်ကျတော့ ပြင်ဆင်ရေးသား အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပဖို့ဖြစ်ပါတယ်။ နောက်ဆုံးအဆင့်ကတော့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ရလဒ်နဲ့အညီ ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ဖို့ပဲ ဖြစ်ပါတယ်။

ဒီမိုကရေစီ ပြည်ထောင်စုနဲ့ ပတ်သက်လို့၊ ဒီမိုကရေစီနဲ့ ပတ်သက်လို့ ကျွန်မ ထပ်တလဲလဲ သတိပေးပါတယ်။ ဘယ်နှခါပဲ သတိပေးရပေးရ မလုံလောက်ဘူးလို့ထင်လို့ ကျွန်မထပ်ပြီးတော့ သတိပေးပါရစေ။ ဒီမိုကရေစီဆိုတာ အခွင့်အရေးတွေရှိသလို တာဝန်တွေ အင်မတန်မှုကြီးပါတယ်။ ပြည်သူလူထုရဲ့ အုပ်ချုပ်မှုစနစ်ဟာ ပြည်သူတစ်ယောက်ချင်း တစ်ယောက်ချင်းမှာ တာဝန်ရှိတဲ့စနစ်လို့ ဒီလိုပဲ ကျွန်မတို့ပြောရပါလိမ့်မယ်။ ဒါကြောင့်မို့ ကျွန်မတို့ ငြိမ်းချမ်းရေးကို ဦးဆောင်ပြီးတော့ ကြိုးပမ်းနေတဲ့ အဖွဲ့အစည်းများ၊ ခေါင်းဆောင်များအားလုံးဟာ တာဝန်ကို ရှေ့ကထားပြီး အခွင့်အရေးကို နောက်ကထားစေချင်ပါတယ်။ တာဝန်ကို ရှေ့ကထားပြီးတော့ လုပ်ဆောင်သွားမှ ကျွန်မတို့နိုင်ငံရဲ့အနာဂတ်အတွက် အာမခံချက်ရမှာပါ။ အတိတ်ဆိုတာ ပြန်ပြင်လို့မရပါဘူး။ အတိတ်ကတော့ ဖြစ်ပြီးသွားပါပြီ။ သို့သော်ငြားလည်း အတိတ်ရဲ့အကျိုးဆက်ကို ပြင်နိုင်ဖို့အတွက် ကျွန်မတို့လိုချင်တဲ့ပုံစံဖြစ်အောင် လုပ်နိုင်ဖို့အတွက် အားလုံးမှာ ချက်ချင်းလက်ငင်း အခု ပစ္စုပ္ပန်မှာ အခွင့်အရေးတွေရှိပါတယ်။ ဒီအခွင့်အရေးတွေကို မှန်မှန်ကန်ကန် အသုံးချမယ်ဆိုရင် အနာဂတ်ဟာ ကျွန်မတို့လိုချင်တဲ့ပုံစံ ပေါ်လာမှာပါ။

ကျွန်မတို့အားလုံးဟာ အနိစ္စတရားကို မလွန်ဆန်နိုင်တဲ့ ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ကျွန်မတို့မရှိတော့တဲ့အခါ ဒီနိုင်ငံကို ဘယ်လိုအမွေအနှစ်တွေ ထားခဲ့မလဲဆိုတာ အားလုံးက လေးလေးနက်နက် စဉ်းစားစေချင်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ပြည်သူလူထုက သမိုင်းအဆက်ဆက်မှာ တန်ဖိုးထားကျေးဇူးတင်ရမယ့် အမွေအနှစ်မျိုးတွေ ထားခဲ့စေချင်ပါတယ်။ ဒီလို အမွေအနှစ်ထားခဲ့ဖို့ဆိုတာ လွယ်လွယ်နဲ့တော့ ဖြစ်မှာမဟုတ်ပါဘူး။ မလွယ်ဘူးလို့ပြောရတာ ဘာလဲဆိုတော့ တကယ့် အခက်အခဲဆုံးကိစ္စက စောစောကပြောသလို ကိုယ့်ရဲ့အတွင်းမီးတွေကို ငြိမ်းဖို့ဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ ကျွန်မတို့နိုင်ငံရဲ့ အနောက်ပိုင်းဖြစ်တဲ့ ရခိုင်ပြည်နယ်မှာဆိုရင် စစ်မီးတောက်တွေ ပြန်ပြီးတောက်လာတာကို တွေ့ရပါတယ်။ ပဋိပက္ခမီးတောက်တွေ ပြန်ပြီးတောက်လာတာကို တွေ့ရပါတယ်။ ဒါတွေ အမြန်ဆုံးငြိမ်းအောင် လုပ်ရပါမယ်။ မီးတောက်တွေ ငြိမ်းပစ်ရာမှာ အပြင်က နေမြင်ရတဲ့ မီးတောက်တွေကို ငြိမ်းဖို့ဆိုတာ မြန်မြန်ဆန်ဆန်နဲ့ လုပ်နိုင်ပေမယ့် အတွင်းမီးတောက်တွေငြိမ်းဖို့ဆိုတာ တော်တော်ခက်ခဲပါလိမ့်မယ်။ အဲဒါကို အားလုံးကနေပြီး တစ်ဦးချင်း၊ တစ်ဦးချင်း တာဝန်ယူပြီးလုပ်စေချင်ပါတယ်။

ဘယ်သူတွေဟာ တကယ်စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို လိုချင်သလဲ၊ ဘယ်သူတွေဟာ ငြိမ်းချမ်းရေးကို တကယ်မလိုလားဘူးဆိုတာဟာ ပြည်သူတွေ မကြာခင်မှာ မြင်ရမှာပါ။ ပြည်သူတွေကလည်း ဒါကို မျက်စိဒေါက်ထောက်ကြည့်နေမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီ လမ်းကြောင်းကို လျှောက်လှမ်းနေတဲ့ ကျွန်မတို့နိုင်ငံဟာ ပြည်သူပြည်သားများရဲ့အထင်၊ ပြည်သူ ပြည်သားများရဲ့အမြင်၊ ပြည်သူ ပြည်သားများရဲ့သုံးသပ်ချက်တွေကို အလေးထားပြီး လုပ်သွားမှာဖြစ်

အစိုးရနဲ့တကွ၊ တပ်မတော်နဲ့တကွ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ အဖွဲ့အစည်းများဟာ ကျွန်မတို့ ပြည်သူ ပြည်သားတွေရဲ့ ဆင်ခြင်တုံတရားကို လျှော့ပြီးတော့ မတွက်ပါနဲ့၊ ကျွန်မတို့ ပြည်သူ ပြည်သားတွေဟာ တစ်ယောက်ချင်း တစ်ယောက်ချင်းအားဖြင့် အစိုးရအလုပ်ကို လုပ်နိုင်တဲ့အရည်အချင်း ရှိချင်မှရှိမယ်။ တပ်မတော်ရဲ့ တာဝန်တွေကို ထမ်းဆောင်နိုင်တဲ့ အရည်အချင်း ရှိချင်မှရှိမယ်။ တိုင်းရင်းသားအဖွဲ့အစည်းတွေက ခေါင်းဆောင်များရဲ့ အရည်အချင်း ရှိချင်မှရှိမယ်။ ဒါပေမယ့် ဒီနိုင်ငံကို ဘာက အကျိုးပေးတယ်၊ ဘာက အကျိုးမပေးဘူးဆိုတာ ရေရှည်မှာ ပြည်သူ ပြည်သားအားလုံး သိကြပါတယ်။ ဒါကြောင့် ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ကူညီထောက်ပံ့မှုနဲ့အတူ လိုအပ်တဲ့ခြေလှမ်းကို လှမ်းစေချင်

ကျွန်မတို့ အချင်းချင်းကြားမှာ အာဃာတတွေ ပိုပြီးပွားများမယ့်ကိစ္စတွေ၊ အမုန်းတရားပွားများမယ့် ကိစ္စတွေ ရှောင်ရှားဖို့ဆိုတာ တစ်ယောက်ချင်း တစ်ယောက်ချင်း တာဝန်ရှိပါတယ်။ တာဝန်အရ လုပ်သင့်လုပ်ထိုက်တာတွေလည်း လုပ်သွားမှာပါပဲ။ တရားဥပဒေစိုးမိုးရေး မူဘောင်အတွင်းက လုပ်သင့်လုပ်ထိုက်တာတွေ လုပ်သွားမှာပါ။ နိုင်ငံသူ နိုင်ငံသားများရဲ့ လုံခြုံရေး၊ နိုင်ငံတည်တံ့ခိုင်မြဲရေးအတွက် လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေကို ကျွန်မတို့ တရားဥပဒေဘောင်အတွင်းက မှန်မှန်ကန်ကန်နဲ့ သတ္တိရှိရှိနဲ့ လုပ်သွားမှာဖြစ်ပါတယ်။ ဒီလိုလုပ်တဲ့နေရာမှာ ပြည်သူကလည်း ဝိုင်းဝန်းပြီး ကျွန်မတို့ကို ထောက်ခံမယ်လို့ ယုံကြည်ပါတယ်။

ဘယ်သူတွေဟာ တကယ်စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို လိုချင်သလဲ၊ ဘယ်သူတွေဟာ ငြိမ်းချမ်းရေးကို တကယ် မလိုလားဘူးဆိုတာဟာ ပြည်သူတွေ မကြာခင်မှာ မြင်ရမှာပါ။ ပြည်သူတွေကလည်း ဒါကို မျက်စိဒေါက်ထောက်ကြည့်နေမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေတဲ့ ကျွန်မတို့နိုင်ငံဟာ ပြည်သူပြည်သားများရဲ့အထင်၊ ပြည်သူ ပြည်သားများရဲ့အမြင်၊ ပြည်သူ ပြည်သားများရဲ့ သုံးသပ်ချက်တွေကို အလေးထားပြီး လုပ်သွားမှာဖြစ်ပါတယ်။ ပြည်သူပြည်သားတွေဟာ အစဉ်အမြဲလုပ်သမျှ မှန်တယ်လို့ မပြောပါဘူး။ အားလုံးဟာ အတိုင်းအတာအချိန်တစ်ခုအထိ တစ်ခဏ လမ်းလွဲပေါ်မှာရောက်ရင် ရောက်သွားမယ်။ ဒါပေမယ့် ထာဝရ အားလုံးဟာလမ်းလွဲပေါ်မှာ ရောက်မှာ မဟုတ်ပါဘူး၊ အကြောင်းကြောင်းမို့လို့ ပြည်သူပြည်သားတွေ နားမလည်တဲ့ကိစ္စတွေရှိရင် ရှင်းလင်းဖို့ ကျွန်မတို့မှာ တာဝန်ရှိပါတယ်။ ဒီတာဝန်အရ အများနားလည်အောင်လို့ ရှင်းလင်းသွားမယ်ဆိုရင် ပြည်သူတွေဟာ မှန်မှန်ကန်ကန်နဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဝန်းရံနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကို မေတ္တာရပ်ခံချင်ပါတယ်။ နာကြည်းချက်တွေ ရှိကောင်းရှိပါလိမ့်မယ်။ ဒါပေမယ့်လည်း အတိတ်ကို ပြန်ပြီးတော့ ကြည့်မနေပါနဲ့။ အတိတ်က သင်ခန်းစာတွေကိုပဲယူပါ။ နောင်ကျရင် ကျွန်မတို့ မျိုးဆက်တွေခံခဲ့ရတဲ့ ဒုက္ခ တွေ၊ သောကတွေကနေ တတ်နိုင်သမျှ နောင်မျိုးဆက်တွေ ကင်းဝေးဖို့အတွက် ကြိုးစားကြပါ။ အကောင်းဆုံးအမွေအနှစ်ကိုလည်း ဒီနိုင်ငံအတွက် ထားခဲ့ပေးပါ။ အကောင်းဆုံးအမွေအနှစ်ဆိုတာကတော့ ငြိမ်းချမ်းရေးပဲဆိုတာ ဘယ်နှခါပဲ ထပ်ပြောပြော လုံလောက်မှာမဟုတ်ဘူးလို့ထင်တာကြောင့် ဒါနဲ့ပဲ နိဂုံးချုပ်ပါရစေ။ ကျွန်မတို့နိုင်ငံရဲ့ နောင်လာနောက်သားတွေအတွက် အကောင်းဆုံးအမွေအနှစ်ဖြစ်တဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် ကိုယ့် အတွင်းမီးတွေကိုလည်း ငြိမ်းပြီးတော့ ဝိုင်းဝန်းပြီး ဆောင်ရွက်ကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကိုချမှတ်ပြီး စစ်မှန်ခိုင်မြဲတဲ့ငြိမ်းချမ်းရေးရရှိစေဖို့ ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်နေ

နေပြည်တော် အောက်တိုဘာ ၁၅

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် နှုတ်ခွန်းဆက်စကား အပြည့်အစုံမှ အောက်ပါအတိုင်း ဖြစ်ပါသည်-

"ဒီကနေ့မှာ အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးမှုများမှတစ်ဆင့် တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ကြဖို့ ရည်ရွယ်ချက်ကို လုပ်ဆောင်ခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ချုပ်ဆိုခဲ့တာ တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ယခုလို ထူးမြတ်တဲ့နေ့ရက်မှာ နှုတ်ခွန်းဆက်စကား ပြောကြားခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အခမ်းအနားကို တက်ရောက်လာကြသူအားလုံး၊ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး ငြိမ်းချမ်းသာယာရှိကြပါစေ"လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ကိုလိုနီအုပ်ချုပ်ရေးစနစ်ရဲ့ဆိုးရွားခါးသီးမှုတွေကိုခံစားခဲ့ရပြီး လွတ်လပ်ရေးပြန်လည်ရရှိချိန်မှာလည်း ဒီဆိုးမွေအဖြစ် အချင်းချင်းစိတ်ဝမ်းကွဲပြားမှုတွေနဲ့အတူ မငြိမ်းချမ်းမှုကိုပါ တစ်ပါတည်း တွေ့ရှိခံစားခဲ့ရပါတယ်။ လွတ်လပ်ရေးရပြီးချိန်ကစပြီး ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ရာမှာ အဖွဲ့အစည်းများစွာ၊ အင်အားစုများစွာနဲ့ နိုင်ငံတကာမှ ကိုယ်စားလှယ်များပါ ပထမဆုံးအကြိမ် ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ ငြိမ်းချမ်းရေးသဘောတူစာချုပ်ဟာ ယခု တစ်နှစ်ပြည့် အခမ်းအနားပြုလုပ်နေတဲ့ NCA ပဲ ဖြစ်ပါတယ်။ ခက်ခက်ခဲခဲ သဘောတူညီချုပ်ဆိုခဲ့တဲ့ NCA စာချုပ်အပေါ် အဖွဲ့အစည်းများအနေနဲ့ ထိန်းထိန်းသိမ်းသိမ်း လိုက်နာအကောင်အထည်ဖော်နိုင်ခဲ့ကြလို့ ကျေးဇူးတင်ရှိကြောင်းကိုလည်း အသိအမှတ်ပြုပြောကြားလိုပါတယ်။ အောက်ခြေမှာ နားလည်မှုလွဲမှားပြီး ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်များကိုလည်း ညှိနှိုင်းလုပ်ဆောင်နိုင်ခဲ့တဲ့အတွက် အခက်အခဲမရှိ ပြီးမြောက်အောင်မြင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒီထက်အခြေအနေ ပိုမိုကောင်းမွန်လာအောင် ဆက်လက်ဆောင်ရွက်နိုင်ကြဖို့ကိုလည်း အကြံပြုတိုက်တွန်းလိုပါတယ်။

နှစ်ပေါင်း ၇၀ နီးပါး သက်တမ်းရှိနေပြီဖြစ်တဲ့ ကျွန်တော်တို့နိုင်ငံရဲ့တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခတွေဟာ နိုင်ငံရေးအရ အဖြေရှာရမယ့် နိုင်ငံရေးပြဿနာဖြစ်တယ်ဆိုတာကို NCAကိုဆွေးနွေးစဉ်က ပါဝင်ခဲ့တဲ့ အင်အားစုအားလုံးက သဘောတူလက်ခံခဲ့ကြတယ်။ ဒီအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတိုင်း ပထမအဆင့်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ချင်းနဲ့ သက်ဆိုင်ရာ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှု ရယူခဲ့ကြတယ်။ ဒုတိယအဆင့်အနေနဲ့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီခဲ့ကြတယ်။ အတိုချုပ်ပြောရရင်တော့ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လ ၈ ရက်နေ့မှာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ ပထမဆုံးအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့တယ်။ အဲဒီကနေ ၂၀၁၄ ခုနှစ် ဧပြီလ ၈ ရက်နေ့မှ နှစ်ဖက်ဆွေးနွေးတင်ပြချက်တွေကို စုစည်းပြီး တစ်ခုတည်းသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA Single Text)ရေးဆွဲခြင်း၊ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ တစ်ခုတည်းသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (မူကြမ်း)ရေးဆွဲခြင်း၊ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့မှာ စာချုပ်ကို အပြီးသတ်ရေးဆွဲခြင်းများ ဆောင်ရွက်နိုင်ခဲ့တယ်။ ဒါတွေကို ထည့်သွင်းပြောကြားရခြင်းဟာလည်း ငြိမ်းချမ်းရေးအတွက် ပြီးစလွယ်၊ အလျင်အမြန် လုပ်ဆောင်ခဲ့တာမဟုတ်ဘဲ ဘယ်လောက်ကြိုးစားလုပ်ကိုင်ခဲ့ရတယ်၊ တွေ့ကြုံရတဲ့ အခက်အခဲတွေကို ကျွန်တော်တို့ရဲ့ ညီညွတ်တဲ့ ပေါင်းစည်းစွမ်းအားများနဲ့ ဘယ်လိုကျော်ဖြတ်ခဲ့ရတယ်ဆိုတာကို အမှတ်ရစေဖို့နဲ့ နောင်ဆက်လက်လုပ်ဆောင်မယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေအတွက် ခွန်အားတွေဖြစ်စေဖို့ ဖြစ်ပါတယ်။

တပ်မတော်ရဲ့အဓိကတာဝန်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးဆိုတာ တိုင်းပြည်ကို လုံခြုံအောင်လုပ်ဖို့၊ ပြည်သူကိုကာကွယ်ဖို့၊ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ဖို့ ဥပဒေနဲ့ညီညွတ်တဲ့ပြည်သူ့ဆန္ဒကို ကာကွယ်ဖို့ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူ့ဆန္ဒကို ဆန့်ကျင်ပြီးလုပ်ဆောင်နေတာမှန်သမျှ အကြောင်းအမျိုးမျိုးပြပြီး ပြည်သူတွေကို ဖိအားပေးနေတာမှန်သမျှကို တပ်မတော်အနေနဲ့ ပြည်သူ့ဘက်ကရပ်တည်ပြီး ကာကွယ်စောင့်ရှောက်သွားရမှာဖြစ်

NCA ကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ကိုယ်စားလှယ်တွေ အကြိမ်ကြိမ်တွေ့ဆုံပြီး ညှိနှိုင်းရေးဆွဲခဲ့ကြတာပါ။ အဲဒီလိုရေးဆွဲရာမှာ အခန်းတစ်ခန်းချင်း၊ ပုဒ်မတစ်ခုချင်း၊ စာပိုဒ်တစ်ပိုဒ်ချင်း၊ စာလုံးအသုံးအနှုန်းတစ်ခုချင်းကို အသေးစိတ် အကျေအလည် ဆွေးနွေးပြီး အားလုံး သဘောတူညီချက်ရပြီးမှသာ ထည့်သွင်းရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ စာချုပ်ကို လက်မှတ်ရေးထိုးတဲ့အခါမှာတော့ သဘောတူညီဆွေးနွေးတဲ့ အဖွဲ့အချို့ အကြောင်းအမျိုးမျိုးကြောင့် ပါဝင်နိုင်ခြင်းမရှိခဲ့ဘဲ အဆင်သင့်ဖြစ်နေတဲ့ အဖွဲ့တွေနဲ့ ကနဦး လက်မှတ်ရေးထိုးခဲ့ရပါတယ်။

ယနေ့ ကျွန်တော်တို့လျှောက်လှမ်းနေတဲ့ ပြည်သူတွေ လိုလားတောင့်တခဲ့တဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာဖို့၊ အောင်မြင်ဖို့ ကျွန်တော်တို့နိုင်ငံရဲ့အခြေခံအကျဆုံးနဲ့ အဓိကအကျဆုံး ပကတိလိုအပ်ချက်က တည်ငြိမ်အေးချမ်းရေးပဲဖြစ်ပါတယ်။ ယခင်တပ်မတော် အစိုးရလက်ထက် ပါတီစုံဒီမိုကရေစီ အခြေခံကောင်းများတည်ဆောက်ရာမှာ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းရေးကိုပါ ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီစနစ် ပထမသက်တမ်းကာလမှာလည်း ရွေးချယ်ခံအစိုးရအနေနဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဖြစ်စဉ်တွေမှာ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ခွဲခြားမရနိုင်ဘဲ အတူယှဉ်တွဲဖြစ်ပေါ်တိုးတက်ရမယ့် လုပ်ငန်းစဉ်အဖြစ်ခံယူပြီး တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီး ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ခဲ့တဲ့အချိန်က စတင်ရေတွက်မယ်ဆိုရင် NCA ကို လက်မှတ်ရေးထိုးခဲ့တဲ့ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့အထိ အချိန်ကာလအားဖြင့် လေးနှစ်ကျော် ကြာမြင့်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူလိုစိတ်နဲ့ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ အဖွဲ့အစည်းအရပ်ရပ်များအကြားမှာ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ သဘောတူညီမှုတွေ ရရှိအောင် စိတ်ရှည်သည်းခံမှုတွေနဲ့ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးညှိနှိုင်းလုပ်ဆောင်ခဲ့ကြတာလည်း ဖြစ်ပါတယ်။

ဒါကြောင့်လည်း လက်မှတ်ရေးထိုးဖို့ ကျန်ရှိနေသေးတဲ့ အဖွဲ့အားလုံးပါဝင်နိုင်ရေးကို ကျွန်တော်တို့အားလုံး ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။ သူတို့အတွက်လည်း တံခါးဖွင့်ပြီး ကမ်းလှမ်းကြိုဆိုနေပါတယ်။ သူတို့ကိုယ်တိုင် ပါဝင်ဆွေးနွေးညှိနှိုင်းသဘောတူခဲ့တဲ့ အချက်များအပေါ် အုတ်မြစ်ချထားတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်တဲ့အတွက် ဒီဖြစ်စဉ်ကို အကောင်အထည်ဖော်ရာမှာ သူတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်လာခြင်းဖြင့် သူတို့ရဲ့ဆန္ဒတွေကိုပါ ထင်ဟပ်စေမှာဖြစ်ပါတယ်။ NCA စာချုပ်ဟာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်လို့ အမည်တွင်ပေမယ့် စာချုပ်ထဲမှာပါဝင်ခဲ့တဲ့ သဘောတူညီချက်တွေဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုတာထက် ပိုမိုကျယ်ပြန့်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားနိုင်ငံရေးလိုအပ်ချက်၊ အမျိုးသားအကျိုးစီးပွားဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို စာချုပ်ရဲ့အခန်း(၁)နဲ့ အခန်း(၅)တို့မှာ လေးလေးနက်နက် သဘောတူညီ အာမခံထားတာကို ထင်ရှားစွာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်

တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ရှေးနှစ်ပေါင်းများစွာကတည်းက စုစည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းရှိ မည်သည့်တိုင်းဒေသကြီး၊ ပြည်နယ်မှာမဆို တိုင်းရင်းသားလူမျိုးစုတစ်စုတည်း သီးသန့်နေထိုင်တာမဟုတ်ဘဲ လူမျိုးပေါင်းစုံပေါင်းစည်းနေထိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ သာဓကအားဖြင့် ၂၀၁၄ ခုနှစ် လူဦးရေစာရင်းအရ ကချင်ပြည်နယ်မှာဆိုရင် လူဦးရေ ၁၆ သိန်းကျော် ပျံ့နှံ့နေထိုင်လျက်ရှိပြီး လူဦးရေအချိုးမှာ ဗမာ ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ ရှမ်း ၂၃ ဒသမ ၆ ရာခိုင်နှုန်း၊ ဂျိမ်းဖော ၁၈ ဒသမ ၉၇ ရာခိုင်နှုန်း၊ လီဆူ ၇ ရာခိုင်နှုန်း၊ ရဝမ် ၅ ဒသမ ၅ ရာခိုင်နှုန်း၊ လော်ဝေါ် ၃ ဒသမ ၃၃ ရာခိုင်နှုန်း၊ လာချိတ် ၂ ဒသမ ၈၉ ရာခိုင်နှုန်း၊ ဇိုက်ဝါး ၁ ဒသမ ၅၇ ရာခိုင်နှုန်းနဲ့ ကျန်တိုင်းရင်းသားများအနေနဲ့ ၈ ရာခိုင်နှုန်းခန့် ရောနှောနေထိုင်တာကို တွေ့ရှိရပါတယ်။ ကယားပြည်နယ်မှာဆိုရင် လူဦးရေ နှစ်သိန်းခြောက်သောင်းကျော် ပျံ့နှံ့နေထိုင်လျက်ရှိပြီး လူဦးရေအချိုးမှာ ကယား ၅၉ ဒသမ ၄၅ ရာခိုင်နှုန်း၊ ရှမ်း ၁၆ ဒသမ ၀၅ ရာခိုင်နှုန်း၊ ဗမာ ၁၅ ဒသမ ၄၄ ရာခိုင်နှုန်း၊ ကရင် ၇ ဒသမ ၀၄ ရာခိုင်နှုန်းနဲ့ ကျန်တိုင်းရင်းသားများအနေနဲ့ ၂ ဒသမ ၀၂ ရာခိုင်နှုန်း ရောနှောနေထိုင်ကြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ပြည်နယ်ကြီးတစ်ခုဖြစ်တဲ့ ရှမ်းပြည်နယ်မှာဆိုရင် လူဦးရေ ၅၈ သိန်းကျော် ပျံ့နှံ့နေထိုင်လျက်ရှိပြီး လူဦးရေအချိုးမှာ ရှမ်း ၃၅ ဒသမ ၂၃ ရာခိုင်နှုန်း၊ ဗမာ ၁၁ ဒသမ ၄၄ ရာခိုင်နှုန်း၊ ပအိုဝ်း ၈ ဒသမ ၉၄ ရာခိုင်နှုန်း၊ ပလောင် ၇ ဒသမ ၀၆ ရာခိုင်နှုန်း၊ "ဝ" ၆ ဒသမ ၄၁ ရာခိုင်နှုန်း၊ ဓနု ၄ ဒသမ ၄၆ ရာခိုင်နှုန်း၊ ကိုးကန့် ၃ ဒသမ ၂၂ ရာခိုင်နှုန်း၊ လားဟူ ၄ ဒသမ ၀၅ ရာခိုင်နှုန်း ဂျိမ်းဖော ၂ ဒသမ ၃၅ ရာခိုင်နှုန်းနဲ့ ကျန်တိုင်းရင်းသားများအနေနဲ့ ၁၆ ဒသမ ၈၄ ရာခိုင်နှုန်း ရောနှောနေထိုင်ကြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အဓိကတိုင်းရင်းသားလူမျိုးကြီး ရှစ်မျိုးလို့ဆိုသော်လည်း တိုင်းရင်းသားမျိုးနွယ်စုများအနေနဲ့ ၁၃၀ ကျော်ခန့်ရှိပါတယ်။ အချို့တိုင်းရင်းသားတွေက လူဦးရေများပြားပြီး အချို့တိုင်းရင်းသားတွေကတော့ လူဦးရေနည်းပါးပါတယ်။ ပြည်နယ်အကြီးအသေး ကွဲပြားခြားနားခြင်း၊ လူဦးရေနဲ့ မျိုးနွယ်စုကွဲပြားခြားနားခြင်းများရှိပေမယ့် တိုင်းရင်သားအားလုံးရရှိခံစားရတဲ့ အခွင့်အရေးကတော့ တန်းတူညီမျှရှိပြီး ဘယ်သူ့ကိုမှ ပိုပေးထားတာမရှိပါဘူး။ ဒီမိုကရေစီဆိုရာမှာ လူများစုရဲ့ဆန္ဒကို ဥပဒေနဲ့အညီ လိုက်နာဆောင်ရွက်ရမှာဖြစ်သလို လူနည်းစုရဲ့ဆန္ဒကိုလည်း လေးစားရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် လုပ်ပိုင်ခွင့်အာဏာခွဲဝေရာမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ -၁၈၈၊ နောက်ဆက်တွဲဇယား (၂) ဥပဒေပြုစာရင်းအရ ညီတူမျှတူခွဲဝေပေးထားတာကို တွေ့ရမှာဖြစ်သလို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက်လည်း ဇယား(၃) မှာ ပြဋ္ဌာန်းပေးထားပါတယ်။ ဒါတွေဟာ ဖက်ဒရယ်စနစ်ကို အခြေခံထားတယ်ဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီလုပ်ပိုင်ခွင့်အာဏာ၊ အခွင့်အလမ်းတွေကို ပြည့်ပြည့်ဝဝခံစားနိုင်ဖို့အတွက် တိုင်းရင်းသားများအနေနဲ့ လွှတ်တော်အဆင့်ဆင့်ကနေ ဥပဒေပြုခြင်းနည်းလမ်းများအတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီကျင့်စဉ်ဖြစ်ပါတယ်။

ဒီလိုအခွင့်အရေး၊ အခွင့်အလမ်းတွေကို မျက်ကွယ်ပြုပြီး လက်နက်ကိုင်ဖြတ်လမ်းနည်းနဲ့ အခွင့်အရေးရယူလိုခြင်းဟာ ပြည်သူ့ဆန္ဒနဲ့ ဆန့်ကျင်ဘက်ဖြစ်ကြောင်း ပြောလိုပါတယ်။ တပ်မတော်ရဲ့အဓိကတာဝန်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးဆိုတာ တိုင်းပြည်ကို လုံခြုံအောင်လုပ်ဖို့၊ ပြည်သူကိုကာကွယ်ဖို့၊ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ဖို့ ဥပဒေနဲ့ညီညွတ်တဲ့ပြည်သူ့ဆန္ဒကို ကာကွယ်ဖို့ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူ့ဆန္ဒကိုဆန့်ကျင်ပြီး လုပ်ဆောင်နေတာမှန်သမျှ အကြောင်းအမျိုးမျိုးပြပြီး ပြည်သူတွေကို ဖိအားပေးနေတာမှန်သမျှကို တပ်မတော်အနေနဲ့ ပြည်သူ့ဘက်ကရပ်တည်ပြီး ကာကွယ်စောင့်ရှောက်သွားရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာမှာ စနစ်တကျအဆင့်လိုက်၊ အစီအစဉ်တကျ ဆောင်ရွက်သွားမှ ခိုင်မာမှုရှိမှာ ဖြစ်ပါတယ်။ နိုင်ငံရေးဆိုတာ ဖြစ်ချင်တာထက် ဖြစ်နိုင်တာ ဖြစ်သင့်တာကို ဦးစားပေးလုပ်ကိုင်ရခြင်း (Art of Possible) ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာမှာလည်း ဖြစ်ချင်တာထက်၊ ဖြစ်နိုင်တာတွေ၊ ဖြစ်သင့်တာတွေ ဦးစားပေးဆောင်ရွက်မှ ကျွန်တော်တို့ ရည်မှန်းထားတဲ့ တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးကို အချိန်အတိုင်းအတာတစ်ခုအတွင်း ရရှိမှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ဖို့ တည်ငြိမ်အေးချမ်းမှု မဖြစ်မနေလိုအပ်ပါမယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ တည်ငြိမ်အေးချမ်းမှုအတွက် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခတွေ ချုပ်ငြိမ်းရပါမယ်။ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့ဆိုရင် နိုင်ငံတကာမှာ ပြုလုပ်နေတဲ့ လုပ်ငန်းစဉ်များနဲ့အညီ အဆင့်ဆင့် မပျက်မကွက် ပြုလုပ်ရပါမယ်။ ဒီနေ့ ကျွန်တော်တို့ ပြောဆိုနေတဲ့ NCA စာချုပ်ဆိုတာဟာ လုပ်ငန်းစဉ်များရဲ့အစကနဦး အခြေခံမျှသာ ဖြစ်ပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုတွေ မရပ်စဲဘဲ လုပ်နေတဲ့ တွေ့ဆုံမှုတွေ၊ ဆွေးနွေးပွဲတွေဟာ သံသယစိတ်တွေ၊ မယုံကြည်စိတ်တွေ၊ အခက်အခဲအနည်းငယ်ရှိတာနဲ့ လက်နက်ကိုင်လမ်းစဉ်ကိုသာ ပြန်လည်ငဲ့စောင်းသွားလိုတဲ့ စိတ်တွေနဲ့ ပြည့်နှက်နေမှာ အမှန်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ တိုင်းရင်းသားများ၏ ရိုးသားမှုအပေါ်မှာ အခြေခံပြီး ယုံကြည်မှုထားခဲ့တာဖြစ်လို့ ဒါကို ခိုင်မာအောင် ဆက်လက်လုပ်ဆောင်နိုင်ရေးနဲ့ ကတိကဝတ် တည်ရှိရေးဟာ အလွန်အရေးကြီးပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့ဟာ ဒီမိုကရေစီကို လက်ခံတယ်ဆိုရင် ဒီမိုကရေစီရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ လက်နက်ကိုင်လမ်းစဉ်အပေါ် အစွဲအလမ်းကို ဖြတ်တောက်ပစ်ဖို့ လိုမှာဖြစ်ပါတယ်။ ဒါကို ဖြတ်တောက်ပစ်ဖို့ ကျွန်တော်တို့မှာ အင်အားစုတော်တော်များများ သဘောတူညီထားတဲ့ NCA ဆိုတဲ့ စာချုပ်ရှိနေပြီဖြစ်ပါတယ်။ စာချုပ်ထဲမှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို သာမက ရှေ့ဆက်လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေကိုပါ တိတိကျကျဖော်ပြထားတာ တွေ့ရမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် တပ်မတော်အနေနဲ့လည်း ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ကို ချမှတ်ပြီး စစ်မှန် ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး ရရှိစေဖို့ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ တပ်မတော်ရဲ့ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဟာ ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှု သမိုင်းတွေက ရရှိလာတဲ့ တပ်မတော်ရဲ့"အသိတရား" ဖြစ်သလို လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှုကို ခိုင်မြဲစေဖို့ "အရှိတရား" လည်း ဖြစ်ပါတယ်။ တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်နဲ့ NCA စာချုပ်ဟာ လက်နက်ကိုင်လမ်းစဉ်မှသည် ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးမှသည် ဖက်ဒရယ်စနစ်ကို အခြေခံသည့် စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုဖြစ်စေဖို့ လမ်းခင်းပေးထားပါတယ်။ မည်သည့်အင်အားစုကိုမှ အကျပ်အတည်း၊ အခက်အခဲမတွေ့စေဘဲ ပြည်သူလူထုရဲ့အကျိုးစီးပွား၊ ပြည်ထောင်စုရဲ့ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မယ့် ပြည်ထောင်စုရဲ့ ထွက်ရပ်လမ်းလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို လေးစားလိုက်နာပြီး NCA စာချုပ်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လက်မှတ်ရေးထိုးစေဖို့ ရှေးရှုတိုက်တွန်းနေရခြင်း ဖြစ်ပါတယ်။

NCA စာချုပ် လက်မှတ်ရေးထိုးခြင်းရဲ့ အကျိုးရလဒ်အနေနဲ့ အဲဒီဒေသမှာ လက်မှတ်ရေးထိုးပြီးချိန်ကစပြီး တိုက်ပွဲတွေမရှိတော့ဘဲ နယ်မြေအေးချမ်းသွားတာတွေ၊ ဒေသခံပြည်သူလူထု စိတ်ချလက်ချ ကူးသန်းသွားလာ အသက်မွေးဝမ်းကျောင်းပြုလာနိုင်တာကို နှစ်ဖက်တပ်ဖွဲ့များအကြား ခိုင်မာတဲ့ယုံကြည်မှု တည်ဆောက်နိုင်ခြင်းတို့အပေါ်မှာ ကြည့်ပြီး သက်သေပြနိုင်ပါတယ်။ ဒါ့ကြောင့် NCA ကို လက်မှတ်ရေးထိုးဖို့ ကျန်ရှိနေတဲ့ အဖွဲ့များအနေဖြင့်လည်း

စာမျက်နှာ ၆ သို့

နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး လမ်းပြမြေပုံ

၁။ နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ခြင်း။
၂။ နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်ပြင်ဆင်ခြင်း။
၃။ ပြင်ဆင်အတည်ပြုပြီးဖြစ်သော နိုင်ငံရေးဆွေးနွေးမှု မူဘောင်နှင့်အညီ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁) ရာစုပင်လုံကျင်းပခြင်း။
၄။ ၂၁ ရာစုပင်လုံညီလာခံ ရလဒ်များအား စုစည်း၍ ပြည်ထောင်စုသဘောတူညီချက် 21st Century Panglon Conference Agreement လက်မှတ်ရေးထိုးခြင်း။
၅။ ပြည်ထောင်စုသဘောတူညီချက်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးသားခြင်း၊ အတည်ပြုခြင်း။
၆။ ပြင်ဆင်ရေးသားအတည်ပြုပြီးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများ ကျင်းပခြင်း။
၇။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်နှင့်အညီ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ခြင်း။

နိုင်ငံတော်၏ ပြောင်းလဲလာသော အခြေအနေများနှင့်အညီ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြင်ဆင်ရေးဆွဲရေး ဆောင်ရွက်လျက်ရှိ

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်အခမ်းအနား၏ ထုတ်ပြန်ကြေညာချက်

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ငြိမ်းချမ်းရေးကြိုးပမ်းမှု၏ အဓိကသမိုင်းမှတ်တိုင်တစ်ခု ဖြစ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agrement-NCA) ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့တွင် နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါသည်။

၂။ စာချုပ်မူကြမ်းကို စတင်ညှိနှိုင်းစဉ်က နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (၁၇)ဖွဲ့မှ ကိုယ်စားလှယ်များ ပါဝင်ညှိနှိုင်းခဲ့ကြပြီး ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် မူကြမ်းအဆင့်အား နိုင်ငံတော်သမ္မတထံ အပ်နှံခဲ့ပြီး နောက် ဩဂုတ်လ (၇)ရက်နေ့တွင် လော်ခီးလာညီလာခံမှ မူချောအဖြစ် ထပ်မံ အတည်ပြုနိုင်ခဲ့ကြပါသည်။ (၁၇)လအကြာ ညှိနှိုင်းဆွေးနွေးမှုများအပြီး အခန်း (၇)ခန်းနှင့် အချက်အကြီး (၃၃)ချက်ပါ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၈)ဖွဲ့တို့အကြား နိုင်ငံတကာနှင့် ပြည်တွင်းသက်သေများရှေ့မှောက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါသည်။ အားလုံးပါဝင်ညှိနှိုင်းပြုစုထားသည့် NCA သဘောတူစာချုပ်သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ပြည်ထောင်စုလွှတ်တော်က တရားဝင်၊ ကန့်ကွက်သူမရှိ အတည်ပြုပေးလိုက်သည့်နောက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံးအတွက် သမိုင်းဝင်အခြေခံအုတ်မြစ်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

၃။ NCA လက်မှတ်ရေးထိုးခဲ့သည့် တစ်နှစ်တာအတွင်း စာချုပ်ပါအချက်များကို အတိုင်းအတာတစ်ခုအထိ သက်ဆိုင်သူများအားလုံးမှ ကြိုးစားအကောင်အထည် ဖော်ခဲ့ကြပါသည်။ စိတ်ရှည်သည်းခံမှု၊ အပြန်အလှန်နားလည်မှု၊ လေးစားမှုတို့ကို အခြေခံ၍ ရရှိခဲ့သည့် ယုံကြည်မှုကို အရင်းအနှီးပြုကာ NCA ကို ထိန်းသိမ်းလျက် ငြိမ်းချမ်းရေးလုပ်ငန်းများ ပူးတွဲအကောင်အထည်ဖော်မှုတို့ကို တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းလုပ်ဆောင်လျက်ရှိပါသည်။

၄။ NCA ပါ စစ်ဘက်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များကို ထိထိရောက်ရောက် လိုက်နာမှုရှိစေရန် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)ကို ဖွဲ့စည်းပြီး စောင့်ကြည့် ကြီးကြပ်ရေးလုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။

၅။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံးကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံရေးလမ်းပြမြေပုံတစ်ခုကိုလည်း NCA တွင် သဘောတူညီခဲ့ကြသည့်အလျောက် ပါဝင်သင့်၊ ပါဝင်ထိုက်သူအားလုံးပါဝင်မည့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေး အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ကို ဖွဲ့စည်း ကာ အကောင်အထည်ဖော်လျက်ရှိပါသည်။ ရလဒ်အဖြစ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တစ်ခုကိုရေးဆွဲ၍ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီးကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်နေ့မှ (၁၆)ရက်နေ့အထိ ကျင်းပနိုင်ခဲ့ပါသည်။

၆။ နိုင်ငံတော်၏ ပြောင်းလဲလာသော အခြေအနေများနှင့် အညီ နိုင်ငံရေးဆွေးနွေး မှုဆိုင်ရာ မူဘောင်ပြင်ဆင်ရေးဆွဲရေး ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့မှ စက်တင်ဘာလ (၃)ရက်နေ့အထိ အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ခဲ့ပါသည်။ ၎င်း ညီလာခံတွင် အားလုံးပါဝင်တက်ရောက်နိုင်ခဲ့ကြပြီး လွတ်လပ်စွာဆွေးနွေးတင်ပြနိုင် ခဲ့ကြပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံမှတစ်ဆင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပရေးအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ပေါက်မြောက်စေရန်အတွက် နောက်ထပ် သမိုင်းစာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်လိုက်ခြင်းလည်း ဖြစ်ပါသည်။

၇။ NCA ပြဋ္ဌာန်းချက်များကို စောင့်ထိန်းလိုက်နာခြင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲ များကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာဆွေးနွေးအဖြေရှာခြင်းအားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလမ်းကြောင်း ပေါ်သို့ လျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။ NCA သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေးသာမက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအပေါ် စောင့်ကြည့်၍ ညှိနှိုင်းဖြေရှင်းသည့် လုပ်ငန်းစဉ်များကို သဘောတူညီခြင်းဖြစ်သည့်အပြင် နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်း စဉ်များအတွက်ပါ နှစ်ဦးနှစ်ဖက်အကြား အာမခံချက်များ ထားရှိခြင်းဖြစ်ပါသည်။ NCA ပါ အချက်များသည် အင်အားစုများအကြား ညှိနှိုင်းသဘောတူညီထားသော ငြိမ်းချမ်းရေးအခြေခံ အုတ်မြစ်ဖြစ်သည့်အတွက် ၎င်းအချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးသည် အနာဂတ်ပြည်ထောင်စုအတွက် အရေးပါသော ခြေလှမ်းများဖြစ်ပါလိမ့်မည်။ NCA ပါ လုပ်ငန်းများကို ပူးပေါင်းအကောင်အထည် ဖော်ခြင်းဖြင့် ပဋိပက္ခဖြေရှင်းရေးကို အခြေခံသည့် ရေရှည်တည်တံ့သော ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်အသစ်တစ်ရပ်ကို တည်ဆောက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲများ၏ ရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်မည်ဖြစ်ပါသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အနှစ်ချုပ်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အနှစ်ချုပ်

၁။ ဤသဘောတူစာချုပ်သည် တစ်နိုင်ငံလုံးအတိုင်းအတာဆောင်သော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည် ဖော်မှုကို ဦးတည်၍ သဘောတူစာချုပ် ချုပ်ဆိုသော စာချုပ်ဖြစ်သည်နှင့်အညီ ပြည်ထောင်စုတစ်ဝန်းလုံးတွင် အကျိုး သက်ရောက်မှုရှိသည်။

၂။ ဤသဘောတူစာချုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း များအကြား ယခင်က ချုပ်ဆိုခဲ့သော သဘောတူညီချက်များအား ထပ်လောင်းအသိအမှတ်ပြုခြင်း၊ ပိုမိုခိုင်မာစေခြင်း၊ ထပ်ဆင့် အတည်ပြုခြင်း ဖြစ်ပြီး အခန်း(၇)ခန်းနှင့် အပိုဒ်ပေါင်း (၃၃)ပိုဒ်ပါရှိပါသည်။

၃။ ဤသဘောတူစာချုပ်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကိုအခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့် အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွား ရန် ရည်ရွယ်ပါသည်။

၄။ ထို့အပြင် နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှု အသစ်တစ်ရပ်ထူထောင်ပြီး တန်းတူရည်တူအခွင့်အရေးရရှိမည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရန် သဘောတူကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကို အခြေခံသည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်သင့်သူအားလုံး ပါဝင်သွားရန် သဘောတူကြသည်။

၅။ အပစ်အခတ်ရပ်စဲရေးကို ခိုင်ခိုင်မာမာအကောင်အထည်ဖော်နိုင်ရန် နှစ်ဖက်လိုက်နာရမည့် တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များ နှင့် ပြည်သူလူထုကို အကာအကွယ်ပေးရေးအတွက် လိုအပ်သည့်အချက်များကိုလည်း စာချုပ်တွင် အသေးစိတ်ဖော်ပြထားသည်။ ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ်ခံစားရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးနိုင်ရေးကို နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရန် သဘောတူကြပါသည်။

၆။ သဘောတူညီထားသော စစ်ဘက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များကို ထိထိရောက်ရောက် လိုက်နာမှုရှိစေရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို ဖွဲ့စည်းပြီး စောင့်ကြည့် ကြီးကြပ်ရေးလုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

၇။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံးကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံရေးလမ်းပြမြေပုံတစ်ခုကိုလည်း သဘောတူညီခဲ့ကြပါသည်။ ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်မည့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီကို ဖွဲ့စည်း၍ အကောင်အထည်ဖော်မည်ဖြစ်ပါသည်။ ထိုပူးတွဲ ကော်မတီက နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ရေးဆွဲ၍ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

၈။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ယုံကြည်မှုတည်ဆောက်နိုင်စေရန်အလို့ငှာ မတရားအသင်းအဖြစ် ကြေညာထားသော အဖွဲ့အစည်းများကို မတရားအသင်းစာရင်းမှ ပယ်ဖျက်ရန် သဘောတူညီခဲ့သည့်အလျောက် ဤစာချုပ်ကို လက်မှတ်ရေးထိုး သော အဖွဲ့အစည်းများကို အစိုးရက မတရားအသင်းအဖြစ်မှ ပယ်ဖျက်ခဲ့ပါသည်။

၉။ ထို့အပြင် လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့နှင့်သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် မိမိတို့အဖွဲ့အစည်း၏ အတိုင်းအတာ အရ တာဝန်ယူနေကြသော အဖွဲ့အစည်းများဖြစ်ကြသည့် အားလျော်စွာ အပစ်အခတ်ရပ်စဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပအကောင်အထည်ဖော်နေသည့်ကာလအတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေး၊ ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများအတွက် နှစ်ဖက် မှ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါသည်။

၁၀။ ဤစာချုပ်သည် နိုင်ငံတော်အကြီးအကဲများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များက လက်မှတ်ရေးထိုးပြီးသည့်အချိန်မှ စတင်၍ အသက်ဝင်မည်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဖော်ဆောင်မည့် ပြည်ထောင်စု မြန်မာနိုင်ငံ၏ သမိုင်းဝင် သဘောတူစာချုပ်ဖြစ်ပါသည်။

စာမျက်နှာ ၅ မှ

နမူနာကောင်းအဖြစ် ရယူသင့်တယ်လို့ တိုက်တွန်းပြောကြား လိုပါတယ်။

ပြည်သူတွေ လိုလားတောင့်တနေတဲ့ ပါတီစုံဒီမိုကရေစီ စနစ်ကို လျှောက်လှမ်းရာမှာ ဒီမိုကရေစီကျင့်စဉ်များနဲ့အညီ လျှောက်လှမ်းဖို့ လိုအပ်ပါတယ်။ အဖွဲ့အစည်းအသီးသီးရဲ့ လိုအင်ဆန္ဒတွေကို ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းနည်းများဖြင့် အဖြေရှာရမှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်နိုင်ဖို့အတွက်လည်း တံခါးအားလုံးကိုဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ ဖွင့်ထားတဲ့ တံခါး ပေါက်တွေကို လျစ်လျူရှုပြီး လက်နက်စွဲကိုင်အခွင့်အရေး တောင်းဆိုခြင်းဟာ ဒီမိုကရေစီရဲ့ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ ဒီလိုတောင်းဆိုမှုတွေဟာ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်း စဉ်တွေကို ပျက်စီးစေပြီး ပြည်ထောင်စုကို အဆိုးကျော့ သံသရာ လည်စေမှာဖြစ်လို့ သက်ဆိုင်ရာအဖွဲ့အစည်းများအနေနဲ့ သေချာ သုံးသပ်ဖို့လိုအပ်ပါကြောင်း အသိပေးပြောကြားလိုပါတယ်။

၂၀၁၅ ခုနှစ်၊ ပြည်သူ့ရွေးကောက်ခံအစိုးရအနေနဲ့လည်း ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ်ဩဂုတ်လ ၃၁ ရက်နေ့မှာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံကို ကျင်းပခဲ့ပါတယ်။ အင်အားစု အသီးသီးရဲ့ သဘောထားဆန္ဒသဘောထားတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနိုင်ခဲ့သလို တစ်နိုင်ငံလုံးရှိ ပြည်သူ လူထုကိုလည်း ပွင့်လင်းမြင်သာစေခဲ့ပါတယ်။ တိုင်းပြည်ရဲ့ အင်အားဟာ ပြည်တွင်းမှာသာရှိပါတယ်။ အဲဒီအင်အားများ နဲ့အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက် ရာမှာ NCA ကို အခြေခံပြီးဆောင်ရွက်မယ်လို့လည်း အခြေခံ မူအဖြစ် ထုတ်ဖော်ပြသနိုင်ခဲ့ပါတယ်။ သို့သော် ဒါကို အကောင် အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ငြိမ်းချမ်းရေးလုပ်ငန်း စဉ် ကြာမြင့်လာသည်နှင့်အမျှ ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ဆုံးရှုံးမှုတွေ၊ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်ရေး နောက်ကျ မှုတွေရှိလာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်နဲ့ တိုင်းရင်း သားများရဲ့အကျိုးကို ရှေးရှုပြီး NCA လက်မှတ်ရေးထိုးခြင်း မှတစ်ဆင့် ငြိမ်းချမ်းရေးညီလာခံကြီးကို အချိန်မဆွဲဘဲ ဆောလျင် စွာ ပြီးစီးအောင် ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ဒီ NCA စာချုပ်ဟာ အစိုးရတစ်ရပ်တည်းရဲ့ သဘောထားအမြင်၊ တပ်မတော်ရဲ့သဘောထားအမြင်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တစ်ဖွဲ့ရဲ့သဘောထားအမြင်မဟုတ်ဘဲ NCA စာချုပ်ထဲမှာ ပါဝင်တဲ့ သဘောတူညီချက်အားလုံးနီးပါးဟာ တိုင်းရင်း သားလက်နက်ကိုင်များဘက်က တင်ပြချက်များအပေါ် အခြေခံပြီး နိုင်ငံတော်ဘက်က ညှိနှိုင်းဆောင်ရွက်ခဲ့တာဖြစ်ပါ တယ်။ NCA ကို လက်မှတ်ရေးထိုးခြင်းမရှိဘဲ NCA စာချုပ် ပါ ကိစ္စရပ်များကို ကျော်လွန်ပြီး အမျိုးသားအဆင့်ဆွေးနွေး ပွဲများသို့ သွားနိုင်ရန်ကြိုးစားနေခြင်းဟာ မဖြစ်သင့်ပါဘူး။ ကျွန်တော်တို့ ဘာတွေလုပ်ခဲ့ကြတယ်။ ဘယ်လို သဘောထား တွေရှိခဲ့ကြတယ်။ ငြိမ်းချမ်းရေးကို ဘယ်လို ဖော်ဆောင်ခဲ့ကြ တယ်ဆိုတာကို သမိုင်းက သက်သေခံပါလိမ့်မယ်။ အနာဂတ် မျိုးဆက်သစ်များကလည်း ဒီငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းကို လေ့လာတဲ့အခါမှာ ကျွန်တော်တို့ ဟာသူတို့အတွက်ငြိမ်းချမ်း သာယာခိုင်မာတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ထောင် ခဲ့ကြသူများအဖြစ် အတုယူနိုင်ကြစေဖို့ ဒီ NCA စာချုပ်ကို ဆက်လက်အကောင်အထည်ဖော် ပူးပေါင်းပါဝင်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ် လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

တည်ငြိမ်အေးချမ်းသဟဇာတရှိပြီး ငြိမ်းချမ်းတဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုသစ်ကို အတူတကွ တည်ဆောက်ကြပါစို့

ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး

နေပြည်တော် အောက်တိုဘာ ၁၅

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး ပြောကြားသည့် နှုတ်ခွန်းဆက်စကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

လေးစားအပ်ပါသော နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြတဲ့ နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်နာယကနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံတကာသံရုံးများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ NCA လက်မှတ်ရေးထိုးခြင်းတွင် ပါဝင်သော ပြည်တွင်းနဲ့ နိုင်ငံတကာမှ အသိသက်သေများ၊ ယခင်အစိုးရမှ ဖွဲ့စည်းထားပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အုတ်မြစ်ချပေးခဲ့ကြတဲ့ UPCC၊ UPWC၊ MPC တို့မှ ကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားခြင်းခံထားရတဲ့ ပြည်တွင်း၊ ပြည်ပ ဧည့်သည်တော်များနဲ့ ဒီအခမ်းအနားဖြစ်မြောက်ရေးအတွက် ပူးတွဲဆောင်ရွက်ခဲ့ကြတဲ့ နှစ်ဖက်သော ခေါင်းဆောင်ကိုယ်စားလှယ်များ၊ အလုပ်အဖွဲ့များ၊ အထောက်အကူပြုသူများအားလုံးနဲ့ သတင်းမီဒီယာများကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။

ဒီနေ့လို သမိုင်းဝင် NCA လက်မှတ်ရေးထိုးပြီးခဲ့တဲ့ တစ်နှစ်ပြည့်ဂုဏ်ပြုအခမ်းအနားမှာ ကျွန်တော့်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ကိုယ်စား အဖွင့်မိန့်ခွန်းပြောကြားခွင့်ပြုတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်၊ ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ပထဝီနိုင်ငံရေးအရရော၊ ဒေသတွင်း တည်ငြိမ်ရေးမှာရော အရေးပါတဲ့နေရာမှာရှိနေတဲ့ ကျွန်တော်တို့နိုင်ငံမှာ နည်းမှန်လမ်းမှန်နဲ့ အဘက်ဘက်က တည်ငြိမ်အောင် လုပ်နိုင်ရေးကြိုးစားကြရာမှာ NCA ဟာ အဓိကနေရာမှာ ရှိနေပါတယ်။ NCA ကို အခြေခံပြီး စစ်မှန်တဲ့ငြိမ်းချမ်းရေးရရှိဖို့ နိုင်ငံရေးအရအဖြေရှာရာမှာ ကျွန်တော်တို့ EAOs တွေ အတူတကွ ပါဝင်နိုင်ခြင်းအတွက် ကျွန်တော်တို့အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ပြီးဒါဟာ ကျွန်တော်တို့ အတူတကွပိုင်ဆိုင်တဲ့ နိုင်ငံကို ပြန်လည်တည်ဆောက်ရေးအတွက် ပူးပေါင်းတာဝန်ယူ ဂုဏ်ယူကြရမှာ ဖြစ်ပါတယ်။ တစ်ခါတည်းမှာပဲ အတွေးအခေါ်၊ အယူအဆနဲ့ ခံယူချက်ကအစ အနှစ်သာရအရပါဝင်တဲ့ ဒီမိုကရေစီဖက်ဒရယ်ဆိုင်ရာ ပြည်ထောင်စုတည်ဆောက်ရေးကို ရှေးရှုဖို့လိုအပ်ပါတယ်။ ဒီနေ့ရရှိခဲ့ကြတဲ့ နိုင်ငံတကာရဲ့ ထောက်ခံမှု၊ နိုင်ငံတကာရဲ့ ဖြေလျှော့မှုတွေနဲ့ ပတ်သက်ရင် NCA နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အဓိကကျတဲ့ ဒေါက်တိုင်တစ်ခုအဖြစ် ပါဝင်နေပါတယ်။ နိုင်ငံတကာက သူတို့ပံ့ပိုးနိုင်တဲ့ အပိုင်းကို တာဝန်ဝိုင်းယူကြတယ်ဆိုပေမယ့် အနှစ်သာရပါတဲ့ ပြောင်းလဲဖြစ်ထွန်းမှုအတွက် ကျွန်တော်တို့အားလုံး ဘယ်လောက် အားစိုက်ထုတ်ကြမယ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအပေါ် ဘယ်လောက်လေးနက်မှုရှိတဲ့ ဘယ်လိုလုပ်ငန်း၊ ယန္တရားတွေကို အတူတကွ ချမှတ်အကောင်အထည်ဖော်ကြမယ်ဆိုတာ NCA ရဲ့ ခိုင်မာမှုအပေါ်မှာ မူတည်တာဖြစ်ပါတယ်။

NCA ရဲ့ အနှစ်သာရတစ်ခုဖြစ်တဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်ကို လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်ဖို့ ကြိုးစားနေတဲ့ နေရာမှာသော်လည်းကောင်း၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ညှိနှိုင်းအဖြေရှာရာမှာ သော်လည်းကောင်း၊ အင်အားသုံးတဲ့ကိစ္စတွေကို ရှောင်လွှဲဖို့လိုမှာ ဖြစ်ပါတယ်။ ဖြတ်သန်းခဲ့ကြရတဲ့ ခေတ်ကာလနဲ့ မတူညီကြတဲ့ သင်ခန်းစာများရဲ့ လွှမ်းမိုးမှုကနေ ရုန်းထွက်နိုင်ဖို့ တိကျတဲ့ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မူဝါဒတွေကို ဖော်ထုတ်ပြီး အကောင်အထည်ဖော်ကြဖို့ တောင်းဆိုလိုပါတယ်။ ဥပမာ-လက်ရှိ မြောက်ပိုင်းဒေသတွေမှာ ဖြစ်ပွားနေတဲ့ စစ်ရေးပဋိပက္ခများကို အမြန်ဆုံးရပ်စဲဖို့ လိုတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ စစ်မှန်တဲ့ ပြုပြင်ပြောင်းလဲမှု ဖြစ်ပေါ်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းတဲ့နေရာမှာ ပြည်သူလူထုတွေပါဝင်မှသာ အားလုံးပါဝင်တဲ့ ပြုပြင်ပြောင်းလဲမှုလမ်းကြောင်းဟာ ပိုပြီးပေါ်လွင်လာမှာဖြစ်ပါတယ်။ အောင်လည်း အောင်မြင်နိုင်ပါတယ်။

NCA အနှစ်သာရဖြစ်တဲ့ တန်းတူရည်တူ ဆက်ဆံခြင်း၊ ပူးတွဲအကောင်အထည်ဖော်ခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း စတာတွေကို ပါဝင်လက်မှတ်ရေးထိုးသူများ၏ အဆင့်တိုင်းက သိရှိ၊ နားလည်၊ လက်ခံပြီး ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ဒီအနှစ်သာရကနေ မတိမ်းမစောင်းဘဲ အကောင်အထည်ဖော်ကြဖို့လိုပါမယ်။

မတော်တဆဖြစ်တဲ့ ထိတွေ့မှုတွေကို နားလည်နိုင်ပေမယ့် ရည်ရွယ်ချက်ရှိတဲ့ ထိတွေ့မှုမဖြစ်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။ NCA ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှုအပေါ် နားလည်မှုတူညီကြဖို့ နှစ်ဖက်ခေါင်းဆောင်တွေမှာ တာဝန်ရှိပြီး ကြိုးစားကြရမှာ ဖြစ်ပါတယ်။

NCA မှာ သဘောတူညီထားကြပြီး အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်ပြီး အကောင်အထည်မဖော်နိုင်သေးတဲ့အပိုင်းတွေအတွက် နှစ်ဖက်က လေးလေးနက်နက်ထားပြီး ဆက်လက်ညှိနှိုင်း အကောင်အထည်ဖော်ဖို့ကိုလည်း တိုက်တွန်းလိုပါတယ်။

တစ်နှစ်တာကာလအတွင်း NCA နှင့်အညီ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို စတင်ပြုလုပ်နိုင်ခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပနိုင်ခြင်းတို့ကြောင့် နိုင်ငံတကာ၏ အသိအမှတ်ပြုမှု၊ သံတမန်ရေးထောက်ခံမှုတွေ ရရှိနေသော်လည်း NCA အကောင်အထည်ဖော်မှုတွေမှာ အားနည်းမှုတွေ ရှိနေသေးတယ်ဆိုတာ သတိပြုဖို့ လိုအပ်ပါတယ်။

NCA ပြဋ္ဌာန်းချက်များနဲ့အညီ နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်ဖို့ စိုင်းပြင်းနေကြတာဟာ နိုင်ငံပြန်လည်တည်ဆောက်ဖို့အတွက်ဖြစ်ပေမယ့် NCA လက်မှတ်ရေးထိုးဖက်တွေအကြား Dialogue Space ကို ပိုမိုခိုင်မာအောင် ဆက်လက်တည်ဆောက်ထားဖို့ တိုက်တွန်းလိုပါတယ်။ ဖွဲ့စည်းထားခဲ့ကြတဲ့ Joint Committee တွေဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်တဲ့ နှစ်ဖက်ကခေါင်းဆောင်များအကြား Dialogue Space ဖြစ်ပေမယ့် အဓိပ္ပာယ်ပြည့်ဝသော နိုင်ငံရေးဆွေးနွေးမှုမျိုး လိုအပ်ကြောင်း ထောက်ပြလိုပါတယ်။

ပြည်ထောင်စုအဆင့်မှာ Dialogue Space အတော်အတန်ရှိသော်လည်းပဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်တွေမှာ NCA အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်တဲ့ ကဏ္ဍတိုင်းမှာ Dialogue Space ဖန်တီးနိုင်မှုအားနည်းနေပါသေးတယ်။ ဒါကြောင့် Elite Peace Process ပုံစံကဲ့သို့ ဖြစ်နေတဲ့အခြေအနေကို Inclusive Peace Process ဖြစ်စေဖို့ ကြိုးပမ်းသွားရမှာ ဖြစ်ပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှင်သန်ဖွံ့ဖြိုးရေးအတွက် အသက်တမျှ အရေးကြီးပါတယ်။ ဒါကြောင့် NCA လက်မှတ်ရေးထိုးခြင်းမရှိသေးတဲ့ ညီနောင်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ ပါဝင်လက်မှတ်ရေးထိုးနိုင်အောင် လမ်းဖွင့်ပေးရာမှာလည်း နိုင်ငံတော်အစိုးရနဲ့ တပ်မတော်ဘက်မှ သဘောထားကြီးပြီး မူဝါဒဆိုင်ရာမှာ ဖြေလျှော့မှုအချို့ ပြုလုပ်ခြင်း၊ အင်အားသုံးတိုက်ခိုက်မှုတွေကို ရပ်ဆိုင်းထားခြင်းတို့ကို ပြုလုပ်ပေးဖို့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကိုယ်စား ကျွန်တော့်အနေနဲ့ အလေးအနက်တောင်းဆိုလိုပါတယ်။

မိမိတို့ NCA လက်မှတ်ရေးထိုးထားခဲ့ကြတဲ့ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား စာချုပ်ရဲ့အနှစ်သာရကို အပြန်အလှန် လိုက်နာပြီး အသိအမှတ်ပြုမှု၊ ပူးတွဲကောင်အထည်ဖော်မှု ဖြစ်စဉ်အရ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ပြည်သူလူထုတောင့်တနေသော ငြိမ်းချမ်းရေးကို အခိုင်အမာတည်ဆောက်နိုင်ရန် နှစ်ဖက်ကြားမှာ အပေးအယူ အလျှော့အတင်း ပြုလုပ်နိုင်ကြဖို့လည်း လိုအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ NCA ပြဋ္ဌာန်းချက်များနဲ့အညီ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းပြီး အင်အားသုံးရေးကို ရှောင်ရှားတဲ့နည်းလမ်းကို လက်တွေ့အကောင်အထည်ဖော်ဖို့အတွက် ဒီတစ်နှစ်ပြည့် အခမ်းအနားမှာ ထပ်မံကတိပြုရင်း အာရှဒေသမှာသာမက နိုင်ငံတကာမှာပါ ဂုဏ်သိက္ခာ ပြန်လည်မြင့်တက်လာမယ့် တည်ငြိမ်အေးချမ်းသဟဇာတရှိပြီး ငြိမ်းချမ်းတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသစ်ကို အတူတကွ တည်ဆောက်ကြပါစို့လို့ သန္နိဋ္ဌာန်ပြုရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၅

ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယအကြိမ် အစည်းအဝေးကျင်းပစဉ် (သတင်းစဉ်)

ငြိမ်းချမ်းရေးကော်မရှင် (Peace Commission)နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN)တို့၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင် (Peace Commission) ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက နိုင်ငံတော်သမ္မတမှစ၍ တာဝန်ရှိသူအားလုံးသည် ငြိမ်းချမ်းရေးကို အလေးထားလျက်ရှိပြီး ပြည်သူအားလုံးကလည်း စိတ်ဝင်စားလျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်သည့်အတွက် တစ်ဖက်နှင့်တစ်ဖက် မကြာခဏတွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားပါက ခရီးရောက်မည်ဟု ယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းမှုမရှိ၍ အမှန်တကယ်ခံစားနေရသည့် အပြစ်မဲ့ပြည်သူများအတွက် အားလုံးက ဝိုင်းဝန်းစဉ်းစားပေးကြစေလိုကြောင်း၊ ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အားလုံးလက်ခံနိုင်သည့်အဖြေကို ရှာပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN) ခေါင်းဆောင် ခူဦးရယ်က စိတ်ရင်းစေတနာ သဘောထားမှန်ကန်စွာဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သင့်ပါကြောင်း၊ ပြဿနာများကို ဖြေရှင်းရာတွင် အချိန်လိုအပ်သည်မှာ မှန်ကန်သော်လည်း အချိန်ဆွဲ၍ဆောင်ရွက်ခြင်းကို မလုပ်သင့်ပါကြောင်း၊ အပြန်အလှန်နားလည်ယုံကြည်မှုရှိရှိဖြင့် တွေ့ဆုံညှိနှိုင်းအဖြေရှာပြီး ဆောင်ရွက်သွားသင့်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအကြံပေးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ လေ့လာသူများအဖြစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)၊ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)တို့မှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင် အဖွဲ့အစည်းများ၏ အဆိုပြုချက်ကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ငြိမ်းချမ်းရေးရမှသာလျှင် နိုင်ငံ၏ အနာဂတ်ပိုပြီး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်

တွေ့ဆုံမေးမြန်း - တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မောင်မွှေး

အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးမှုများမှတစ်ဆင့် တည်တံ့ခိုင်မြဲသော ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ရည်ရွယ်လုပ်ဆောင်ခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ချုပ်ဆိုခဲ့သည်မှာ ယနေ့ဆိုလျှင် တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အဆိုပါတစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-I) တွင် ကျင်းပပြုလုပ်ခဲ့သည်။

NCA ၏ တစ်နှစ်တာကာလအတွင်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ၊ လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားလိုသည့် အခြေအနေများနှင့်ပတ်သက်ပြီး တာဝန်ရှိသူများနှင့် တက်ရောက်လာသူတချို့၏ သဘောထားအမြင်များကို ဖော်ပြလိုက်ပါသည်။

ပဒိုစောကွယ်ထူးဝင်း
ကရင်အမျိုးသားအစည်းအရုံး (KNU)
အထွေထွေအတွင်းရေးမှူး

ဒီနေ့မှာဆို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အခုမှ တစ်နှစ်ပဲရှိသေးတာပါ။ ဒေသအလိုက် အပစ်အခတ်ရပ်စဲရေးလုပ်တာကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းထဲမှာတော့ တူညီတဲ့ အနေအထား မရှိဘူးပေ့ါ။ အချိန်ကာလတော့ မတူဘူးပေ့ါ။ သို့သော်လည်း အပစ်အခတ်ရပ်စဲရေး လုပ်ပြီးတဲ့နောက်ပိုင်းမှာ ပြည်သူတွေရဲ့ အေးချမ်းသာယာနေထိုင်မှုကတော့ ပိုမိုမြင့်မားလာတယ်လို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့ သဘောတူလက်မှတ်ရေးထိုးတာ တစ်နှစ်ပဲရှိပါသေးတယ်။ စာချုပ်ရဲ့ သဘောတူညီချက်ရယ်၊ ပြဋ္ဌာန်းချက်က ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်စဲပြီးတော့ ပစ်ခတ်တိုက်ခိုက်မှုတွေမရှိအောင် ပိုမိုခိုင်မာတဲ့ ဆောင်ရွက်မှုတွေ လုပ်ခဲ့ပါတယ်။

နိုင်ငံရေးတွေ့ဆုံဆွေးနွေးဖို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ ပူးတွဲကော်မတီကို ဖွဲ့စည်းပြီးပြီ။ နောက် ပြည်ထောင်စုငြိမ်းချမ်းရေး ၂၁ ရာစုပင်လုံကလည်း အောင်အောင်မြင်မြင် ကျင်းပခဲ့ပြီးပြီ။ ပြီးရင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပမှာဖြစ်တယ်။ ကျွန်တော်ပြောချင်တာကတော့ ဆက်လက်ဆောင်ရွက်စရာတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် စာချုပ်ပါပြဋ္ဌာန်းချက်အတိုင်း ကျွန်တော်တို့ ကြိုးစားပြီးတော့ အကောင်အထည်ဖော်နေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခဖြစ်လာတာ လွတ်လပ်ရေးရပြီးကတည်းက ဖြစ်တယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကလည်း သူ့ရဲ့ နိုင်ငံရေးမျှော်မှန်း ချက်၊ သူ့ရဲ့ ရပ်တည်ချက်မတူညီတဲ့အပေါ်မှာ ပစ်ခတ်ရပ်စဲမှုမှာ ပါလာဖို့အတွက် ဒီ NCA အပေါ်မှာ အကုန်လုံးတော့ပါမလာနိုင်ဘူး။ အကုန်လုံးပါလာနိုင်ဖို့ အတွက် ကျွန်တော်တို့က မျှော်လင့်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့ တိုင်းပြည်အတွင်းမှာ ရှိနေတဲ့ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းသွားမှာ ဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေရှိတဲ့ ဒေသတိုင်းမှာအများဆုံးရင်ဆိုင်နေရတာ ပြည်သူလူထုတွေဖြစ်တဲ့အတွက် သူတို့တစ်တွေပါလာဖို့ကလည်း အရေးကြီးပါတယ်။ ဒီလိုပါလာနိုင်ဖို့အတွက် အစိုးရဘက်ကရော၊ လက်မှတ်ရေးထိုးတဲ့ အဖွဲ့ကပါ ကြိုးစားဆောင်ရွက်နေပါတယ်။

ဒါပေမယ့် NCA ပါတဲ့ သဘောတူညီချက်၊ ပြဋ္ဌာန်းချက်ကို ဆက်ပြီးအကောင်အထည်ဖော်မယ်။ Local အဆင့်မှာဖွဲ့လို့မရပေမယ့် State အဆင့်မှာ ချင်းပြည်နယ်ကလွဲပြီး ကျန်တဲ့State တွေမှာ အကုန်လုံးဖွဲ့လို့ရတယ်။ အတိုင်းအတာတစ်ခုအထိတော့ NCA လက်မှတ်ရေးထိုးရင်းနဲ့ တိုက်ခိုက်မှုတော့ လျော့ကျသွားပါတယ်။ တချို့ဒေသတွေမှာ ဖြစ်နေတာကတော့ အကြောင်းအမျိုးမျိုးကြောင့်ပေ့ါ။ နောက်ပြီးတော့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးဖို့အတွက်လည်း ကျွန်တော်တို့ ပြင်ဆင်မှုတွေက လွန်ခဲ့တဲ့ညီလာခံပြီးတဲ့နောက်ပိုင်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဆက်တက်နိုင်ဖို့လည်း ဆောင်ရွက်နိုင်တယ်လို့ ပြောလို့ရပါတယ်။ NCA ကို အကောင်အထည်ဖော်ဖို့ဆိုတာက အကုန်လုံးပါဝင်ဖို့အတွက် ၂၁ ရာစု ပင်လုံမှာထားတဲ့ ရည်ရွယ်ချက်အတိုင်းပေါ့။ အားလုံးပါဝင်သင့် ပါဝင်ထိုက်သူတွေပါဝင်ပြီး ငြိမ်းချမ်းရေးတစ်ခုကို ပူးပေါင်းနိုင်ဖို့ဖြစ်တယ်။ ဆိုလိုတာက အစိုးရကို NCAမှာ လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေက တာဝန်အရှိဆုံးဖြစ်ပါတယ်။

လက်မှတ်မရေးထိုးထားတဲ့ အဖွဲ့တွေမှာလည်း တာဝန်ရှိပါတယ်။ အဓိက ကတော့ အခက်အခဲတွေ ဘယ်လောက်ပဲရှိရှိ ဆန္ဒရှိဖို့ပဲလိုအပ်တာပါ။ ဖြတ်သန်းရတဲ့ အတွေ့အကြုံကလည်း နှစ်ပေါင်း ၆၀ ကျော်ဆိုတော့ ဒီမနက်မှာ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုယ့်ရဲ့ မာနတွေ၊ ဒေါသတွေ ဒါတွေကို ပစ်ပယ်ပြီးတော့ အနာဂတ်အတွက် ဘယ်လိုဆက်လျှောက်ရမယ်။ အနာဂတ်အတွက် အသက်ရှင်တာက အတိတ်မှာ အသက်ရှင်တာထက် ပိုကောင်းတယ်လို့ပြောခဲ့တယ်။ ရှေ့ဆက်ပြီးတော့ ဘယ်လိုကောင်းအောင်လုပ်မယ်လို့ ဆိုလိုတာပါ။ ငြိမ်းချမ်းရေးတော့ တစ်နိုင်ငံလုံးက လိုလားနေကြပါတယ်။ ဒါဆို ကျွန်တော်တို့ ဘာလို့ တည်ဆောက်လို့မရရမှာလဲ။ ကျွန်တော်တို့ ယုံကြည်မှုအပြည့်အဝနဲ့သွားရမယ်။ တဖြည်းဖြည်းချင်းတော့ အောင်မြင်မှုရရှိမှာပါ။

စိုင်းကျော်ညွန့်
ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်
တွဲဖက်အတွင်းရေးမှူး(၂)

ကျွန်တော့်အတွေ့အကြုံပြောရရင် အောင်မြင်မှုဆိုတဲ့အပိုင်းမှာ ကြီးကြီးမားမားအောင်မြင်မှုတော့မရှိသေးဘူး။ တိုးတက်မှုတော့ အတိုင်းအတာတစ်ခုအထိ ရှိတယ်လို့ပြောလို့ရတယ်။ အဓိကလိုအပ်ချက်က ဘာလဲဆိုရင် ယုံကြည်မှုတည်ဆောက်နိုင်ဖို့ပါ။ ယုံကြည်မှုဆိုတာက လက်မှတ်

မရေးထိုးထားတဲ့အဖွဲ့တွေကို သွားပြီးတော့ တိုက်ပွဲတွေ ဖြစ်နေတာတွေရှိတယ်။ ဒီတိုက်ပွဲတွေ ရပ်တန့်ဖို့လိုတယ်။ အဲ့ဒီကျမှာသာလျှင် ယုံကြည်မှုဆိုတာ ရှိလာမှာဖြစ်ပါတယ်။ တစ်ဖက်ကနေပြီး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနေကြတယ်။ NCAမှာ ပါဝင်လာဖို့အတွက်ဆွေးနွေးညှိနှိုင်းနေကြတယ်။ တစ်ဖက်မှာ တိုက်ပွဲတွေပြန်ပြီး ဖြစ်ပွားနေမယ်ဆိုရင် ဒါဟာ သိပ်တော့အဆင်မပြေဘူး။ ယုံကြည်မှုကျဆင်းတာလို့ ပြောလို့ရပါတယ်။

ဆက်လက်ဆောင်ရွက်သွားမယ့် အပိုင်းအနေနဲ့ ပြောရရင် ကျွန်တော်တို့ ကြားသိသလောက်တော့ ဒီညနေပိုင်းက အစိုးရနဲ့ UNFC တို့ရဲ့ နိုင်ငံရေးဆွေးနွေးမှု ကိုယ်စားလှယ်အဖွဲ့တွေ တွေ့ဆုံဆွေးနွေးမှုကလည်း အဖြေ ကောင်းတစ်ခုထွက်ဖို့ မျှော်လင့်ပါတယ်။ အဲဒီကိစ္စပြီးရင် ရန်ကုန်မှာ အောက်တိုဘာ ၁၈၊ ၁၉ ရက်မှာ မူဘောင်ပြန်လည်သုံးသပ်တဲ့ပွဲလည်းရှိပါတယ်။ အဲ့ဒီသုံးသပ်တဲ့ပွဲမှာလည်း DPN အနေနဲ့ ပါဝင်လာဖို့မျှော်လင့်တယ်။ ဒီသုံးသပ်ပွဲပြီးမှသာလျှင် ကျွန်တော်တို့က UPDJC တွေ ခေါ်ပြီးတော့ မူဘောင်သုံးသပ်တဲ့နေရာမှာ ရရှိလာတဲ့ရလဒ်အချို့ကို အတည်ပြုနိုင်မှာဖြစ်ပါတယ်။ အဲ့ဒီအတည်ပြုတဲ့ရလဒ်တွေအတိုင်း ရှေ့ကိုဘယ်လိုဆက်သွားမယ်ဆိုတဲ့ကိစ္စတွေ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဲ့တော့ ကျွန်တော်တို့အနေနဲ့ အကောင်းဆုံးတော့ မျှော်လင့်ထားပါတယ်။

ဒီနေ့ အခမ်းအနားမှာ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်လည်း ဝန်ခံသွားတာရှိတယ်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်မှု ရပ်စဲရေးဆိုပေမယ့် အားလုံးမပါဝင်လာနိုင်သေးဘူးဆိုတာ အစိုးရကိုယ်စားပြောသွားတာရှိတယ်။ အစိုးရအနေနဲ့ အားလုံးပါလာစေချင်တဲ့အပိုင်းကို အဓိကထားပြောသွားတာလည်းရှိပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့လည်း NCA ဆိုတာက တပ်မတော်တစ်ခုတည်း လုပ်ထားတာမဟုတ်ဘူး။ လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အစည်းတွေရော၊ လက်မှတ်မရေးထိုးတဲ့ အဖွဲ့အစည်းတွေပါ အားလုံးပူးပေါင်းဆွေးနွေးပြီးတော့ ထုတ်ခဲ့တဲ့ အဖြေဖြစ်တယ်။ ဒီအပေါ်မှာ အားလုံးက ဒီထက်ပိုပြီးတော့ အရှေ့တစ်ခုရွှေ့အောင် တိုက်တွန်းပြောသွားတာလည်းရှိတယ်။ တိုင်းရင်းသားလက်နက်ကိုင်ဘက်ကနေ ကေအင်န်ယူဥက္ကဋ္ဌ ပြောသွားတာက တိုက်ပွဲတွေ ရပ်တန့်ပေးဖို့လိုတဲ့ အကြောင်းပါ။ နှစ်ဦးနှစ်ဖက် ယုံကြည်မှုရပြီးတော့မှ နိုင်ငံရေးရှေ့ဆက်သွားဖို့ ပိုအဆင်ပြေမယ်လို့ သူတို့သုံးသပ်ကြတာဖြစ်တယ်။ ဒါကတော့ မှန်ကန်ပါတယ်။ တိုက်ပွဲတွေရပ်တန့်ဖို့ဆိုတာက တကယ်အရေးကြီးဆုံးဖြစ်နေပါတယ်။ ယုံကြည်မှုတည်ဆောက်ခြင်းရဲ့ ရှေ့ပြေးနိမိတ်တွေပါ။ တစ်ဖက်မှာ ဆွေးနွေးနေတယ်။ တစ်ဖက်မှာ သွားတိုက်နေတယ်ပုံစံဆိုရင် ယုံကြည်မှုကျသွားနိုင်တာပေ့ါ။ မတည်ဆောက်နိုင်ဘူး။ ယုံကြည်မှုတွေ မတည်ဆောက်နိုင်ဘူးဆိုရင် ကျွန်တော်တို့ သွားမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က နှောင့်နှေးနိုင်ပါတယ်။ ဒါကတော့ ပြည်သူတွေအနေနဲ့ စိတ်ရှည်သည်းခံဖို့တော့လိုမယ်လို့ ပြောချင်ပါတယ်။

ဦးလှမောင်ရွှေ
MPC အထူးအကြံပေး

NCA ကတော့ လွယ်လွယ်ကူကူနဲ့ ရခဲ့တာမဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ အခက်အခဲတစ်ခုက သဘောတူတဲ့အနေနဲ့ လက်မှတ်ထိုးတဲ့အခါမှာ လက်မှတ်ထိုးတဲ့အဖွဲ့အစည်းက ရှစ်ဖွဲ့ပဲပါခဲ့တယ်။ အရင်အစိုးရမှာ ရှစ်ဖွဲ့ပါခဲ့တာ။ အခု အစိုးရမှာလည်း ဆက်လက်ကြိုးစားနေတယ်။ လက်မှတ်ထိုးထားတဲ့အဖွဲ့မှာ တစ်နှစ်တာကာလအတွင်း၌ ခုနစ်ဖွဲ့နဲ့ တိုက်ပွဲလုံးဝမရှိခဲ့ပါဘူး။ တစ်ဖွဲ့နဲ့တော့ တိုက်ပွဲအနည်းငယ်ရှိခဲ့တယ်။ ငါးကြိမ်ရှိခဲ့တယ်လို့ JMC ရဲ့ မှတ်တမ်းတွေမှာ တွေ့ရပါတယ်။ ကျန်တဲ့ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေတော့ ပဋိပက္ခတွေရှိနေဆဲပါ။ ကျွန်တော့်အမြင်ပြောရရင် ဒီလိုမျိုးပဋိပက္ခတွေ လျှော့ချဖို့ တစ်ဖက်နဲ့တစ်ဖက် စားပွဲဝိုင်းမှာဆွေးနွေးပြီးတော့ ယုံကြည်မှု တည်ဆောက်ဖို့လိုတယ်။ အဲ့ဒီနည်းနဲ့ သွားနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားနေတယ်။ အခုလည်း အဲ့ဒီအတိုင်းပဲ ဆက်လက်ပြီးဆောင်ရွက်နေဆဲဖြစ်ပါတယ်။ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေထဲမှာ UNFC ရဲ့ခုနစ်ဖွဲ့ကိုလည်း ဖိတ်ခဲ့ပါတယ်။ ‘ဝ’ နဲ့ မိုင်းလားလည်း ကျွန်တော်တို့ ဖိတ်ခဲ့ပါတယ်။

အကြောင်းကြောင်းကြောင့် တက်ရောက်နိုင်တာမတွေ့ပါဘူး။ ဒါပေမယ့် ဒီနေ့မွန်းလွဲပိုင်းက အစိုးရနဲ့ UNFC ရဲ့ကိုယ်စားလှယ်တွေ နေပြည်တော်မှာ ဆက်လက်တွေ့ဆုံဆွေးနွေးခဲ့တယ်။ ဒါကြောင့် ဒီလုပ်ငန်းက ကျွန်တော်တို့ ဆက်ပြီးသွားရမယ်။ စားပွဲဝိုင်းမှာဆက်ပြီး ညှိနှိုင်းဖို့လိုမယ်။ ကျွန်တော့် ထင်မြင်ချက်ကတော့ အားလုံးပါဖို့ဆိုတာက ယုံကြည်မှုတည်ဆောက်ဖို့လိုတယ်။ နောက်ပြီး ကျွန်တော့်အတွေ့အကြုံအရ KNU ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးရတဲ့သမိုင်းနဲ့ အတူတူပဲ တော်လှန်ရေးလုပ်ခဲ့တယ်။ စုစုပေါင်း ၆၂ နှစ်ကြာတဲ့အချိန်ကျမှ အပစ်အခတ်ရပ်စဲရေးကို လုပ်နိုင်ခဲ့တယ်။ ဒါပေမယ့် အဲဒီအပစ်အခတ်ရပ်စဲရေးလုပ်ပြီးတဲ့ တစ်နှစ်အတွင်းမှာ KNU နဲ့ တပ်မတော်နဲ့ ထိတွေ့မှုလုံးဝမရှိပါဘူး။ အဓိကကတော့ ယုံကြည်မှုရှိဖို့လိုပါတယ်။ နောက်တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်သဘောတူညီချက်တွေကို လေးစားလိုက်နာဖို့ လိုပါတယ်။

ဦးကြည်ဝင်း
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

NCA ရဲ့တစ်နှစ်ပြည့်ကို သုံးသပ်ပြောရရင် အောင်မြင်မှုအထိုက်အလျောက်ရှိတယ်။ လိုအပ်တာတစ်ခုအနေနဲ့က စာချုပ်ထဲကအတိုင်းဆိုရင် အပစ်အခတ်တွေ ရပ်စဲထားဖို့တော့ လိုတာပေ့ါ။ စာချုပ်အရပြောတာပါ။ လိုအပ်ချက်တွေများပေမယ့် တစ်ဦးချင်း၊ လူတိုင်းလူတိုင်း ငြိမ်းချမ်းရေးကို လိုချင်တဲ့ဆန္ဒမရှိဘဲနဲ့ ကိုယ့်အတ္တတွေပါနေတဲ့အတွက် အလုပ်ကမဖြစ်ဘူးဖြစ်နေတယ်။ တိုင်းပြည်အတွက် ငြိမ်းချမ်းရေးကိုလိုချင်တဲ့ ဆန္ဒပြင်းပြဖို့မလိုဘူး။ အခုဟာက အတ္တတွေ၊ ကိုယ်ကျိုးစီးပွားတွေပါနေကြတာ။ ကျွန်တော်တို့ရဲ့

ခေါင်းဆောင် နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်က ဒါကိုပဲပြောချင်တာ။ တတ်နိုင်သလောက်ကိုယ်ကျိုးကို ဘေးဖယ်ပြီးတော့ တိုင်းပြည်အတွက်လုပ်ပါလို့ ဒီလိုပြောတာ။ လတ်တလော နိုင်ငံတွင်ဖြစ်ပွားနေတာ တိုက်ခိုက်မှုတွေကလည်း အကြောင်းအမျိုးမျိုးကြောင့်ဖြစ်နေကြတာ။ ဘာကြောင့်ဆိုတာကတော့ ကျွန်တော်တို့လည်း မပြောပြတတ်ဘူး။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဆောင်ရွက်နေကြတဲ့အချိန်မှာ တစ်ဖက်မှာလည်း ဖြစ်နိုင်ရင်တော့ တိုက်ခိုက်မှုတွေရပ်တန့်ပြီး ပြည်သူတွေ ငြိမ်းချမ်းစေချင်ပါတယ်။

ဦးခွန်မောင်သောင်း
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဒီနေ့ နိုင်ငံတော်အကြီးအကဲတွေ ပြောသွားတာတွေကို နားထောင်ကြည့်တဲ့အခါ တကယ့်ကိုရင်ထဲ၊ အသည်းထဲကကိုပါလာတဲ့ စကားလုံးတွေသုံးပြီးပြောသွားတာ တွေ့ရတယ်။ ဒါတွေဟာ ဒီငြိမ်းချမ်းရေးလုပ်ငန်းနဲ့ပတ်သက်ပြီး တကယ့်ကိုလိုချင်တဲ့ဆန္ဒတွေပြင်းပြတယ်။ ငြိမ်းချမ်းရေးရမှသာလျှင် နိုင်ငံရဲ့အနာဂတ်မှာလည်း ပိုပြီးဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတာကိုလည်း ပြောသွားတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် ဒီငြိမ်းချမ်းရေးလုပ်ငန်းနဲ့ ပတ်သက်လာရင် အနည်းနဲ့အများတော့ အောင်မြင်မှုရနိုင်တယ်လို့ပဲမြင်တယ်။ နောက်တစ်ချက်က ပြီးခဲ့တဲ့အတိတ်ကာလတုန်းက ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာ နာကြည်းချက်တွေကို ဘေးဖယ်ပြီးတော့ နိုင်ငံအတွက် ကောင်းရာကောင်းကျိုးတွေကို ဘယ်လိုကောင်းအောင်ဆောင်ရွက်ကြမယ်ဆိုတဲ့ အနေအထားမျိုးလေးတွေကိုတော့ လမ်းညွှန်မီးမောင်းထိုးပြသွားတာကို တွေ့ရတယ်။ ဒီနေရာမှာ သတိပြုရမယ့်အနေအထားက ပြီးခဲ့တဲ့ အတိတ်သမိုင်းမှာ ခါးသီးမှုတွေရှိခဲ့ပေမယ့်လည်း လာမယ့်အနာဂတ်မှာ တိုင်းပြည်အတွက် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ အောင်အောင်မြင်မြင် ဖြစ်နိုင်ဖို့အတွက် တိုင်းရင်းသားတွေအပေါ်၊ နိုင်ငံသားတွေအပေါ်မှာ ရသင့်ရထိုက်တဲ့ နိုင်ငံသားရဲ့ အခွင့်အရေး

တွေရနိုင်မှသာလျှင် ပိုပြီးတော့ တစ်ဦးနဲ့တစ်ဦးကလည်း ယုံကြည်မှုတွေ ရရှိလာမှာဖြစ်ပါတယ်။

နှစ်ပေါင်း ၇၀ နီးပါးဖြစ်ခဲ့တဲ့ မငြိမ်သက်မှုတွေကို အချိန်ကာလတိုတိုနဲ့တော့ လုပ်လို့ရမှာမဟုတ်ဘူး။ တဖြည်းဖြည်းနဲ့တော့ ယုံကြည်မှုတည်ဆောက်တဲ့ အပိုင်းတွေ၊ တကယ့်စိတ်ရင်းစေတနာကောင်းနဲ့ အကောင်အထည်ဖော်တည်ဆောက်တဲ့အပိုင်းတွေပေါ်မူတည်ပြီး တစ်ဆင့်ချင်းသွားရဖို့ ရှိပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်တွေ ဆက်လက်ဆောင်ရွက်သွားမယ့် အခြေအနေကတော့ NCA စာချုပ်မှာရေးထိုးတဲ့ အချက်အလက်တွေမူတည်ပြီးတော့မှ ဆက်သွားရမှာဖြစ်ပါတယ်။ မူဘောင်က ရှိနေပြီဖြစ်တယ်။ ဒီပေါ်မှာ လိုအပ်တာလေးတွေ အားလုံးက စိတ်တူကိုယ်တူနဲ့ ပြုပြင်သွားကြဖို့ကလည်း အရေးကြီးပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရဲ့အနေနဲ့ပြောရရင် ဒါတွေဟာ ဖြစ်တတ်တဲ့သဘောသဘာဝပါ။ မြန်မာနိုင်ငံမှာတင် မဟုတ်ပါဘူး။ နိုင်ငံတကာတွေမှာလည်း ဖြစ်တတ်ပါတယ်။ တချို့လည်း တိုက်ရင်းနဲ့ပဲ ငြိမ်းချမ်းရေးတွေ တည်ဆောက်သွားတာရှိတယ်။ နောက်ပြီး အပစ်အခတ်ရပ်စဲထားပြီးတော့မှ ငြိမ်းချမ်းရေးတည်ဆောက်သွားတာတွေလည်းရှိပါတယ်။ ဒီနေရာလေးတွေ ကွဲလွဲမှုအယူအဆလေးတွေတော့ အနည်းငယ်ရှိတတ်ပါတယ်။ သို့သော်လည်း တွေးခေါ်တဲ့ အနေအထားက ဦးတည်ချက်တစ်ခုတည်းကိုသာထားပြီး အဲ့ဒီဦးတည်ချက်တစ်ခုပေါ်ကသာ သွားကြမယ်ဆိုရင် အခြေအနေတွေက တဖြည်းဖြည်းနဲ့တော့ ကောင်းလာမှာပါ။

သီတင်းကျွတ် လပြည့် (အဖိတ်နေ့)တွင် ရွှေတိဂုံစေတီတော် ရာဟုအောင်မြေထောင့်တွင် ဆီမီးပူဇော်သူများက ဆုတောင်းမှုများ၊ ကြည်ညိုမှုများ၊ အမျှပေးဝေမှုများ ပြုလုပ်ပူဇော်ကြစဉ်
ဓာတ်ပုံ - ဇော်မင်းလတ်

၁၄၇ လမ်းမိသားစု စာရေးတံမဲလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ၁၄၇ လမ်း မိသားစုတို့၏ ပဉ္စမအကြိမ်မြောက် စာရေးတံမဲလှူဒါန်းပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီက ၁၄၇ လမ်းရှိ သံသရာအေးဓမ္မာရုံ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် တာမွေမြို့နယ်အတွင်းရှိ သီရိမင်္ဂလာကျောင်းတိုက်၊ ဓမ္မာလင်္ကာရကျောင်းတိုက်၊ သာသနဇောတိပါလကျောင်းတိုက်၊ ဆုထူးပန်စာသင်တိုက်၊ ဇေယျမင်္ဂလာ ကျောက်မြောင်းကျောင်းတိုက်နှင့် ဗားကရာကျောင်းတိုက်တို့မှ ပင့်သံဃာတော် ၈၂ ပါးတို့အား စာရေးတံမဲဖြင့် သံဃာတော်အသုံးအဆောင်များ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များ နေအိမ်များ၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **ကိုချစ်**

အကြိမ်(၄၀)မြောက် သွေးလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၅

အကြိမ်(၄၀)မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ရာ (၃၉)ကြိမ်မြောက် သွေးလှူရှင် ဂုဏ်ပြုပွဲနောက်ပိုင်း အကြိမ်(၄၀)နှင့် အကြိမ်(၄၀)အထက် သွေးလှူရှင်များသည် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းမှစတင်၍ မိမိတို့၏ သွေးလှူရှင်ကတ်အပြည့်အစုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင်၍ ဗဟိုအမျိုးသားသွေးဌာနသို့ နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအတွင်း လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဖွဲ့စည်း

တောင်ငူ အောက်တိုဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၁၄ ရက်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က JMC-S ဖွဲ့စည်းရာတွင် ရေရှည်တည်တံ့အောင် တည်ဆောက်သွားရန် ငြိမ်းချမ်းသည့်ပတ်ဝန်းကျင်ကို ဖန်တီးဆောင်ရွက်ရန်၊ တစ်ဖက်နှင့်တစ်ဖက်နားလည်မှုများဖြင့် တည်ဆောက်သွားရန် ဖွဲ့စည်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးက ဖြစ်လာသည့်ပြဿနာများကို လက်နက်နှင့်မဖြေရှင်းဘဲ တွေ့ဆုံသည့်နည်းဖြင့် ဖြေရှင်းဆောင်ရွက်သွားရန် နှုတ်ခွန်းဆက်စကားပြောကြားပြီး JMC-U ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးက JMC လုပ်ငန်းစဉ်သည် ဒေသခံများပါဝင်ရန်၊ ပြည်သူများသည် အကာအကွယ်ရသည့် လုပ်ငန်းဖြစ်ကြသည်ကို ယုံကြည်ရန်၊ နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်၊ ကျွန်တော်တို့ လိုလားနေသည့် ဖက်ဒရယ်စနစ်ဖြစ်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်းကြရန်နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဖွဲ့စည်းရာတွင် အဖွဲ့ဝင် ၁၄ ဦးကို ဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအလိုက် လုပ်ငန်းတာဝန်များပေးအပ်ခဲ့ကြောင်း သိရသည်။

သူရ(တောင်ငူ)

ရခိုင် မောင်မယ်တံမြက် စည်းလှည်းအသင်း(မန္တလေး)၏ (၁၂) ကြိမ်မြောက် မဟာမုနိ ဘုရားကြီး ဆီမီး ကိုးထောင် ထွန်းညှိ ပူဇော်ပွဲကို အောက်တိုဘာ ၁၅ ရက်က မဟာမုနိဘုရား ရင်ပြင်တော်၌ ကျင်းပရာ ဘုရားဖူးလာ ပြည်သူများဖြင့် အထူး စည်ကားနေသည်ကို တွေ့ရစဉ်
တင်မောင်(မန္တလေး)

နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသော ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းနှင့် ဗိုလ်ချုပ်လမ်းအမှတ် (၉) ရပ်ကွက်၌ အောက်တိုဘာ ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပလျက်ရှိရာ ယခင်နှစ်များကဲ့သို့ အေးချမ်းစည်ကားလျက်ရှိသည်ကိုတွေ့ရစဉ် မောင်စိန်လွင် (မြန်မာ့အလင်း)

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၅

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Phyo Si Thu & BagoYoma Eco Resort တို့က အဓိကကူညီပံ့ပိုးပြီး ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပဉ္စမပွဲစဉ်ကို ဥက္ကလာဂေါက်ကွင်း တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့၌ အောက်တိုဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Senior Professional အဆင့်၊ ဝါသနာရှင်အဆင့်အမျိုးသားပြိုင်ပွဲ (H' cap 0 -12) အမျိုးသမီး (H'cap 0 -18)နှင့် Junior အဆင့်များ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားကြောင်း သိရသည်။

ဖိုးသော်ဇင်

မြောက်ဥက္ကလာပ ကန်သာယာပန်းခြံပြန်လည်ရရှိရေး ဆန္ဒဖော်ထုတ်

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ ကန်သာယာပန်းခြံနှင့် ကန်သာယာရေကန်ပြန်လည်ရရှိရေးအတွက် ယနေ့ညနေပိုင်းက ဒေသခံပြည်သူထောင်နှင့်ချီ၍ ချီတက်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

"ကျွန်တော်တို့ဒီပန်းခြံနဲ့ ရေကန်ဟာ မြောက်ဥက္ကလာပမြို့နဲ့အတူ ပေါ်ပေါက်လာတာပါ။ အများပိုင်ပြည်သူပိုင်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသခံပြည်သူတွေအနေနဲ့ ပန်းခြံနဲ့ရေကန်ပြန်လည်ရရှိရေးအတွက် လွန်ခဲ့တဲ့ ၁၀ ရက်က လှုပ်ရှားမှုကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပါတယ်။

"မြောက်ဥက္ကလာပမြို့ ရှိနေသရွေ့ ဒီကန်သာယာပန်းခြံနဲ့ရေကန်ကလည်း အများပိုင် ပြည်သူပိုင်ပဲဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်က အဓိကရည်ရွယ်ချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်သူတွေအနေနဲ့ ဒီကန်နဲ့ပန်းခြံပြန်လည်ရရှိရေးအတွက် မရရတဲ့နည်းနဲ့ နောက်ဆုံးအချိန်အထိကြိုးပမ်းသွားမှာ ဖြစ်ပါတယ်"ဟု လှုပ်ရှားမှုကော်မတီဝင် ဦးစိုးလွင်က ပြောသည်။

အဆိုပါပန်းခြံကို ဖူးပွင့်စံကုမ္ပဏီနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် သဘောတူညီချက်အမျိုးမျိုး စာချုပ်ချုပ်ဆိုပြီးကန်သာယာရုပ်ရှင်ရုံအဖြစ်ဖွင့်လှစ်ခဲ့ကြောင်း၊ ယင်းကဲ့သို့ဖွင့်လှစ်ဆောင်ရွက်ခဲ့မှုများသည် ဒေသခံပြည်သူများအနေဖြင့် တရားဝင်အဖြစ်သတ်မှတ်ခြင်းမရှိကြောင်း၊ ယင်းကန်သာယာပန်းခြံတွင် ဥပဒေနှင့်မညီညွတ်သော စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာသည်ကို တွေ့ရကြောင်း၊ ယင်းစီးပွားရေးအရ တိုးချဲ့မှုများသည် ဒေသခံပြည်သူများအတွက် အထောက်အကူမပြုကြောင်း၊ ယင်းအတွက် မူလပိုင်ရှင်ဖြစ်သည့် ပြည်သူများထံ ပြန်လည်ရရှိရေးအတွက် ကြိုးစားသွားမည်ဖြစ်ကြောင်း ဦးစိုးလွင်က ထပ်မံပြောကြားသည်။

အဆိုပါ ဆန္ဒပြတောင်းဆိုမှုသည် ညနေ ၃ နာရီခန့်တွင် မြောက်ဥက္ကလာအဝိုင်းမှ ကန်သာယာပန်းခြံသို့ ချီတက်ကာ ထောင်နှင့်ချီသောပြည်သူများ၏ ဆန္ဒကို ဖော်ထုတ်ခဲ့ကြောင်း သိရသည်။

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဖိလစ်ပိုင်နိုင်ငံ၏ မူးယစ်ဆေးနှိမ်နင်းမှုလုပ်ငန်းများတွင် တရုတ်ကူညီမည်

မနီလာ အောက်တိုဘာ ၁၅

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတက်တေး၏ မူးယစ်ဆေးဝါးနှိမ်နင်းမှုများတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျန်ချွန်က အောက်တိုဘာ ၁၄ ရက် သတင်းစာရှင်းလင်းပွဲ၌ ထိုသို့ပြောကြား လိုက်ခြင်းဖြစ်သည်။

တရားမဝင် မူးယစ်ဆေးများသည် လူသားမျိုးနွယ်များ၏ ဘုံရန်သူဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံများသည် မူးယစ်ဆက်နွယ်ပြစ်မှုများကို ပူးပေါင်းနှိမ်နင်းရန်လိုအပ်ကြောင်း ဂျန်ကပြောကြားခဲ့သည်။ ထို့အပြင် တရုတ်အစိုးရအနေဖြင့် ဖိလစ်ပိုင်အစိုးရ၏ မူးယစ်နှိမ်နင်းမှုလုပ်ဆောင်ချက်များကို နားလည်သဘောပေါက်ကာ ကူညီမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

မူးယစ်ဆေးဝါးနှိမ်နင်းမှု လုပ်ငန်းများတွင် တရုတ်နှင့် ဖိလစ်ပိုင်နှစ်နိုင်ငံလုံး ဆက်ဆံရေးတိုးမြှင့်သွားရန် ဆန္ဒရှိကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ဖိလစ်ပိုင်သမ္မတသည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်ဖြင့် တရုတ်နိုင်ငံသို့ အောက်တိုဘာ ၁၈ ရက် မှ ၂၁ ရက်အထိ သွားရောက်လည်ပတ်ရန် စီစဉ်ထားကြောင်းသိရသည်။ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးသည် ပထမဆုံးအကြိမ် ထိပ်သီးစည်းဝေးပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တရုတ်အစိုးရအရာရှိများက မူးယစ်ဆေးဝါးနှိမ်နင်းမှုများ လုပ်ဆောင်ရာတွင် ဒူတက်တေးအနေဖြင့် ပါဝင်ဆောင်ရွက်စေလိုသည့် ဆန္ဒရှိကြောင်း သိရှိနေသည်ဟု ဆိုသည်။ ဒူတက်တေးအနေဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းမှုလုပ်ငန်းများတွင် အများပြည်သူ၏ ထောက်ခံမှုများကို သောင်းသောင်းဖြဖြရရှိခဲ့သည်။ သို့သော်လည်း အနောက်နိုင်ငံများနှင့် လူ့အခွင့်အရေးအဖွဲ့က ၎င်းကို ပြင်းထန်စွာဝေဖန်ခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန် နိုင်ငံပေါင်း ၂၀၀ နီးပါး သဘောတူ

ကီဂလီ အောက်တိုဘာ ၁၅

ရာသီဥတုပြောင်းလဲခြင်းကို ဆန့်ကျင်ရန် အဓိကအရေးကြီးသည့် ခြေလှမ်းတစ်ရပ်အနေဖြင့် ရေခဲသေတ္တာများနှင့် အဲကွန်းများတွင် အသုံးပြုလျက်ရှိသော ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန် နိုင်ငံပေါင်း ၂၀၀ နီးပါးက သဘောတူခဲ့ကြောင်း ရဝမ်ဒါဝန်ကြီးတစ်ဦးက အောက်တိုဘာ ၁၅ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါသဘောတူညီမှုတွင် အဓိကစီးပွားရေးအင်အားကြီး နိုင်ငံများဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့ပါဝင်ကြပြီး ကာဗွန်ဒိုင်အောက်ဆိုက်ထက် အဆတစ်သောင်းပြင်းသော စက်ရုံသုံး ဟိုက်ဒရိုကလိုရိုကာဗွန်ဓာတ်ငွေ့ လျှော့ချရန်အတွက် မတူညီသော ခေါင်းစဉ်များအောက်တွင် သုံးနိုင်ငံတစ်ဖွဲ့ ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ထိုသို့လုပ်ဆောင်ခြင်းသည် ရာသီဥတုပြောင်းလဲရန် သမိုင်းမှတ်တိုင်စိုက်ထူနိုင်မည့် ခြေလှမ်းသစ်ဖြစ်ကြောင်း ဂျွန်ကယ်ရီက ပြောကြားခဲ့သည်။

သဘာဝအရင်းအမြစ်ဆိုင်ရာ ရဝမ်ဒါဝန်ကြီး ဗင်းဆင့်ဘီရူတက ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှုဆိုင်ရာ သဘောတူညီမှုကို ဆွေးနွေးတင်ပြရာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့် ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့အနေဖြင့်လည်း လျှော့ချရန် သဘောတူခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်းစတင်လျှော့ချမည်ဖြစ်ပြီး ၂၀၃၆ ခုနှစ်တွင် ၈၅ ရာခိုင်နှုန်းအထိလျှော့ချရန် သဘောတူခဲ့သည်။ **(ရိုက်တာ)**

အမေရိကန်အကူအညီပေးရေးလုပ်သားများကို သေနတ်ကိုင်သမားများ ဝင်ရောက်စီးနင်းတိုက်ခိုက်

နီရာမေ အောက်တိုဘာ ၁၅

သေနတ်ကိုင်သမားများသည် နိုင်ဂျာအလယ်ပိုင်း အမေရိကန်အကူအညီပေးရေးလုပ်သားများရှိရာ နေအိမ်သို့ ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ ကိုယ်ရံတော်နှစ်ဦးသေဆုံးခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။ နောက်ဆုံးတွင် ၎င်းသေနတ်ကိုင်သမားများအား မာလီသို့ပြန်မောင်းထုတ်ခဲ့ကြောင်း နိုင်ဂျာမြို့ဝန်က အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားခဲ့သည်။ ပထမဆုံး သေနတ်ကိုင်သမားများသည် မော်တော်ဆိုင်ကယ်နှင့်ဝင်ရောက်လာပြီး အစောင့်များကို သတ်ဖြတ်သွားကြောင်း၊ နိုင်ဂျာမြို့တော်ဝန် အဘာလခ်က ရိုက်တာသို့ဖုန်းဖြင့်ပြောကြားခဲ့သည်။ နောက်ဆုံးတွင် သေနတ်သမားများအား မာလီနယ်စပ်သို့ ပြန်မောင်းထုတ်နိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(ရိုက်တာ)**

တရုတ်နိုင်ငံတွင် အစိုးရအလုပ်လျှောက်သူများ ပိုမိုများပြား

ပေကျင်း အောက်တိုဘာ ၁၅

၂၀၁၇ ခုနှစ်တွင် အစိုးရဌာနနှင့် အေဂျင်စီများတွင် လစ်လပ်နေရာ ၂၇၀၀၀ ရှိသည့်အတွက် တရုတ်နိုင်ငံက ဝန်ထမ်းများကိုခေါ်ယူနေကြောင်း ဆင်ဟွာ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ အစိုးရရာထူးနေရာများသို့ လျှောက်လွှာတင်ခဲ့သူများမှာ ၂၀၁၁ ခုနှစ်တွင် ၁၆၀၀၀ အထိရှိပြီး ၂၀၁၅တွင် ၂၂၀၀၀ အထိရှိလာကြောင်း သိရသည်။ အွန်လိုင်းမှလျှောက်ထားခြင်းများကို အောက်တိုဘာ ၂၄ ရက်တွင် နောက်ဆုံးထားလုပ်ဆောင်ရမည်ဖြစ်ကြောင်းသိရသည်။ အစိုးရစာမေးပွဲများကို တရုတ်နိုင်ငံ၏အဓိကမြို့ကြီးများ၌ နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

ဂျွန်ကယ်ရီနှင့် လက်ဗ်ရော့ဗ်တို့ ဆီးရီးယားဆွေးနွေးပွဲပြန်လည်စတင်

ဒမတ်စကတ် အောက်တိုဘာ ၁၅

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်တို့ ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ရက်တွင်ပြန်လည်စတင်ခဲ့ကြသည်။

ကယ်ရီသည် ၎င်း၏တွေ့ဆုံဆွေးနွေးမှုကို လက်ဗ်ရော့ဗ်အပြင် တူရကီ၊ ဆော်ဒီ၊ ကာတာနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးတို့နှင့်အတူ ဆွစ်ဇာလန်နိုင်ငံ ကန်ရိပ်သာမြို့ဖြစ်သည့် လော့စ်ဆန်နီတွင်တွေ့ဆုံခဲ့ကြပြီး ဆီးရီးယားအစိုးရနှင့် သူပုန်များအကြားဖြစ်ပွားနေသော ပဋိပက္ခကို အဆုံးသတ်နိုင်ရေးနှင့် ပတ်သက်ပြီး ကျယ်ပြန့်စွာဆွေးနွေးခဲ့ကြသည်။ အခက်အခဲများကို ကျော်လွှားနိုင်မည်လားဆိုသည်ကို မသိရသေးကြောင်း၊ ဆီးရီးယားကိစ္စအား ပုံမှန်အတိုင်းဖြစ်စေရန် ဘက်ပေါင်းစုံကြိုးစားမှုရရှိရေး လုပ်ဆောင်နေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မက်ခ်တံနာက ဝါရှင်တန်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

အလက်ပိုအရှေ့ပိုင်း သူပုန်ထိန်းချုပ်နယ်မြေများကိုပြန်ရရန် သုံးပတ်ကြာ ဆီးရီးယားအစိုးရထိုးစစ်အတွင်း ရက်စက်ကြမ်းကြုတ်မှုများရပ်တန့်ရန် ဖိအားပေးမှုများမြင့်တက်လာခဲ့သည်။ အလက်ပိုတွင် အရပ်သား ၂၇၅၀၀၀ ဆက်လက်နေထိုင်နေသေးကြောင်း၊ သူပုန်တပ်ဖွဲ့ဝင် ၈၀၀၀ ခန့် ဆီးရီးယား၊ ရုရှားနှင့် အီရန်ထောက်ခံတပ်ဖွဲ့များကို ပြန်လည်ခုခံမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။ ဆေးရုံများတွင် ဗုံးများကြဲခြင်း၊ အရပ်သားများရက်စက်စွာသေဆုံးခြင်း၊ အကူအညီပေးရေးယာဉ်တန်းများကို တိုက်ခိုက်ခြင်းတို့ကြောင့် ရုရှားနှင့် ဆီးရီးယားအစိုးရအား အနောက်ကမ္ဘာက ရက်စက်သောလုပ်ရပ်များကို ပြုလုပ်သူအဖြစ် စွပ်စွဲခဲ့ကြသည်။ **(ရိုက်တာ)**

တရုတ်ကုန်လှောင်ရုံ မီးလောင်မှုဖြစ် သေဆုံးသူမသိရသေး

ကွမ်ကျိုး အောက်တိုဘာ ၁၅

အောက်တိုဘာ ၁၅ ရက်က တရုတ်နိုင်ငံ ကွမ်ကျိုးရှိ ပေါက်ကွဲစေနိုင်သော ပစ္စည်းများသိုလှောင်ထားသော ကုန်လှောင်ရုံတစ်ရုံတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ သို့သော်သေဆုံးသူ ရှိ၊ မရှိမသိရသေးကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။ ဘိုင်ရန်ပြည်နယ် အချက်အချာကျသောနေရာတွင် တည်ရှိသည့် ယင်းကုန်လှောင်ရုံတွင် အလှုပြင်ပစ္စည်းများ၊ အိမ်သုတ်ဆေးများနှင့် ကားအပိုပစ္စည်းများ သိုလှောင်ထားကြောင်း မြို့တော် မီးသတ်ဦးစီးဌာနက ထုတ်ပြန်ကြေညာချက်တွင်ဖော်ပြသည်။ မီးလောင်မှုသည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခန့်တွင် ဖြစ်ပွားခဲ့ကြောင်းသိရသည်။ မီးသတ်သမားများက မီးလောင်မှုဖြစ်ပွားရာနေရာသို့ အလျင်အမြန်ရောက်ရှိလာခဲ့ပြီး လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(ဆင်ဟွာ)**

ကျွတ်မြတ်လရာသီ ပူဇော်သည့်ပွဲ

ရွှေတိုင်လွင်

မြန်မာနှစ် ဆယ့်နှစ်လရာသီတွင် တူရာသီသက်ဆင်းသည့် သီတင်းကျွတ်လသည် မြန်မာလ၏ ခုနစ်လမြောက်ဖြစ်ပြီး ရာသီပန်းများအဖြစ် တောအရပ်ဒေသ သောက်သုံးရေကန်တို့တွင် ကြာပန်းတို့ဖြင့် ဝေဆာနေသလို ယှဉ်တွဲပွင့်လျက်ရှိသော အဝါရောင် ခဝဲပန်းကလေးတို့ဖြင့် ပန်ရတင့်တယ်လှပနေသည့် ထူးမြတ်သော လတစ်ပါးဖြစ်ပါပေသည်။

သီတင်းကျွတ်လသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ လတစ်လဖြစ်ရခြင်းမှာ ဂေါတမဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်မြတ်သည် တာဝတိံသာ နတ်ပြည် သိကြားမင်းစံရာထက် နတ်ရွာ၌ မယ်တော်ဖြစ်ခဲ့ဖူးသူ မိနတ်သားအား ကျေးဇူးကို ဦးထိပ်ထားလျက် ဝါတွင်းသုံးလကာလပတ်လုံး အဘိဓမ္မာ ခုနစ်ကျမ်းဖြစ်သော ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းတည်းဟူသော ကျမ်းခုနစ်ဖုံ အာဂုံဆောင်ကာ ဟောဖော်ညွှန်ပြပြီးပြတ်သော သီတင်းကျွတ်လပြည့်နေ့ပင် ဖြစ်ပါပေသည်။

ဤသီတင်းကျွတ်လသည် ဆံကျင်တာရာ သောက်ရှုးပြီး၊ မိတ်ဖက်ကြယ်များ ဖြစ်သည့် ဟဿတ၊ စိတြ၊ သွာတိတို့ကလည်း ဝန်းရံလျက် အဘိဓမ္မာဒေသနာ တရားတော် ဟောဖော်ညွှန်ပြပြီးသည့် သီတင်းကျွတ်လပြည့် ညဥ့်ဦးယံတွင် နတ်၊ သိကြား၊ ဗြဟ္မာတို့၏ အလယ်၊ ရွှေစောင်းတန်းက နတ်ဒေဝါ၊ ငွေစောင်းတန်းက ဗြဟ္မာ၊ အလယ်ပတ္တမြားစောင်းတန်းက ကျွန်ုပ်တို့၏ ဂေါတမဗုဒ္ဓဘဂဝါသည် နတ်၊ သိကြား၊ ဗြဟ္မာတို့၏ တူရိယာသံ၊ သာယာငြိမ့်ညောင်း နာပျော်ဖွယ် အတီးအမှုတ်မျိုးစုံတို့ဖြင့် ကနက္ကဒဏ်ထီးဖြူမိုးကာ မနုဿလူ့ပြည် သင်္ကဿနဂိုရ်ပြည်သို့ ကောင်းကင်ထက်ဝဋ္ဌာမှ ကြွမြန်းလာပုံမှာ အထူးတလည် အံ့မခန်းလောက်အောင် ကြက်သီးမွေးညင်း ထလောက်အောင် ကြည်ညိုဖွယ်ဖြစ်မိပုံကို အလေးထားတင်ပြရပါပေမည်။ လူ့ပြည်ကလည်း လူဘုံသို့ မြတ်စွာဘုရားမကြွမီကတည်းက သူတော်ကောင်း နတ်ဒေဝါတို့၏ဆော်ဩမှုကြောင့် လူသားတို့သည် ဆီမီး၊ အမွှေးတိုင်၊ ပန်းတို့ဖြင့် ကြိုဆို ပူဇော်ခြင်းကို တစ်နည်းဆိုရလျှင် တာဝတိံသာမှ ပြန်ကြွလာသော ဗုဒ္ဓဘဂဝါကို ကြိုဆိုမီးပူဇော်ခြင်း ပြပေသောကြောင့် သီတင်းကျွတ်လပြည့်နေ့ ဆီမီးပူဇော်ပွဲကို ရှေးစာဆိုရှင်ကြီးတို့က တာဝတိံသာ ဆီမီးပူဇော်ပွဲဟူ၍ သမုတ်ထားခဲ့ပါပေသည်။

သီတင်းကျွတ် တူရာသီကို စာဆိုရှင်မယ်ခွေ၏ ဆယ့်နှစ်ရာသီဘွဲ့အဲချင်းလေးထဲမှ ကောက်နုတ်တင်ပြရပါလျှင် “သမုဒ်သူရိန်လေ၊ သွာတိနှင့် နေယုဂန်ဓွေမှာ၊ လေယန္တရား လှည့်လည်သွားလို့၊ ဆယ့်ငါးနာရီ မှန်အညီနှင့် ရာသီတူလင်္ဂ ရွှေမောင်းသံ ညက်လှသည် ထက်ဝတိံယံကလေး”ဟူသော အပိုဒ်ကလေးကို ကောက်နုတ်တင်ပြလိုက်ရခြင်းဖြစ်ပါပေသည်။ စာဆိုရှင်က ဆိုထားသည့် အထက်၌ စာရေးသူတင်ပြဘိသကဲ့သို့ တာဝတိံသာနတ်ပြည်မှ တီးမှုတ်သံစုံစွာဖြင့် လူ့ပြည်သို့ ဗုဒ္ဓဘဂဝါအား လိုက်ပြီးပို့ဆောင်ပူဇော်ကြသည်မှာ ပေါ်လွင်အောင် သီကျူးထားခြင်း ဖြစ်ပါပေသည်။

ထို့အတူ မဟာအတုလမင်းကြီး၏ ဆယ့်နှစ်လရာသီဘွဲ့ လွမ်းချင်းများတွင် တူရာသီ သီတင်းကျွတ်လဘွဲ့ထဲမှ ကောက်နုတ်တင်ပြရပါလျှင် “တူရာသီဝယ်၊ အဿဝတီကြယ်မြတ်၊ ကျီးမင်းသိန်လည်း၊ ရောင်ရှိန် လျှပ်လို့၊ သုဒဿကယ်နန်းလို၊ မီးမြင်းမိုရ်နှင့် ဝါဆိုကင်းလွတ် သီတင်းကျွတ်မို့ ဘုံထွတ်ကယ်ဥကင် ပွင့်စံပယ်ရှင်သောခါ၊ တိုင်းခွင်ကြီးအောင်ချာမှာ ဆီမီးဝါထိန်ထိန်ဝင်းလို့ လင်းလှတယ်လေး။”ဟူ၍ ဖွဲ့ဆိုရေးသားထားခြင်းမှာ အလွန်မှသင့်မြတ်လှပါပေသည်။ ဗုဒ္ဓမြတ်စွာဘုရားကို ထက်ဝဋ္ဌာ မှ နတ်သိကြားဗြဟ္မာတို့ကလည်း ဆီမီးပန်းတို့ဖြင့် ပူဇော်ပုံ၊ အထက်နတ်ရွာမှာ မီးပူဇော်ခြင်းကိုတင်စားပြီး သီတင်းကျွတ်မီးထွန်းပူဇော်ခြင်းကို “မီးမြင်းမိုရ်”ပွဲ ကျင်းပသည်ဟူ၍လည်း တမြတ်တနိုးပြုဆောင်ကြပုံကို ဖော်ကျူးထားပေသည်။ အလွန်မှပင် လျော်ကန်လှပါလေသည်။

ထို့အတူပင် ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်လရာသီဘွဲ့နှင့် မိုးဘွဲ့သဖြန်လေးဆစ်ကလည်း အောက်ပါအတိုင်း ရေးဖွဲ့ထားပါလေသည်။ “ကြာငါးမည် ကြိုင်သင်းလို့၊ လျှံဝင်းတဲ့ပြောင်ထိန်၊ ရွှေနန်းတော်ဦးမှာလ၊ ကွန့်မြူးမြင့်မိုရ်မီး၊ ညီးတဲ့ခါချိန်၊ ရှိဦးငယ်နှိမ် သုံးကြိမ်ရိုပြောင်း၊ သက္ကစ္စဂါရဝနှင့် စဉ်အလာပူဇော်ပွဲ ကို ခဲကြပေတောင်း” ဟူ၍ ဖွဲ့ဆိုထားခြင်းမှာ ပို၍ပေါ်လွင်လှပါပေ၏။ ကြာမျိုးငါးလီဆိုသည်မှာ ပဒုမ္မာကြာကြီးမျိုးကို ခေါ်ဆိုပါသည်။ သီတင်းကျွတ်လဝယ် ကြာပန်းရနံ့တို့က ဆွတ်ပျံ့ကြည်နူးဖွယ် ဖြစ်ရပါလေသည်။ ထိုလရာသီဝယ် သက်ကြီးရွယ်အို မိဘဘိုးဘွားများကို မြတ်စွာဘုရားအမှူးပြုလျက် ပူဇော်ကန်တော့ကြခြင်းမှာလည်း ရှေးစာဆိုရှင်ကြီးတို့၏ ရေးသားဖွဲ့နွဲ့ခဲ့သော ကဗျာ၊ စာပေ၊ ဗုဒ္ဓဝင်တို့အား လေ့လာတွေ့ရှိရပါလေသည်။

သီတင်းကျွတ်လသည် မိုးရာသီ၏နောက်ဆုံးလဖြစ်ခါ သာယာအေးမြသော ဆောင်းလကို ကူးဖို့ရာ အချိန်အခါဖြစ်သလား။ ဗုဒ္ဓမြတ်စွာဘုရား၏ တပည့်သား၊ သံဃာတော်အရှင်သူမြတ်တို့သည် ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူခဲ့ကြပြီး သီတင်းကျွတ်လပြည့်နေ့တွင် ပုရိမဝါဆိုပြီး အမှုမှထမြောက် ကျွတ်လွတ်ခြင်းကို အကြောင်းပြုကာ သံဃာတော်အရှင်သူမြတ်တို့ကလည်း ထိုသီတင်းကျွတ်လပြည့်နေ့ဝယ် ထေရ်စဉ်ဝါလိုက် သက္ကစ္စပူဇော်ခြင်း၊ ပဝါရဏာကို ကံဆောင်ကြသည်မှာလည်း ဗုဒ္ဓမြတ်စွာဘုရား၏ မိခင်ကျေးဇူးတရားထူးဖြစ်သော အဘိဓမ္မာတရား ဟောကြားပြီးသည့်နေ့ ဖြစ်ခြင်း၊ ဘုရား၏မိဘကျေးဇူးကို ဆပ်ဘိသကဲ့သို့ သံဃာတော်တို့ကလည်း ဘုရားကိုဦးထိပ်ထားကာ ပုရိမဝါမှ ထမြောက်ပူဇော် ပဝါရဏာပွဲများကိုလည်း ဗုဒ္ဓဘာသာမြန်မာနိုင်ငံတော်ကြီးအနှံ့ ကျင်းပကြသည်ကိုလည်း အထူးလေးမြတ်ဖွယ် ရှုမြင်ကြရပါပေမည်။

ထိုသီတင်းကျွတ်လပြည့်နေ့တွင် မိဘဘိုးဘွားများ ပူဇော်ကန်တော့ကြခြင်း အမှုသည် ဗုဒ္ဓယဉ်ကျေးမှု၊ ဘုရားရှင်၏ နည်းလမ်းအတိုင်း လိုက်နာကျင့်သုံးပူဇော်ကြခြင်း ဖြစ်ကြပါပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ မြန်မာယဉ်ကျေးမှုအမွေကို ကမ္ဘာတည်သရွေ့ ရပ်တည်ကျင့်သုံးကြဖို့ရာမှာ ဗုဒ္ဓဘာသာဝင်တိုင်း၏ တာဝန်ပင်ဖြစ်ကြောင်း သုံးသပ်မိပါသည်။

ရှေးစာဆိုရှင်ကြီးများ၏ ရေးသားပူဇော်ထားမှုကိုထောက်ရှု၍ ဖော်ပြရပါလျှင် သီတင်းကျွတ်လပြည့်နေ့ ဆီမီးထွန်းညှိပူဇော်ခြင်းသည် တစ်နည်းအားဖြင့် တာဝတိံသာနတ်တို့ရွာမှ အဘိဓမ္မဒေသနာတော် ဟောကြားပြီး မနုဿလူ့ပြည်သို့ ပြန်ကြွလာခြင်းကို ကြိုဆိုပူဇော်ကြခြင်းဖြစ်သည့် တာဝတိံသာပူဇော်ပွဲ (တစ်နည်း) မီးမြင်းမိုရ်ပူဇော်ပွဲ စသည်ဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော်အနေဖြင့် ဆီမီးထွန်းညှိကြိုဆိုပူဇော်ခြင်း ပင်ဖြစ်ပါသည်။ ထို့အတူ သက်ကြီးရွယ်အိုမိဘတို့အား ပူဇော်ကန်တော့ခြင်း၊ သံဃာတော်တို့ ပဝါရဏာပြုကြခြင်း စသည်ဖြင့် ဗုဒ္ဓဘာသာ အစဉ်အလာအတိုင်းပြုဆောင်ကျင်းပကြကာ အဘိဓမ္မာခုနစ်ကျမ်းမှ ပဋ္ဌာန်းဒေသနာတော် ပူဇော်ခြင်းတို့ကိုလည်း ရွတ်ဖတ်ပူဇော်ပွားများကြသည်ကိုလည်း ရှိသေလေးမြတ်စွာ ရှုမြင်ရပါသောကြောင့် သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ အလွန်မှနှစ်လိုသော လမြတ်ရာသီချိန်ခါဖြစ်ပါကြောင်း သာသနာတော်ကြီးအဓွန့်ရှည်ရေး ရည်မျှော်ကာရေးသား ပူဇော်တင်ပြလိုက်ရပါတော့သတည်း။

❍ ကျောဖုံးမှ

စတင်ကာ ကျင်းပခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်ဆင်များ လှည့်လည်ဖျော်ဖြေ ပြိုင်ပွဲဝင်ရာတွင်လည်း ယခင်နှစ်များနှင့်မတူ လမ်းကြောင်းများ ပြောင်းလဲကာ ပိုမိုကျယ်ပြန့်လာသဖြင့် လမ်းကြောင်းများ ကျပ်မှုကိုလည်း အတန်အသင့် ရှင်းလင်းနိုင်ခဲ့သည်။

“ဒီနှစ်ဖွင့်ပွဲကျင်းပပြီးပြီးချင်း ပြိုင်ပွဲကို ချက်ချင်းကျင်းပတာ ကောင်းတယ်၊ အရင်နှစ်တွေကဆိုရင် ပြိုင်တဲ့ဆင်တွေက နေ့လယ်ပိုင်းလောက်မှစပြီး ပြိုင်တာဆိုတော့ ဆုပေးပွဲကျတော့ ညပိုင်းမိုးချုပ်သွားတာ၊ ဆင်ပွဲလာတဲ့သူတွေလည်း ပြိုင်ပွဲဝင်ဆင်တွေ အကုန်လုံးမကြည့်ရဘူး၊ ဒီနှစ်ပြိုင်ပွဲဝင်ဆင်တွေ မပြိုင်မနေရလုပ်တော့ ဆင်ပွဲလာတွေလည်း များများကြည့်ရတယ်”ဟု နှစ်စဉ် ဆင်ပြိုင်ပွဲတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နေသူတစ်ဦး၏ ပြောစကားအရ သိရသည်။

ကျောက်ဆည်မြို့၏ ဆင်ပြိုင်ပွဲသည် ရိုးရာယဉ်ကျေးမှု ပွဲတော်တစ်ခုဖြစ်၍ နိုင်ငံခြားခရီးသွားများ စိတ်ဝင်စားမှုများသည့် ပွဲတော်တစ်ခုလည်းဖြစ်သည်။ ယခုနှစ် ပြိုင်ပွဲသို့ ယခင်နှစ်ထက် နိုင်ငံခြားခရီးသွားများ ပိုမိုများပြားခဲ့ကာ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းအလိုက်ရှိသလို ခရီးစဉ်သက်သက်ဆွဲကာ လာရောက်ကြည့်ရှုခဲ့ကြသည်။

ပုဂံ၊ အင်းလေး၊ မန္တလေး၊ မြောက်ဦးစတဲ့ မြန်မာနိုင်ငံအတွင်း လေ့လာရေးခရီးစဉ်တွေနဲ့အတူ ဒီဆင်ပြိုင်ပွဲခရီးစဉ်ကိုလည်း သေချာထည့်သွင်းပြီး လာခဲ့တာပါ၊ လာရတာ ပင်ပန်းတာနဲ့ တန်ပါတယ်၊ ဒီပြိုင်ပွဲကို ကြည့်လိုက်ရတော့ အင်မတန်စိတ်ချမ်းသာပြီး ပျော်စရာလည်း ကောင်းတယ်၊ ဆင်တွေက အလွန်လှတယ်”ဟု EAST- WEST CENTER တွင် တာဝန်ဆောင်ရွက်နေသူ Mr. Michael Schuster က ပြော ခဲ့သလို မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ တရုတ်နိုင်ငံမှ အလုပ်တာဝန်ဖြင့် လာရောက်တာဝန်ထမ်းဆောင်နေသူက Ms.Zhery ကလည်း “ဒီနိုင်ငံမှာ ရိုးရာယဉ်ကျေးမှုပွဲတွေ ရှိတယ်ဆိုတာတော့ သိတယ်၊ ဒီလို ဆင်ပွဲတော်တွေ၊ မီးထွန်းပွဲတော်တွေကို မသိဘူး၊ ဆင်ပွဲတော်ကို ကြည့်ရတာလည်း ကောင်းသလို၊ စိတ်ဝင်စားမှု ပျော်ရွှင်မှုတွေလည်း ဖြစ်စေပါတယ်၊ ဒါ့အပြင် လူတွေရဲ့ ချစ်စရာကောင်းတဲ့ ဓလေ့တွေကိုလည်း တွေ့ရတယ်”ဟု ပြောခဲ့သည်။

၂၀၁၆ခုနှစ် ဆင်ပြိုင်ပွဲကြီးတွင် ရိုးရာဆင် ၁၇ ဖွဲ့၊ ဘော်ကြယ်ဆင် ခြောက်ဖွဲ့နှင့် ကလေးဆင်ခြောက်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရိုးရာဆင်များအား ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ရှစ်သိန်း၊ တတိယဆု ငွေကျပ် ခြောက်သိန်း၊ ဘော်ကြယ်ဆင်များအား ပထမဆု ငွေကျပ် ရှစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခြောက်သိန်း၊ တတိယဆု ငွေကျပ် လေးသိန်းနှင့် ကလေးဆင်အဖွဲ့များအား ပထမဆု ငွေကျပ် ခြောက်သိန်း၊ ဒုတိယဆု ငွေကျပ် လေးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်းဖြင့် ပြိုင်ပွဲကျင်းပရေးကော်မတီက ဆုချီးမြှင့်သွားမည်ဖြစ်သလို ကမ္ဘောဇဘဏ် (ကျောက်ဆည်)မှလည်း အဆိုပါဆုကြေးများအတိုင်း ထပ်မံချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အထူးဆုကိုလည်း ငွေကျပ် ၁၀ သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ ဆင်အဖွဲ့တွေအနေနဲ့ ဆုတော့ရချင်တာပေါ့၊ ဒါပေမယ့် အဓိကကတော့ ဆင်ပွဲတော်ကြီး စည်ကားဖို့ပဲ၊ ကျောက်ဆည်သားဖြစ်ရတာ ဂုဏ်ယူဖို့ အင်မတန်ကောင်းပါတယ်၊ ဆင်အကနဲ့ ဒေသရဲ့ဂုဏ်ကိုလည်း မြှင့်တင်ပေးနိုင်တယ်၊ နိုင်ငံရဲ့ဂုဏ်ကို မြှင့်တင်ပေးနိုင် ခဲ့ပါတယ်”ဟု ပြိုင်ပွဲဝင်ဆင်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

ကျောက်ဆည်မြို့၏ ရိုးရာယဉ်ကျေးမှု ဆင်ပွဲတော်ကြီးသည် တစ်ရက်တည်းသာကျင်းပပြီး အနယ်နယ်အရပ်ရပ်မှ ဆင်ပွဲတော်လာ ပရိသတ်များကြောင့် ဖွင့်ပွဲတော်မှ စတင်ကာ ညပိုင်းဆုပေးပွဲအထိ အထူးစည်ကားလှပေသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

အဘိဓမ္မာဒေသနာတော် ရွတ်ဖတ်ပူဇော်

တနင်္သာရီ အောက်တိုဘာ ၁၅

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ရှေးဟောင်းသမိုင်းဝင် မြဝတ်ဆင်စေတီတော်မြတ်ကြီး (၁၂)ကြိမ်မြောက် အဘိဓမ္မာဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကျင်းပရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ မြို့ဦးကျောင်းဆရာတော် အရှင်ဇောတိကနှင့် သံဃာတော်ကိုးပါးတို့ကို အောက်တိုဘာ ၁၅ ရက် နံနက် ၅ နာရီခွဲက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများက လှူဖွယ်ဝတ္ထုများလှူဒါန်းကာ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် နံနက် ၇ နာရီတွင် ရှေးဟောင်းသမိုင်းဝင် မြဝတ်ဆင်စေတီတော် ရင်ပြင်မုခ်ဦးအတွင်း၌ အဘိဓမ္မာဝတ်အဖွဲ့ ၁၃ ဖွဲ့တို့က အဘိဓမ္မာဒေသနာတော်များ တစ်နေကုန် ပူဇော်ရွတ်ပွားခဲ့ကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း

ဆွမ်းလောင်းလှူခြင်း အောင်ပွဲကျင်းပ

တပ်ကုန်း အောက်တိုဘာ ၁၅

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၏ (၁၇)ကြိမ်မြောက် ဝါတွင်းသုံးလပတ်လုံး နေ့စဉ် ဆွမ်းလောင်းလှူခြင်းအောင်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၆ နာရီက ကျင်းပရာ ဆရာတော်သံဃာတော်အပါး ၄၀၀ ကျော် ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များ အလှူခံ ကြွချီတော်မူခဲ့ကြသည်။

ဆရာတော် သံဃာတော်အပါး ၄၀၀ ကျော်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရည်မွန်ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင်ပြည်သူများက ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များ စုံလင်စွာလောင်းလှူခဲ့ကြသည်။ လှူဒါန်းမှုအစုစုများကို ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီးတွင် ရေစက်ချအနုမောဒနာ တရားနာယူခဲ့ကြကြောင်း သိရသည်။

တင်စိုးလွင်

ဆွမ်းသိမ်းအောင်ပွဲ အရုဏ်ဆွမ်းများလောင်းလှူ

ရေတာရှည် အောက်တိုဘာ ၁၅

ပဲခူးတိုင်းဒေသကြီး စက်မှုတိုင်း(၂) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (တောင်ငူ)မှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်းမိသားစုများက ဝါတွင်းကာလ (၆)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲနှင့် ဆွမ်းသိမ်းအောင်ပွဲတွင် ကေတုမတီမြို့နှင့် ရေတာရှည်မြို့နယ်အတွင်းရှိ ဝါဆိုဝါကပ် ရဟန်းသာမဏေများ၊ သီလရှင် ၁၇၇ ပါးတို့အား အောက်တိုဘာ ၁၃ ရက် နံနက်က အရုဏ်ဆွမ်း စုပေါင်းလောင်းလှူခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

သီတင်းကျွတ်မီးထွန်းပွဲတော် ပျော်ရွှင်စွာဆင်နွှဲ

မန္တလေး အောက်တိုဘာ ၁၅

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များအနက် အထူးခြားဆုံးပွဲတော်ဖြစ်သည့် သီတင်းကျွတ်လပွဲတော်ကြီးအား မန္တလေးဒေသခံများ ပျော်ရွှင်စွာဆင်နွှဲလျက်ရှိကြသည်။

ယခုနှစ်တွင် ပွဲတော်အကြိုနေ့ဖြစ်သည့် အဖိတ်နေ့တွင် မြို့နယ်ရပ်ကွက်များရှိ ဘုရားစေတီများ၊ ဓမ္မာရုံများနှင့် နေအိမ်များ၌ ဆီးမီးများထွန်းညှိပူဇော်ခြင်း၊ ကလေးငယ်များမှ မီးရှူးမီးပန်းများနှင့် မီးပုံးအရုပ်များဖြင့် ပျော်ရွှင်စွာဆော့ကစားခြင်း၊ မိသားစုလိုက် မိဘဆရာသမားများအား လိုက်လံဂါရဝပြု ကန်တော့ခြင်းများဖြင့် ပွဲတော်၏သရုပ်ကို ပီပြင်စွာဖော်ထုတ်လျက်ရှိကြသည်။ ထို့ပြင် မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိ ဘုရားသုံးဆူတို့၏ ဗုဒ္ဓပူဇနိယပွဲတော်မှာလည်း သီတင်းကျွတ်ပွဲတော်နှင့်အပြိုင် ပျော်ရွှင်စွာကျင်းပလျက်ရှိသောကြောင့် အနယ်နယ်အရပ်ရပ်မှ ပွဲတော်လာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းနှင့် ရဲတပ်ဖွဲ့ဝင်များအား အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့က တိုက်ခိုက်၊ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူလေးဦး ထပ်မံဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၅

ရခိုင်ပြည်နယ် မောင်တောမြို့နယ် လိပ်အိုင်ကျေးရွာတွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူသုံးဦးအား ပစ်ခတ်ဖမ်းဆီးရမိကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်၌ လိပ်အိုင်ကျေးရွာသို့ ရောက်ရှိရှင်းလင်းစဉ် ကျေးရွာအတွင်းမှ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့က လုံခြုံရေးဆောင်ရွက်နေသည့် ရဲတပ်ကြပ်သောင်းညိုအား အရိုး/အသွား လေးပေခွဲခန့်ရှိ ဓားအရှည်ဖြင့်လည်းကောင်း၊ ရဲတပ်သား ထက်ဇော်ဦးနှင့် ရဲတပ်သားခင်စိုးတို့အား အရိုး/အသွား နှစ်ပေခွဲခန့်ရှိ ဓားချွန်ဖြင့်လည်းကောင်း ထိုး၍ ထွက်ပြေးစဉ် လုံခြုံရေးအဖွဲ့များက ပစ်ခတ်ဖမ်းဆီးခဲ့သဖြင့် ၎င်းတို့ သုံးဦးအား

ဖမ်းဆီးရမိသည့် အကြမ်းဖက်တိုက်ခိုက်သူ လေးဦးအား တွေ့ရစဉ်

အသေဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် မောင်တောမြို့နယ် ရီဒါးကျေးရွာတစ်ဝိုက် တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်၌ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ကော်လီမူလာ(ဘ) အာဘူဟာရှိန်၊ ကော်မာလူဟူဒါး(ဘ) လော်လီမူလာ၊ နူဒူဟူဒါး(ဘ) ကော်လီမူလာနှင့် ဟာဘူတာရှိန်း(ဘ) ကော်လီမူလာတို့ လေးဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ လေးဦးအား ကြိမ်ချောင်းရဲစခန်းသို့ လွှဲပြောင်းပေးအပ်ပြီး သတင်းဆက်ရရှိရေး စစ်ဆေးမေးမြန်းမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

နေရပ်စွန့်ခွာအိမ်ထောင်စုဝင်များအား စားနပ်ရိက္ခာများထောက်ပံ့

ဘူးသီးတောင် အောက်တိုဘာ ၁၅

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှ နေရပ်စွန့်ခွာလာသည့် ဒေသခံပြည်သူများအား ဘူးသီးတောင်မြို့နယ် အမှတ်(၁) အထကကျောင်း(ခွဲ)တွင် ယာယီစခန်းဖွင့်လှစ်ပြီး နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

ယာယီစခန်းတွင် ရောက်ရှိနေသော အိမ်ထောင်စုမိသားစုဝင်များအတွက် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆန်အိတ် ၅၀၊ ဆီပိဿာ ၁၀၀ နှင့် အခြားထောက်ပံ့ပစ္စည်းများအား လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ၏ ပစ်ခတ်မှုကြောင့် ဒေသခံပြည်သူတစ်ဦးဒဏ်ရာရရှိ

နေပြည်တော် အောက်တိုဘာ ၁၅

ရခိုင်ပြည်နယ် မောင်တောမြို့ကန်သာယာ(အထက်) ကျေးရွာနေ ဦးသန်းထွန်းသည် တစ်ရွာတည်းနေ ဦးခိုင်သွေးနှင့်အတူ ဝါးခုတ်ရန်ရွာတောင်ဘက် ချောင်းရိုးအတိုင်း ထွက်ခွာစဉ် နံနက် ၁၀ နာရီခန့်တွင် လျှိုအတွင်းရှိ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက လက်နက်ငယ်ဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့မှုကြောင့် ဦးသန်းထွန်းတွင် ဝဲဘက်ဆီးခုံ ဘယ်ဝမ်းဗိုက် ဖောက်ဝင်ဒဏ်ရာ ရရှိခဲ့သည်။

သေနတ်ထိမှန်ဒဏ်ရာရရှိသည့် ဦးသန်းထွန်းအား မောင်တောတိုက်နယ် ပြည်သူ့ဆေးရုံသို့ မွန်းလွဲ ၂ နာရီတွင် ပို့ဆောင်ဆေးကုသမှု ဆောင်ရွက်ပေးပြီး ဖြစ်စဉ်ဖြစ်ပွားသည့်နေရာအား တပ်မတော်စစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

မောင်တောဒေသရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တည်ငြိမ်အေးချမ်းသည့်နေရာများသို့ တပ်မတော်မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေး

နေပြည်တော် အောက်တိုဘာ ၁၅

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများကြောင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တည်ငြိမ်အေးချမ်းသည့်နေရာများသို့ တပ်မတော်ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရွက်ညိုတောင်ကျေးရွာမှ ပညာရေးဝန်ထမ်းများနှင့် မိသားစုဝင်များ စုစုပေါင်း ၄၂ ဦးကို မောင်တောမြို့သို့ တပ်မတော်မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။ **(ယာပုံ)**

ထို့ပြင် မောင်တောဒေသအတွင်းရှိ ဒေသခံပြည်သူများအတွက် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများက လှူဒါန်းသည့် မာမီးခေါက်ဆွဲ၊ အချိုရည်၊ ဘီစကစ်နှင့် စည်သွပ်ဘူးများအား တပ်မတော်မှ တာဝန်ရှိသူများက မောင်တောဒေသ တောင်ပြိုဝဲ သရက်ကျေးရွာနှင့် ရွက်ညိုတောင်ကျေးရွာရှိ ဒေသခံပြည်သူများအတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

အမည်ပြောင်း

ဇန်းမော်မြို့၊ မိုးဖိန်းကျေးရွာ အလက (ခွဲ) သတ္တမတန်းမှ မရွှေစင်ယွန်းအား အိမ်ထောင်စုစာရင်းအရ မနုနုဖွေးဟု ပြောင်းလဲခေါ်ပါရန်။ **မနုနုဖွေး**

ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ အခြေခံပညာမူလတန်းကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းစိမ်းဝတ်စုံ(၅ဒသမ ၅သန်းခန့်)ကို တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဝယ်ယူရန်ရှိပါသဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပေးသွင်းရမည့် ပုံစံများကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်တွင် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်မှစ၍ လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။တင်ဒါတွင်သွင်းရမည့် နောက်ဆုံးရက်မှာ ၂၀၁၆ခုနှစ် နိုဝင်ဘာ ၄ ရက် ညနေ ၄နာရီနောက်ဆုံးထား၍ ရုံးအမှတ် ၁၃၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များအား ရှင်းလင်းခြင်းနှင့် နမူနာပြသခြင်းများကို ၁၈-၁၀-၂၀၁၆ရက် နံနက် ၁၀နာရီတွင် ရုံးအမှတ် ၁၃၊ အခြေခံပညာဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ပြုလုပ်မည်ဖြစ်၍ လျှောက်ထားသိရှိလိုသူများတက်ရောက်ပါရန်နှင့်အခြားသိရှိလိုပါက ရုံးအမှတ် ၁၃၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်းအမှတ် ၀၆၇-၄၀၇၆၉၄၊၀၆၇-၄၀၇၃၉၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ
အခြေခံပညာဦးစီးဌာန၊နေပြည်တော်

အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း
တင်ဒါအမှတ်-၂ (၂၀၁၆-၂၀၁၇)

ရခိုင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ သံတွဲခရိုင်အတွင်းရှိ သံတွဲမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ ဂွမြို့နယ်၊ ကျိန္တလီမြို့များမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် (ငွေလုံးငွေရင်း/ ပြင်ဆင်ထိန်းသိမ်းခြင်း) ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းကျောက်မျိုးစုံ၊ ကျောက်စရစ်နှင့် ချောင်းသဲကျောက်၊ သဲ၊ သစ်၊ ဘိလပ်မြေ၊ သံချောင်းရှယ်စုံ၊ ဒီဇယ်စသည့်ပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူလိုပါသည်-

၁။ တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ သံတွဲမြို့ တွင် ၂၀-၁၀-၂၀၁၆ရက်မှ စတင်ဝယ်ယူနိုင်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပိတ်ရက်/အချိန်** - ၁၅-၁၁-၂၀၁၆ရက် မွန်းလွဲ ၂နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၇-၁၁-၂၀၁၆ရက် နံနက် ၉နာရီ

၄။ **တင်ဒါဖွင့်မည့်နေရာ** - လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ သံတွဲမြို့

၅။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင်(သို့မဟုတ်)ဖုန်း- ၀၄၃-၆၅၃၂၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး
လမ်းဦးစီးဌာန၊ သံတွဲခရိုင်

ချင်းတွင်းမြစ်အတွင်း အမြန်ရေယာဉ်တစ်စင်း တိမ်းမှောက်၊ ခရီးသည် ၁၅၇ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ၂၀ ခန့် ပျောက်နေ

ကနီ အောက်တိုဘာ ၁၅

ဟုမ္မလင်းမှ မုံရွာသို့ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက ထွက်ခွာလာသော အေးငြိမ်းချမ်းသာ အမြန်ရေယာဉ်အသင်းမှ အောင်စိုးမိုးကျော်-၂ အမြန်ရေယာဉ်သည် အောက်တိုဘာ ၁၅ ရက် နံနက် ၅ နာရီက ကနီမြို့နယ် မိချောင်းတွင်းကျေးရွာအနီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လူ ၂၀ ခန့် ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

"အောင်စိုးမိုးကျော်-၂ မော်တော်ပေါ်မှာ ဟုမ္မလင်းက ထွက်တဲ့စာရင်းအရ ခရီးသည် ၆၂ ဦး တင်ခဲ့တယ်လို့ သိရပေမယ့် ခရီးသည်တွေ ပြောတာကတော့ အယောက် ၃၀၀ နီးပါးလောက် တင်ဆောင်ခဲ့တယ်လို့ သိရပါတယ်။ ရေယာဉ်ပိုင်ရှင်က ဦးမျိုးကျော်ဖြစ်ပြီး မောင်းတဲ့သူက ကနီမြို့နယ် ချိုင်ကျေးရွာက ဦးဇော်မျိုးဝင်းဖြစ်ပါတယ်။ ရေယာဉ်ပေါ်မှာက အထက်ပိုင်းကနေ မုံရွာကို အဝေးသင်သွားတက်မယ့်သူတွေပါသလို ဆိုင်ကယ်တွေ၊ ပစ္စည်းတွေ ရသလောက်တင်တာကို တွေ့ရပြီး ခရီးသည်တွေကတားပေမယ့် ဆက်တင်တယ်လို့ ခရီးသည်အများစုက ပြောပြပါတယ်။ သူတို့ပြောစကားအရ ခရီးသည် ၃၀၀ နီးပါးလောက်ရှိတယ်ဆိုတာ သိရတော့ အခုကယ်လို့ရတဲ့ ဦးရေနဲ့ တွက်ကြည့်ရင် ပျောက်နေတာ ၁၀၀ ကျော်ရှိမယ်လို့ ခန့်မှန်းပြီး ရှာဖွေနေကြပါတယ်။

လောလောဆယ်မှာတော့ သေဆုံးအလောင်း သုံးလောင်းတွေ့ထားပြီး ကယ်ဆယ်လို့ရတဲ့သူတွေကို ကင်းရွာတိုက်နယ်ဆေးရုံ၊ မိချောင်းတွင်း ဘုန်းတော်ကြီးကျောင်းနဲ့ အထက်ကင်း ဘုန်းတော်ကြီးကျောင်းတွေမှာ ယာယီစခန်းဖွင့် ကယ်ဆယ်ထားပါတယ်။ လောလောဆယ် ကယ်ဆယ်တွေ့ရှိထားသူတွေကို ဝန်ကြီးချုပ် ဦးဆောင်တဲ့ အစိုးရအဖွဲ့က တစ်ဦးကို ငွေကျပ်နှစ်သောင်းစီ ထောက်ပံ့ထားသလို နေရပ်ပြန်လိုတဲ့ ခရီးသည်တွေကို သူတို့ဆန္ဒအတိုင်း ဆောင်ရွက်ပေးနေပါတယ်" ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းက ပြောကြားသည်။

ရေယာဉ်တိမ်းမှောက်စဉ် ပျောက်ဆုံးသူများအား ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်စဉ်

အဆိုပါ တိမ်းမှောက်ခဲ့သော ရေယာဉ်ကို ကူညီကယ်ဆယ်ရေးဆောင်ရွက်ရန်အတွက် ယနေ့ နံနက် ၅ နာရီက မုံရွာမြို့မှ အမြန်ရေယာဉ်လေးစင်း သွားရောက်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင် ဦးဆောင်သော ကူညီကယ်ဆယ်ရေး အဖွဲ့ဝင်များလည်း စုပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကနီမြို့နယ်ရဲစခန်းမှ ရဲအုပ်ကျော်သက်၏ နောက်ဆုံးရရှိသော အတည်ပြုချက်မှာ အဆိုပါ ရေယာဉ်သည် မိချောင်းတွင်းကျေးရွာအနီး မြစ်တွင်းကျောက်ဆောင်ကို ရှောင်လိုက်စဉ် တိမ်းမှောက်သွားခြင်းဖြစ်ပြီး အမြန်ရေယာဉ်ပေါ်၌ ခရီးသည်နှင့်ရေယာဉ်လုပ်သား လေးဦး အပါအဝင် လူ ၁၈၀ ကျော်ပါဝင်ကာ အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီအထိ အမျိုးသမီး အလောင်း ငါးလောင်းတွေ့ရှိထားပြီး ခရီးသည် ၁၅၇ ဦးကို ကယ်ဆယ်နိုင်ခဲ့ကာ ၂၀ ခန့် ပျောက်နေကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အမြန်ရေယာဉ်လုပ်သား လေးဦးကို အရေးယူထားပြီးဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)၊ ဓာတ်ပုံ-MFSD

အမြန်လမ်း၌ တစ်ရက်တည်း ယာဉ်မတော်တဆမှု နှစ်ခုဖြစ်၊ တစ်ဦးသေ၊ ၃၀ ကျော် ဒဏ်ရာရ

နေပြည်တော် အောက်တိုဘာ ၁၅

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ပေပင်လေးအမြန်လမ်း ရဲတပ်ဖွဲ့စခန်းအပိုင် မိုင်တိုင်အမှတ်(၂၆၂/၃ နှင့် ၂၆၂/၄)ကြား၌ ယနေ့ နံနက် ၄ နာရီ ၄၅ မိနစ်က ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ခိုင်သိန်းနိုင် မောင်းနှင်လာသော မိုးကောင်းကင် ခရီးသည်တင်ယာဉ်သည် ရှေ့မှ ယာဉ်မောင်း ဦးလှမျိုးအောင် မောင်းနှင်လာသော အကယ်ဒမီ ခရီးသည်တင်ယာဉ်ကို ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ ယာဉ်အောက်ပိုင်းကို ဝင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် မိုးကောင်းကင်ခရီးသည်တင်ယာဉ်မှ ယာဉ်မောင်းပါ အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၄၉ ဦးအနက် အမျိုးသား တစ်ဦး သေဆုံးပြီး သံဃာ တစ်ပါး၊ အမျိုးသား ငါးဦး၊ အမျိုးသမီး လေးဦး(မစိုးရိမ်ရ)ဒဏ်ရာ ရရှိခဲ့သည်။ အလားတူ အကယ်ဒမီ ခရီးသည်တင်ယာဉ်မှ ယာဉ်မောင်းပါ အမျိုးသား ၂၀ ၊ အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၄၅ ဦးအနက် အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သည်။

အဆိုပါယာဉ်မတော်တဆမှုကြောင့် မိုးကောင်းကင်ခရီးသည်တင် ယာဉ်မောင်း ခိုင်သိန်းနိုင်ကို ပေပင်လေး အမြန်လမ်းရဲတပ်ဖွဲ့စခန်းက အမှုဖွင့်ထားသည်။

အလားတူ ယနေ့ နံနက် ၅ နာရီ မိနစ် ၅၀ က မြို့ချောင်းအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၉၀/၅ နှင့် ၉၀/၆)ကြား၌ ရန်ကုန်မှ နေပြည်တော်ဘက်သို့ မောင်းနှင်လာသော လိုက်ထရပ်ယာဉ်သည် ဝဲဘက်ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကျော်တက်ကာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း ဦးကျော်နိုင် မောင်းနှင်လာသော လိုက်ထရပ်ယာဉ်ကို မျက်နှာချင်းဆိုင်တိုက်ခဲ့သည်။ **(အောက်ဝဲပုံ)**

အဆိုပါဖြစ်စဉ်ကြောင့် လိုက်ထရပ်နှစ်စီးပေါ်ပါ ၂၁ ဦးအနက် အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ကိုးဦး ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သည်။ သို့ဖြစ်၍ ယာဉ်မောင်း ဖြိုးငွေလင်းကို မြို့ချောင်းအမြန်လမ်းရဲစခန်းက အမှုဖွင့်ထားသည်။

ထို့အတူ ယမန်နေ့ ညနေ ၄ နာရီခွဲက ဘောနက်ကြီးအမြန်လမ်းမကြီး ရဲစခန်းအပိုင် မိုင်တိုင်အမှတ် ၂၅/၆ နှင့် ၂၅/၇ အကြား ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း စိန်လှအောင် မောင်းနှင်လာသော လိုက်ထရပ်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါ ၂၂ ဦးအနက် ၁၀ ဦး ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ယာဉ်မောင်း စိန်လှအောင်ကို ဘောနက်ကြီး အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ သိရသည်။

သန်းဦး(လေးမျက်နှာ)

ငါးများတင်ဆောင်လာသော ထော်လာဂျီယာဉ်တိမ်းမှောက်

ထားဝယ် အောက်တိုဘာ ၁၅

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် မောင်းမကန်တောင်ပေါ်၌ အောက်တိုဘာ ၁၄ ရက် ညနေ ၅ နာရီခွဲခန့်က မောင်းမကန် - ထားဝယ်သွားကားလမ်း မိုင်တိုင်အမှတ် (၇/၆)နှင့် (၇/၇)ကြား၌ ငါးများတင်ဆောင်လာသော ထော်လာဂျီယာဉ်တိမ်းမှောက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်းကိုကိုလတ်သည် မောင်းမကန်ရွာမှ ထားဝယ်မြို့သို့ ငါးများပို့ရန် ငါးပုံးများနှင့် အမျိုးသမီး ငါးဦး တင်ဆောင်လာပြီး မောင်းမကန်ရွာမှ ထားဝယ်မြို့သို့ မောင်းနှင်းလာစဉ် ညနေ ၅ နာရီခွဲခန့်က မိုင်တိုင်အမှတ် (၇/၆) နှင့် (၇/၇)အကြား တောင်အဆင်း၌ ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါလာသူများ ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် ထားဝယ်ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ယာဉ်မောင်း ကိုကိုလတ်ကို မောင်းမကန်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ယာဉ်ကျော်တက်စဉ် ရှေ့မှလာသောဆိုင်ကယ်နှင့် တိုက်မိ

ကျောင်းကုန်း အောက်တိုဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပေါက်ပင်ကွင်းကျေးရွာအနီး ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။ အမှုမှာ အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ရန်ကုန်-ပုသိမ်ကားလမ်း ပေါက်ပင်ကွင်းကျေးရွာအနီး ရန်ကုန်ဘက်မှ ပုသိမ်ဘက်သို့ ယာဉ်မောင်း တင်ရီ(၃၈နှစ်) တောင်ဥက္ကလာပမြို့နယ်နေသူ မောင်းနှင်သော 4J/---- တိုရိုတာကိုရိုလာယာဉ်မှာ မှန်လုံယာဉ်တစ်စီးကို ကျော်တက်စဉ် မျက်နှာချင်းဆိုင်မှ သန်းထိုက်(၃၉ နှစ်) ခနုံးချောင်းရွာနေသူ မောင်းနှင်လာသော KENBO 110 ဆိုင်ကယ်နှင့် တိုက်မိပြီး သန်းထိုက်တွင် ဒဏ်ရာများရရှိသွားခဲ့သဖြင့် တင်ရီကို ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၅၂၃၆၄ Honda SCOOPYi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထက် ၉/ခအဇ(နိုင်)၀၅၄၃၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၅၇၀၅ ဇော် CYCLE II(2C-2)M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအေးအေးမိုး ၁၃/နခန (နိုင်)၀၅၅၁၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

ပျောက်ဆုံးကြောင်း

ဒေါ်ရှန်ထာနဲမ်း (ဘ)ဦးခွာမန်း ၄/ဟခန(နိုင်)၀၀၀၅၅၅၏ မြန်မာနိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၉၁၃၈၁၃၉**

မိခင်အမည်မှန်

ကျိုက်ထိုမြို့၊ အထက(ခွဲ) ကျိုက္ကသာ တက္ကသိုလ်ဝင်တန်း(A)မှ မဆွေဇင်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်ခင်လဲ့လဲ့မျိုး ၁၀/ကထန(နိုင်)၀၇၅၉၉၇ ဖြစ်ပါကြောင်း။ **ဒေါ်ခင်လဲ့လဲ့မျိုး**

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/4657 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/8015 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/8379 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

လူပျောက်

ကျွန်တော်၊ ကျွန်မတို့၏သမီး မနိုနိုထူးလွင် အသက် (၁၅)နှစ်သည် ၁၂-၉-၂၀၁၆ရက်မှ ယနေ့တိုင်ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။ သွေးဆောင်ဖြားယောင်းထားသူများ တရားဥပဒေအရ အရေးယူမည်။ မိဘများ စိတ်ပူနေ၍ အမြန်ပြန်လာပါ။

ဖုန်း-၀၉-၂၅၇၄၂၃၇၁၄၊ ၀၉-၇၉၃၈၉၃၀၃၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/9417, Toyota Caldina CT 190,S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုထွန်း ၁၀/မလမ(နိုင်)၀၃၆၆၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ က-ရပ်ကွက်၊ က/၁ လမ်း၊ တိုက်အမှတ်-၁၁၊ ပထမထပ်၊ အလျား× အနံ(၁၈'× ၅၄')ပေရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သူ ကန်ထရိုက်တာ ဦးကျော်ထွန်းလှိုင် (၁၂/သခန(နိုင်)၁၁၈၉၁၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်တွင်းနောက်ဆုံးထားပြီး အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစောတာကပေါ်(LLB., D.B.L., D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၀၃)
တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၄၄၈၀၀၃၃၂၄၊ ၀၁-၆၄၂၇၈၇

ရွှေထူးလွင်

ချောင်းသာ ၊စားတည်းငြိမ်း၊(ဖောင်တော်ဦးဘုရားပွဲ)

တိုက်(၄၄၄/ခ)၊ ရွှေဘုံသာလမ်း Ph: 09 450044494, 09 450044496

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ္ပတ်ကျေးရွာ၊ ကွင်းအမှတ်- ၅၆၀ ^{C}၊ ဦးပိုင်အမှတ် (N-1)နှင့်(၁/ခ) တို့တွင်တည်ရှိသော စုစုပေါင်းအကျယ်ပေ (၃၀၀×၁၄၂)၊ ဧရိယာ ၀ဒသမ ၉၉ ဧကရှိ မြေကွက်နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ ဧရိယာ ၀ဒသမ ၉၉ ဧကရှိ မြေကွက်အား လက်ဝယ်ထားရှိပြီး လယ်ဂရန် အမည်ပေါက် ပိုင်ရှင်ဦးကိုကိုကြီး ၁၂/မဂတ(နိုင်)၀၈၂၆၅၇ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုဝင်း ၂/ဒမဆ(နိုင်)၀၀၀၈၂၀ က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ ၁၄ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)
ဖုန်း-၀၉-၅၁၈၉၆၈၉၊၀၉-၇၈၅၁၈၉၆၈၉

အပြည်ပြည်ဆိုင်ရာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၅
မြန်မာနိုင်ငံအတွင်းရှိ စက္ခုအာရုံချို့ယွင်းသူ လူကြီး၊ လူငယ်များ စိတ်ဓာတ်ခွန်အားဖြစ်စေရန် ၁၉၉၂ ခုနှစ်ကစတင်ကာ နှစ်စဉ် အောက်တိုဘာ ၁၅ ရက်နေ့ကို နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့အဖြစ်ကျင်းပခဲ့ရာ ၂၀၁၆ခုနှစ် အောက်တိုဘာ ၁၅ ရက် နံနက် ၆ နာရီက (၂၅)ကြိမ်မြောက် အခမ်းအနားကို ရန်ကုန်မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။

"မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာရှိတဲ့ အမြင်အာရုံ ချို့တဲ့သူတွေထဲမှာမှ တချို့ဆို အိမ်တွင်းပုန်းပြီးနေကြတာရှိတယ်။ ဘယ်အဖွဲ့အစည်းကိုမှ မရောက်သေးတဲ့ဘဝတူတွေရှိတယ်။ သူတို့ကိုလည်း ကျွန်တော်တို့နဲ့အတူ အခုလို အပြည်ပြည်ဆိုင်ရာ လမ်းလျှောက်တုတ်နေ့မှာလာရောက်ပြီးတော့ နှစ်စဉ်နှစ်တိုင်းပါဝင်စေချင်ပါတယ်။ ကျွန်တော်တို့လို အမြင်အာရုံချို့တဲ့သူတွေ ဒီထက်မက ဖွံ့ဖြိုးတိုးတက်စေချင်ပါတယ်"ဟု လှိုင်သာယာ စုပေါင်းအားမာန်ကျောင်းမှ မောင်အောင်ကိုဦးက ပြောသည်။

အဆိုပါ(၂၅)ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲသို့ နိုင်ငံတစ်ဝန်းမှ မျက်မမြင်ကျောင်းများနှင့် အသင်းအဖွဲ့များမှ မျက်မမြင် အမျိုးသား ၆၂၆ ဦး၊ အမျိုးသမီး ၄၀၄ ဦး စုစုပေါင်း ၁၀၃၀ တို့သည် မြို့တော်ခန်းမရှေ့မှ ကမ်းနားလမ်းနှင့် မဟာဗန္ဓုလလမ်းအတိုင်း လမ်းလျှောက်ကြရာ လမ်းတစ်လျှောက်တွင် ရပ်ကွက်သူရပ်ကွက်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မုန့်၊ အချိုရည်များ ဝေငှပေးခဲ့ကြပြီး လမ်းလျှောက်သူများမှာ မြို့တော်ခန်းမအတွင်း ပြန်လည်ပန်းဝင်ခဲ့ကြသည်။

ထွန်းအောင်ရှိန်၊ ဓာတ်ပုံ-မောင်မောင်

ချယ်လ်ဆီးတို့ လက်စတာကို ဂိုးပြတ်နိုင်

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၈) အစောဆုံးပွဲစဉ်အဖြစ် အောက်တိုဘာ ၁၅ ရက် (စနေနေ့) ညနေပိုင်းက ချယ်လ်ဆီးနှင့် လက်စတာစီးတီးအသင်းတို့ယှဉ်ပြိုင်ခဲ့ရာ အိမ်ရှင်ချယ်လ်ဆီးအသင်း သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် ချယ်လ်ဆီးနည်းပြ ကွန်တီသည် ၃-၄-၃ ပုံစံဖြင့် တိုက်စစ်မြှင့်ကာ ကော်စတာ၊ ဟာဇတ်၊ ပက်ဒရိုတို့အတွဲဖြင့် ပွဲထွက်လာသည်။

လက်ရှိချန်ပီယံ လက်စတာအသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် မူဆာနှင့်ဗာဒီတို့ ပွဲထွက်လာသည်။ ပွဲစပြီး ခုနစ်မိနစ်တွင် မာတစ်၏ဖန်တီးမှုမှ တစ်ဆင့် တိုက်စစ်မှူး ကော်စတာက ချယ်လ်ဆီးအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် ၃၃ မိနစ်တွင် ဟာဇတ်က ချယ်လ်ဆီးအတွက် ဒုတိယမြောက်ဂိုးကို အနီးကပ်သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် ဧည့်သည်လက်စတာအသင်း လူစားလဲမှုများပြုလုပ်ခဲ့သော်လည်း ချေပဂိုးမသွင်းယူနိုင်ဘဲ မိနစ် ၈၀ တွင် ချယ်လ်ဆီးကွင်းလယ်ကစားသမား မော့ဆက်က တတိယမြောက်ဂိုးသွင်းယူခဲ့သည်။ ယနေ့ပွဲတွင် အိမ်ရှင်အသင်းဘောလုံးပိုင်ဆိုင်မှုအနည်းငယ် အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၃ ကြိမ်ရရှိကာ ခုနစ်ကြိမ် ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ လက်စတာအသင်းသည် ငါးကြိမ်ကန်သွင်းခွင့်ရပြီး တစ်ကြိမ်သာ ဂိုးပေါက်တည့်ခဲ့သည်။

ပွဲစဉ် (၈)အပြီး ချယ်လ်ဆီးအသင်း ရမှတ် ၁၆ မှတ်ရရှိထားပြီး လက်ရှိချန်ပီယံ လက်စတာက ရှစ်ပွဲကစားအပြီး နှစ်ပွဲသာအနိုင်ရရှိထားကာ နှစ်ပွဲသရေ၊ လေးပွဲရှုံး ရမှတ် ရှစ်မှတ်သာရရှိထားသည်။ **သီဟ**

ပရီမီယာလိဂ်ပွဲစဉ်(၈)အနိုင်/အရှုံး

အာဆင်နယ်	၃	-	၂	ဆွမ်ဆီး
ဘုန်းမောက်	၆	-	၁	ဟားလ်
မန်စီးတီး	၁	-	၁	အဲဗာတန်
စတုတ်	၂	-	၀	ဆန်းဒါးလန်း
ဝက်စ်ဘရွန်း	၁	-	၁	စပါး

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၇)အနိုင်အရှုံး

ဂလာဘတ်	၀	-	၀	ဟမ်းဘတ်
ကိုလုံး	၂	-	၁	အင်ဂိုစတက်
အော့စဘတ်	၁	-	၁	ရှော်လ်ကေး
ဟော်ဖန်ဟိန်း	၂	-	၁	ဖရိုင်းဘတ်
ဖရန့်ဖတ်	၂	-	၂	ဘိုင်ယန်
ဒေါ့မွန်	၁	-	၁	ဟာသာဘာလင်

Viettel World Cup 2016 ပြိုင်ပွဲ DAGON FC ဘောလုံးအသင်း အနိုင်ရဗိုလ်စွဲ

ရန်ကုန် အောက်တိုဘာ ၁၅
Viettel Group က ကြီးမှူး၍ ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိသော Viettel World Cup 2016 ဗိုလ်လုပွဲကို အောက်တိုဘာ ၁၅ ရက် ညနေပိုင်းက Viettel အားကစား အကယ်ဒမီ၏ ဘောလုံးကွင်း၌ ဗီယက်နမ်နိုင်ငံကိုယ်စားပြု ဗီယက်နမ် B-2 အသင်းနှင့် မြန်မာနိုင်ငံကိုယ်စားပြု DAGON FC ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ DAGON FC ဘောလုံးအသင်းက ဗီယက်နမ် B-2 အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရဗိုလ်စွဲကာ Viettel World Cup 2016 ဆုဖလားကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

DAGON FC ဘောလုံးအသင်း သည် အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် ခန္ဓာ ကိုယ် အရွယ်အစား ကြံ့ခိုင်သန်စွမ်း သာလွန်သောပြိုင်ဘက် မိုဇမ်ဘစ်အသင်းကို ခက်ခက်ခဲခဲကစား၍ အနိုင်ရယူခဲ့ကြောင်း သိရသည်။ **အေးမင်း**

တရားစွဲဆိုထားမှု ရုပ်သိမ်းပေးခြင်းအတွက် ကျေးဇူးတင်ရှိခြင်း

၁။ ရွှေစင်စကြာ်ကုမ္ပဏီလီမိတက်မှ ၅-၄-၂၀၁၅ရက် ယာဉ်တိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)အား မှားယွင်းစွာ စွပ်စွဲဖော်ပြခြင်း၊ နို့တစ်စာပေးပို့ခြင်းများ ဆောင်ရွက်ခဲ့ရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)၏ ဂုဏ်သိက္ခာနှင့် Media ပုံရိပ်များကို အတိုင်းအဆမဲ့ထိခိုက်နစ်နာခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ ထုတ်လွှင့်နေသည့် ဆက်စပ်ရုပ်သံလိုင်းများကို ကြည့်ရှုနေသည့် ပြည်သူလူထု၏ ယုံကြည်မှုကျဆင်းစေခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) မှ ရွှေစင်စကြာ်ကုမ္ပဏီလီမိတက်သို့ တရားစွဲဆိုခဲ့ပါသည်။

၂။ ယခုအခါ ရွှေစင်စကြာ်ကုမ္ပဏီလီမိတက်သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)သို့ ယာဉ်တိုက်မှုဖြစ်စဉ်ထုတ်လွှင့်မှုနှင့်ပတ်သက်၍ မှားယွင်းစွာ စွပ်စွဲဖော်ပြခြင်း၊ နို့တစ်စာပေးပို့ခြင်းတို့အတွက် ၉-၁၀-၂၀၁၆ရက်ထုတ် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် အနူးအညွတ်တောင်းပန်ခဲ့ပါသည်။

၃။ ထိုသို့ တောင်းပန်ခဲ့ခြင်းကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)သည် စိတ်သဘောထားဖြူစင်စွာဖြင့် ရွှေစင်စကြာ်ကုမ္ပဏီလီမိတက်အပေါ် တရားစွဲဆိုထားမှုအား ရုပ်သိမ်းပေးခဲ့မှုအပေါ် ရွှေစင်စကြာ်ကုမ္ပဏီမှ အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

၄။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ရွှေစင်စကြာ်ကုမ္ပဏီလီမိတက်

ခ ရီး သွား ဆောင်း ပါး

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - မောင်ချစ်ကြည်

ကျွန်တော်တို့ စီးလာသောကားက ရန်ကုန်-ပြည်လမ်းပေါ်တွင် တရိပ်ရိပ်ပြေးနေသည်။ နံနက်စောစောဖြစ်၍လားမသိ ကားရှင်းနေရာ ခရီးတွင်သည်။ ကုန်တင်ကား၊ ကိုယ်ပိုင်ကားနှင့် ခရီးသည်ယာဉ်တို့ တစ်စီးစနှစ်စီးစ ရှောင်တိမ်းရသည်ဖြစ်ရာ လမ်းရှင်းနေသည်။ ရန်ကုန်-ပြည်လမ်းသည် ယခင်က မြန်မာနိုင်ငံတွင် အကောင်းဆုံးကားလမ်းတစ်လမ်းအဖြစ် တည်ရှိခဲ့သော်လည်း ယခုအခါ အချို့နေရာများ၌ ပြင်ဆင်ရန်လိုအပ်လာသည်ကို သတိပြုမိသည်။ ကားလမ်းဝဲယာမြင်ကွင်းများကို ကြည့်ရှုလေ့လာနေရာမှ ဇီးကုန်းမြို့ကို ကျော်ဖြတ်လာသည်။ "နတ်တလင်းမြို့ရောက်တော့မယ်" ဟု ယာဉ်မောင်းက သတိပေးစကားဆိုလိုက်သဖြင့် ပတ်ဝန်းကျင်ကို ငေးမောနေသော ကျွန်တော် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ တစ်ကြိမ်တစ်ခါမျှ မရောက်ဘူးသော နတ်တလင်းမြို့သို့ ကျွန်တော်ရောက်ခဲ့ပြီ။

သမိုင်းအခင်းအကျင်းများနှင့် နတ်တလင်းမြို့ဆီသို့

ဥက္ကံ၊ သာယာဝတီ၊ ကြို့ပင်ကောက်နှင့် ဇီးကုန်းမြို့များသို့ ကျွန်တော်ရောက်ခဲ့ဖူးသည်။ တာဝန်ဖြင့် လာရောက်ခဲ့သော်လည်း ထိုမြို့များမှာ ကျွန်တော်နှင့်မစိမ်း၊ နတ်တလင်းမြို့ကိုသာမရောက်ဘူးခြင်းဖြစ်သည်။ ယခုလည်း ပေါင်းတည်မြို့သို့ တာဝန်ဖြင့် လာရောက်ရင်း အချိန်ရသမျှ နတ်တလင်းမြို့ကို ဝင်ရောက်လေ့လာခြင်းဖြစ်သည်။ "နတ်တလင်းမြို့ လှိုက်လှဲစွာကြိုဆိုပါ၏" ဟူသော စာလုံးကို အစိမ်းရောင်အောက်ခံ၊ ရွှေရောင်စာလုံးဖြင့် ရေးသားထားသော မြို့အဝင် ကြိုဆိုရေးဆိုင်းဘုတ်ကို မြင်တွေ့ဖြတ်ကျော်ခဲ့သည်။ နတ်တလင်းမြို့က ရန်ကုန်-ပြည်လမ်းပေါ်တွင် တည်ရှိရာ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသော မြို့တစ်မြို့အဖြစ် သတိပြုမိသည်။

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် နတ်တလင်းမြို့နယ်အတွင်း တည်ရှိသော နတ်တလင်းမြို့က ရန်ကုန်နှင့် ကီလိုမီတာ ၁၉၀ ကျော် ကွာဝေးသည်။ နတ်တလင်းနှင့် ပေါင်းတည်မြို့က ၈ ဒသမ ၅ ကီလိုမီတာသာ ကွာဝေးရာ ခရီးက မဝေး၊ နတ်တလင်းမြို့က ပေါင်းတည်မြို့နှင့် အနီးဆုံးနေရာတွင်ရှိနေသည်။ စိုက်ပျိုးရေးနှင့် အရောင်းအဝယ်လုပ်ငန်းများကို လုပ်ကိုင်သော နတ်တလင်းမြို့က အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်ရှိသည်ကို မြင်တွေ့ရသည်။

ကျွန်တော်တို့ နတ်တလင်းမြို့တွင်း ရောက်ခဲ့ကြသည်။ ဆိုင်ကယ်စီးသူများပြီး သွားလာရေးတွင် အဓိက အသုံးပြုရသည်ကို သတိပြုမိသည်။ နတ်တလင်းမြို့ကို ဖြတ်သန်းသွားသော ရန်ကုန်-ပြည်လမ်း၏ လမ်းဘေးဝဲယာတွင် အိုးအိမ်ကောင်းများတွေ့ရပြီး ဆိုင်များ၊ အိမ်ဆိုင်များနှင့် စည်ကားသည်။ နတ်တလင်းမြို့သည် တဖြည်းဖြည်းနှင့် တိုးတက်ဖွံ့ဖြိုးလာသော ပုံရိပ်များကို မြင်တွေ့နေရပြီဖြစ်သည်။ မြို့နယ်ရုံးစိုက်ရာ မြို့လည်းဖြစ်ရာ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းတွင် ထင်ရှားသည့် မြို့တစ်မြို့လည်းဖြစ်သည်။

ကျွန်တော်တို့ နတ်တလင်းမြို့ရှိ တန်ခိုးကြီးဘုရားဖြစ်သော သကျမဟာမြတ်မုနိဘုရားကြီးကို ဖူးမြော်ရန်သွားရောက်ခဲ့ကြသည်။ သကျမဟာမြတ်မုနိဘုရားကြီးမှာ မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး ပုံတော်အတိုင်း သွန်းလုပ်ကိုးကွယ်ထားခြင်းဖြစ်သည်။ နတ်တလင်းမြို့ လဲတောတိုက်နယ်သူကြီး ဦးရွှေဖျော့က သွန်းလုပ်ပူဇော်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၇ ခုနှစ် ဇွန် ၁၂ ရက်၌ ပြီးစီးခဲ့ခြင်းဖြစ်သည်။ ကြည်ညိုသပ္ပာယ်စရာကောင်းသော သကျမဟာမြတ်မုနိဘုရားကြီးကို ရှိခိုးဦးချကာ ခေတ္တထိုင်ပြီး လေ့လာမိသည်။

မန္တလေးမြို့ရှိ မဟာမုနိဗုဒ္ဓရုပ်ပွားတော်ကြီးအတိုင်း ပုံသဏ္ဌာန်တူ သွန်းလုပ်ပူဇော်ထားခြင်းဖြစ်ပြီး ကြေးချိန်ပိဿာ ၄၁၀၀ နှင့် လက်ခ ငွေကျပ် ၂၅၀၀ ကုန်ကျခဲ့ကြောင်း သိရသည်။ သကျမဟာမြတ်မုနိဘုရားကြီးသည် ဉာဏ်တော်အမြင့် ခုနစ်တောင် နှစ်မိုက်ရှိကာ ကုန်းမြင့်ပေါ်တွင် တည်ထားခြင်းဖြစ်သည်။ ယင်းကုန်းမြင့်ကိုလည်း ဗုဒ္ဓရုပ်ပွားတော်ကြီး မသွန်းလုပ်မီတစ်လခန့်၌ပင် အနီးဝန်းကျင်ရှိ တိုက်နယ်သူကြီးများ စည်းဝေးကာ ပြည်တောင်တန်းမှ ကျောက်များ၊ မြေများကို သယ်ယူပြီး ကုန်းမြင့်ဖို့ကာ ခြောက်တောင်အမြင့်ရှိ တောင်ကုန်းပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် လေးငါးရက်ကပင် သကျမဟာမြတ်မုနိဘုရားကြီးကို ကုသိုလ်ဖြစ်ရောင်တော်ဖွင့်ပွဲပြုလုပ်ခဲ့သဖြင့် ဗုဒ္ဓရုပ်ပွားတော်ကြီးမှာ မျက်နှာတော်မှာ ကြည်လင်ကာ ကြည်ညိုသပ္ပာယ်စရာကောင်းနေသည်။ တန်ဆောင်းအတွင်း အခြားဗုဒ္ဓဆင်းတုများကိုလည်း ရောင်တော်ဖွင့်ပေးထားသဖြင့် ဘုရားဖူးလာသူများအတွက် ကြည်ညိုသဒ္ဓါစိတ်ပွားများမှု ဖြစ်ပေါ်စေသည်ဟု ခံစားရနေမိသည်။

"နှစ်စဉ် တန်ဆောင်မုန်းလတိုင်း ဘုရားပွဲတော်ကျင်းပတယ်" ဟု အတူလိုက်ပါလာသူ နတ်တလင်းမြို့သား ကိုကျော်မြင့်က ပြောပြသည်။ သကျမဟာမြတ်မုနိဘုရားပွဲတော်က စည်ကားသည်။ နာမည်ကျော်မီးပုံးပျံ ဦးကျော်ရင်၏ သားဖြစ်သူ ဦးကျော်လင်းက ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာ ၂ ရက်က နတ်တလင်းအထက်တန်းကျောင်းဝင်းအတွင်းမှနေ၍ မီးပုံးပျံကို အမြင့်ပေ ၁၀၀၀ ကျော်အထိ စီးနင်းပြသကာ ကောင်းကင်၌ ကျွမ်းဘားကစားပြခဲ့ကြောင်း ကိုကျော်မြင့်က ပြောပြသည်။ ထိုစဉ်က ဦးကျော်လင်း မီးပုံးပျံစီးနင်းပြသသည်ကို ပရိသတ်တစ်သိန်းကျော် လာရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ကြိတ်ကြိတ်တိုးစည်ကားခဲ့ကြောင်း၊ ရန်ကုန်-ပြည်ရထားလည်း ရထားလမ်းပေါ်၌ လူအုပ်ကြီးများပြားသဖြင့် ရထားဆက်မမောင်းဘဲ ရပ်ပေးခဲ့ရာ ရထားစီးခရီးသည်များပါ ကြည့်ရှုခွင့်ရခဲ့ကြောင်း၊ သာယာဝတီအရေးပိုင်က ဦးကျော်လင်းအား ရွှေတံဆိပ်ဆု ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း စိတ်ဝင်စားစရာပြောပြသည်။ မီးပုံးပျံဦးကျော်ရင်၏ သား ဦးကျော်လင်းမှာ စာပေဗိမာန်၌ လက်ထောက်အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သူတစ်ဦးဖြစ်ကြောင်းလည်း သိရသည်။

ကျွန်တော်တို့ သကျမဟာမြတ်မုနိဘုရားကြီးကို ဖူးမြော်ပြီး ပြန်ထွက်လာခဲ့ကြသည်။ နတ်တလင်းမြို့က သွားလာသူများနှင့် လှုပ်ရှားစည်ကားစပြုနေပြီဖြစ်သည်။ နေ့စဉ်လုပ်ငန်းလည်ပတ်မှုများကို စတင်နေကြပြီဖြစ်ရာ လမ်းများပေါ်ဝယ် စက်ဘီး၊ ဆိုင်ကယ်၊ ကားများသွားလာနေသည်ကို တွေ့ရသည်။ ကျွန်တော်တို့ နံနက်စောစာစားရန် လက်ဖက်ရည်ဆိုင်တစ်ဆိုင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ မုန့်ဟင်းခါးပါတွဲပြီးရောင်းသဖြင့် နတ်တလင်းမုန့်ဟင်းခါးကို စားကြည့်ခဲ့သည်။ ရန်ကုန်မုန့်ဟင်းခါးလို အရောင်တင်မှုန့်အလွန်အကျွံသုံးစွဲထားခြင်းမရှိ၊ ငုက်ပျောပင်ဖတ်များများမပါသော်လည်း စားကြည့်ရာ ငါးများသဖြင့် ထူးခြားသော အရသာကို ခံစားရသည်။ မုန့်ဟင်းရည် အနည်းငယ်ကျဲသော်လည်း ငါးအရသာကြောင့် စားရသည်မှာ ခံတွင်းတွေ့လှသည်။

ကျွန်တော်မြန်မာနိုင်ငံတစ်ဝန်း နယ်မြို့များကို ခရီးထွက်တိုင်း ဒေသရိုးရာအစားအစာများကို တမင်ရွေးချယ်ပြီးစားသည်။ အစားအစာအတော်များများသည် ရန်ကုန်မြို့တွင် ဝယ်ယူစားသောက်နိုင်သော်လည်း မတူ၊ ဒေသအစားအစာများသည် သူ့ဒေသ၌စားလျှင် အရသာထူးခြားပြီး အဓိပ္ပာယ်လေးနက်သည်။ ခံစားမှုပိုမိုနက်ရှိုင်းသည်။ ဒေသရေမြေနှင့်တစ်သားတည်းရှိသည်ဟူသော ခံစားမှုလည်း ပေးစွမ်းနိုင်သည်ဟု ယူဆမိသည်က အမှန်ပင်။

နံနက်စောစာစားပြီး ကျွန်တော်တို့နတ်တလင်းမြို့တွင်း လိုက်လံလေ့လာခဲ့ကြသည်။ မြို့တွင်းလမ်းအချို့အဆင့်မြှင့်တင်ရန် လိုအပ်နေသော်လည်း အချို့လမ်းများမှာ ကောင်းမွန်နေသည်။ အိုးအိမ်၊ တိုက်တာကောင်း အချို့တွေ့ရပြီး နတ်တလင်းမြို့သည်

ဖွံ့ဖြိုးရန် အရှိန်ယူနေသည့် အသွင်ကို ဆောင်နေသည်ဟု သတိပြုမိသည်။ တကယ်တော့ နတ်တလင်းသည် ၁၈၅၂ ခုနှစ်အထိ မြို့အဖြစ်မရောက်သေး၊ တာပွန်မြို့သူကြီးလက်အောက်ခံနယ်မြေအတွင်းရှိ ရွာကြီးတစ်ရွာအဖြစ်သာ တည်ရှိခဲ့သည်။ နတ်တလင်းမြို့ ယခုရွာမရပ်ကွက်နေရာတွင် ယခင်ကရွာမကလေးရွာရှိခဲ့သည်။ ထိုစဉ်က ရွာမကလေးရွာအနီးတွင် ညောင်ပင်ပတ်ထားသော ညောင်သခွတ်ပင်ကြီးရှိရာ ယင်းညောင်သခွတ်ပင်ခြေရင်းတွင် နတ်စင်တစ်ခုရှိသည်ဆို၏။ နတ်စင်ရှေ့မြေတလင်းသည် အမြဲတမ်းပြောင်ရှင်းနေရာ နတ်တို့က လာရောက်ရှင်းလင်းပေးကြသည်ဟုလည်း စွဲထင်ယုံကြည်ကြသည်။ နတ်စင်ရှေ့တလင်းပြင်တွင် ပြည်မင်းနှင့် တောင်ငူမင်းတို့ ကြက်တိုက်လေ့ရှိသည်ဟု ရှေးလူကြီးများဆိုကြသည်။ ၁၈၇၇ ခုနှစ်တွင် ရန်ကုန်-ပြည်ရထားလမ်းဖောက်လုပ်ရာ ဘူတာရုံထားရှိခဲ့ပြီး နတ်တလင်းဟု အမည်ပေးခဲ့သည်။ နောက်ပိုင်း တဖြည်းဖြည်းစည်ကားခဲ့ရာမှ ၁၉၀၆ ခုနှစ်တွင် မြို့ကွက်ရိုက်ကာ မြို့အဖြစ် စတင်တည်ခဲ့ပြီး ၁၉၀၈ ခုနှစ်၌ မြို့ပိုင်အဖြစ် ဦးကြည်က တာဝန်ယူအုပ်ချုပ်ခဲ့ခြင်းဖြစ်သည်ဟု ဦးကျော်မြင့်က ပြောပြသည်များကို နားထောင်မှတ်သားခဲ့ရသည်။ သြော်... မြို့တိုင်း၊ ရွာတိုင်းမှာ စိတ်ဝင်စားစရာသမိုင်းကြောင်းများရှိနေခဲ့သည်ပင်။

"ဆင်ခိုးမလေးဘုရားသွားရအောင်" ဟု ဦးကျော်မြင့်က ပြောသဖြင့် စိတ်ဝင်စားပြီး သွားရောက်ခဲ့ကြသည်။ နတ်တလင်းမြို့ မြို့လယ်ကျောင်းတိုက် ပရိဝုဏ်အတွင်း တည်ထားကိုးကွယ်ထားသော ဆင်ခိုးမလေးဘုရားသို့ ကျွန်တော်တို့ရောက်ရှိခဲ့ကြသည်။ အတုလမာရဇိန်စေတီတော်ဟု အမည်ပေးထားသော မြေစိုက်စေတီအနီး တန်ဆောင်းတစ်ခုအတွင်း ဆင်ခိုးမလေးဘုရားကို ဖူးတွေ့ရသည်။ ထိုင်လျက် ဗုဒ္ဓရုပ်ပွားတော်ဖြစ်ပြီး ကြည်ညိုပီတိဖြစ်စွာ ဖူးမြော်လိုက်ရာ ထူးခြားသော စိတ်ခံစားမှုဖြစ်ပေါ်ရသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်း သီပေါမင်းလက်ထက်တွင် နန်းတွင်းကချေသည် ဆင်ခိုးမလေးအမည်ဖြင့် ကျော်ကြားခဲ့သည့် ဒေါ်မှင်သည် အသက်အရွယ်ကြီးရင့်လာသည့်အခါ ရွာမရွာ(ယခုရွာမရပ်ကွက်)တွင် အခြေချနေထိုင်ခဲ့သည်။ ထို့နောက် မြို့လယ်ကျောင်းပရိဝုဏ်အတွင်း ဇရပ်တစ်ဆောင်ဆောက်လုပ်လှူဒါန်းခဲ့ပြီး ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကိုလည်း လှူဒါန်းခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်း လဲတောတိုက်နယ်သူကြီး ဦးရွှေဖျော့က ဦးဆောင်ကာ သိမ်တစ်လုံးတည်ဆောက်ပြီး သိမ်နံရံသုံးဖက်၌ ဗုဒ္ဓရုပ်ပွားတော်များ တည်ခဲ့ရာတွင် ဆင်ခိုးမလေးဗုဒ္ဓရုပ်ပွားတော် အပါအဝင် ခြောက်ဆူရှိခဲ့သည်။ ဝိပဿီမြတ်စွာဘုရားရုပ်ပွားတော်မှာ ဆင်ခိုးမလေးဘုရားပင်ဖြစ်သည်ဟု ဦးကျော်မြင့်က ရှင်းပြသည်များကို နားထောင်မှတ်သားခဲ့ရသည်။

အတန်ကြာလေ့လာပြီးနောက် ဆင်ခိုးမလေးဘုရားမှ ဘိုးသာအောင် ကုန်းတံတားဘက်သို့ ထွက်လာခဲ့ကြသည်။ ဘိုးသာအောင်ကုန်းတံတားသည် နတ်တလင်းမြို့ မြောက်ဘက်နှစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ ယခုအခါ တံတားပေ ၂၅၀ ရှိပြီး အကျယ် ၂၄ ပေရှိသော ဘိုးသာအောင်ကုန်းတံတားက သမိုင်းဝင်ဖြစ်ရပ်များကို အမှတ်တရမှတ်တမ်းအဖြစ် ဖော်ပြနေသယောင်၊ ကားပေါ်မှ မဆင်းတော့ဘဲ ဓာတ်ပုံမှတ်တမ်းရယူပြန်ထွက်လာခဲ့သည်။

နတ်တလင်းမြို့ဘက်သို့ ပြန်လာရင်း နတ်တလင်းမြို့ဇာတိ ထင်ရှားသူအချို့ဖြစ်သည့် တိုးတက်ရေးဦးစိန်(ဦးဗဂျိုင်)နှင့် ကွယ်လွန်သွားရှာပြီဖြစ်သော ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေတို့ကို အမှတ်ရစိတ်ဖြစ်မိသည်။ ပြည်သူ့အကျိုးကို တတ်စွမ်းသမျှ သယ်ပိုးဆောင်ရွက်သွားကြသူများဖြစ်ရာ လွမ်းဆွတ်စိတ်ဖြင့် သတိရနေမိသည်။

နတ်တလင်းမြို့တွင် ဦးကျော်မြင့်နေရစ်ခဲ့ပြီး ကျွန်တော်တို့ ပေါင်းတည်မြို့သို့ ခရီးဆက်ခဲ့သည်။ သမိုင်းမှတ်တမ်းအခင်းအကျင်းများနှင့် နတ်တလင်းမြို့က တဖြည်းဖြည်းဝေးပြီး ကျန်ရစ်ခဲ့ပြီ။ ။









အ ခွ င့် အ လ မ်း ဖွေ ရှာ ဘ ဝ အ တွ က် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်တွင် အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂သန်းကျော်ရှိသည်။ ထို့ပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် ပြည်တွင်းပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ်ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှကူညီပံ့ပိုး သူများဖြစ်လာစေရန်ရည်ရွယ်ကာ ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ်တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။ (မြန်မာ့အလင်း)

ထိုင်းနိုင်ငံကိုအလုပ်သွားလုပ်မယ့် သင် ထိုင်းနိုင်ငံရဲ့အလုပ်သမားဥပဒေအကြောင်း သိပါသလား

သတင်းဆောင်းပါး-ခင်ရတနာ

ဓာတ်ပုံ-မေဦးမိုး

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ထိုင်းနိုင်ငံရဲ့ သက်တော်ရှည်ဘုရင်ကြီးကံကုန်တော်မူခဲ့သည်။ ထိုင်းလူမျိုးအများအပြား အပါအဝင် ထိုင်းနိုင်ငံရောက်မြန်မာလူမျိုးများကလည်း အလွန်ပင် စိတ်မကောင်းဖြစ်ကြရရှာသည်။ ထိုင်းနှင့် မြန်မာနိုင်ငံသည် နယ်နိမိတ်ထိစပ်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံဖြစ်ပြီး မြန်မာအလုပ်သမားသုံးသန်းကျော်မက ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသည်။ မြန်မာနှင့် ထိုင်းသည် ခွဲခြားမရသကဲ့သို့ မြန်မာအလုပ်သမားများသည်လည်း ထိုင်းနိုင်ငံသို့ ဆက်လက်သွားရောက်နေမည်သာ။ သို့သော် ထိုင်းနိုင်ငံ၏ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ဓလေ့စရိုက်များကို သိရှိပြီး လုံခြုံဘေးကင်းစွာ သွားရောက်နေထိုင်အလုပ်လုပ်ကိုင်နိုင်ရန်အတွက်မှု အလွန်အရေးကြီးကြောင်း ILO မြန်မာမှ တာဝန်ရှိသူတစ်ဦးက ထောက်ပြသည်။

“မြန်မာအပါအဝင် လူပေါင်းများစွာက ထိုင်းမှာ အလုပ်လုပ်ဖို့ လာရောက်နေကြတယ်။ ဒါပေမယ့် အချို့သူတွေဟာ အလုပ်ရှင်တွေရဲ့ညှဉ်းပန်းနှိပ်စက်တာ၊ ရပိုင်ခွင့်တွေ မပြည့်ဝတာနဲ့ အကူအညီတောင်းခံနိုင်ဖို့ ခက်ခဲတာတွေကို ခံစားနေကြရတယ်ဆိုတာကို မြင်ရပါတယ်။ ဒါကြောင့် ထိုင်းနိုင်ငံကို အလုပ်လာလုပ်မယ်ဆိုရင် မတရားညှဉ်းပန်းနှိပ်စက်တာမျိုးကို ရှောင်ရှားနိုင်မယ့် အကာအကွယ်တွေ၊ အစီအမံတွေနဲ့ ဆက်သွယ်မှုတွေကို ကြိုတင်ပြင်ဆင်ထားဖို့လိုတယ်”ဟု ILO မြန်မာမှ နည်းစနစ် နည်းပညာအကြံပေးအရာရှိချုပ် ဂျက်ကီပူးလေ့က ပြောသည်။

တရားဝင်စေလွှတ်မှုကို ၂၀၀၃ ခုနှစ်တွင် နှစ်နိုင်ငံအစိုးရသဘောတူညီမှုရယူဆောင်ရွက်ခဲ့ပြီး ဇွန်လအတွင်းက ထိုင်းနိုင်ငံသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် သွားရောက်ခဲ့ချိန်တွင် သဘောတူညီမှုများ ထပ်မံပြုလုပ်ထားပြီးဖြစ်သည်။

အသုံးစရိတ်နဲ့အကျိုးဆောင်ခ

အသုံးစရိတ်များနှင့် နေရာထိုင်ခင်းအတွက် အလုပ်ရှင်သို့မဟုတ် အကျိုးဆောင်များက စီစဉ်ပေးမည်ဟု ပြောကြားထားပါက သေချာစွာ စုံစမ်းမေးမြန်းရန် လိုအပ်မည်ဖြစ်ပြီး ပေးချေမှုများအတွက် မည်သို့ပြန်လည်ပေးဆပ်ရမည်ကိုလည်း မေးမြန်းထားရန် လိုအပ်ကြောင်း၊ သဘောတူညီမှုများနှင့် အလုပ်ရှင်အလုပ်သမားစာချုပ်ကိုလည်း လက်ဝယ်ထားရှိပြီး နားလည်စွာ ဖတ်ရှုထားရန် လိုအပ်ကြောင်း သိရသည်။

ထို့ပြင်အလုပ်ရှင် တစ်ယောက်မှ အခြားတစ်ယောက်သို့ ပြောင်းရွှေ့လုပ်ကိုင်ရန်အခြေအနေများကို သိရှိထားရန်လိုအပ်ပြီး အလုပ်ပြုတ်သွားလျှင်လည်းကောင်း၊ လုပ်ငန်းလည်ပတ်မှု ရပ်တန့်သွားလျှင်လည်းကောင်း မူလအလုပ်ခန့်စာသည် ပျက်ပြယ်သွားသည်ကို သတိပြုရန်လည်း လိုအပ်သည်။

အခြေအနေအရပ်ရပ်ကြောင့် အလုပ်ရှင်၏ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံရသည့်အခါ၊ အလုပ်ရှင်သည် အလုပ်သမားကာကွယ်ရေးဥပဒေကို ချိုးဖောက်သည့်အခါ၊ အလုပ်ရှင်က အလုပ်ပြောင်းရန် သဘောတူညီသည့်အခါများတွင် တူညီသည့်အလုပ်အကိုင် အမျိုးအစားကိုသာ ရွှေ့ပြောင်းနိုင်ပြီး မူလအလုပ်ရှင်က အလုပ်လွှဲပြောင်းခွင့်လျှောက်လွှာတွင် ၁၅ ရက်အတွင်း လက်မှတ်ရေးထိုးပေးရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ ဥပဒေများအရ သိရှိထားရန် လိုအပ်ကြောင်း ILO မှ သတင်းထုတ်ပြန်ထားသည်။

ထိုင်းနိုင်ငံမှ အလုပ်ပိတ်ရက်များ

ရွှေ့ပြောင်းအလုပ်သမားများသည် အလုပ်ပိတ်ရက်များရပိုင်ခွင့်ရှိပြီး အိမ်အကူအလုပ်သမားအပါအဝင် အလုပ်သမားအများစုသည် နှစ်စဉ်အလုပ်ပိတ်ရက် စုစုပေါင်း ၁၃ ရက် ရပိုင်ခွင့်ရှိသည်ဟု ထိုင်းနိုင်ငံက သတ်မှတ်ထားသည်။ ၎င်းပိတ်ရက်များသည် အများနှင့်ဆိုင်သည့် တရားဝင်ပိတ်ရက်များဖြစ်ပြီး ထိုပိတ်ရက်သည် စနေ၊ တနင်္ဂနွေ ပိတ်ရက်နှင့် ကြုံပါက အခြားအလုပ်ဆင်းရက်များမှ ယင်းရက်များကို အစားထိုး ရရှိပိုင်ခွင့်ရှိသည်ကို သိရှိထားရန် လိုအပ်ပါသည်။

ထိုင်းနိုင်ငံအစိုးရ ရုံးပိတ်ရက်အတွင်း အလုပ်ဆင်းရသည့်အခါ အားလပ်ရက်လုပ်အားခကို အလုပ်ရှင်ထံမှ တောင်းယူပိုင်ခွင့်ရှိသည်။ အလုပ်သမားအားလုံးသည် လုပ်ငန်းရှင်တစ်ဦးထံတွင် အလုပ်လုပ်ချိန်ကာလ တစ်နှစ်အတွင်းအနှောင့်အယှက်ဖြစ်စေသည့် မည်သည့် အပြုအမူမှ ပြုလုပ်ခဲ့ခြင်းမရှိပါက လစာဖြင့် ပုံမှန် ခွင့်ရက် တစ်နှစ်လျှင် လုပ်သက်ခွင့် ၆ ရက်ကိုလည်း ရရှိနိုင်သည်။

ရေလုပ်သားများအတွက် လစာဖြင့် ပုံမှန်အလုပ်ပိတ်ရက် တစ်နှစ်လျှင် လုပ်သက်ခွင့် ရက်ပေါင်း ၃၀ ကို ပိုင်ဆိုင်ခွင့်ရှိကြောင်း ထိုင်းနိုင်ငံဥပဒေများအရ သိရှိရပြီး စိုက်ပျိုးရေးအလုပ်သမားများအနေဖြင့်မူ အလုပ်ရှင်တစ်ဦးထံတွင် ရက်ပေါင်း ၁၈၀ အလုပ်လုပ်ကိုင်ခဲ့ပြီးပါက အလုပ်ပိတ်ရက်အဖြစ် သုံးရက် ရရှိပိုင်ဆိုင်နိုင်ကြောင်း သိရသည်။ သို့သော် စိုက်ပျိုးရေးလုပ်သားသည် ထိုင်းနိုင်ငံ အများပြည်သူ ရုံးပိတ်ရက်များကို ခံစားခွင့်မရှိကြောင်း ကြိုတင်သိရှိထားရန် လိုအပ်ပါသည်။

ဆေးကုသမှုနှင့် ဆိုင်သည့် ခွင့်ရက်ကိုလည်း ရပိုင်ခွင့်ရှိပြီး အနည်းဆုံး သုံးရက်နှင့် အထက် တောင်းခံနိုင်ကြောင်း သိရပြီး ဆရာဝန်၏ ထောက်ခံချက် ဆေးစစ်လက်မှတ်ရရှိထားရန်လည်း လိုအပ်ကြောင်းသိရသည်။

ရေလုပ်သားများအပါအဝင် အလုပ်သမားအများစုသည် ဖျားနာခြင်းအတွက် အများဆုံး ရက်ပေါင်း ၃၀ ခန့် ခွင့်ယူပိုင်ခွင့်ရှိပြီး စိုက်ပျိုးရေးလုပ်သားများအတွက်မူ ဖျားနာခြင်းအတွက် ခွင့်ရက် ၁၄ ရက် ယူပိုင်ခွင့်ရှိကြောင်းသိရသည်။

ပြဿနာဖြစ်ပွားလျှင်ခံစားခွင့်

အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးခံရခြင်း သို့မဟုတ် အလုပ်မှ ထုတ်ပယ်ခြင်းခံရလျှင် အလုပ်လုပ်ခဲ့သည့် ကာလအတွက် လစာလုပ်အားခကို အပြည့်အဝ ခံစားခွင့်ရှိပြီး အလုပ်သမားအများစုတွင် အလုပ်မလုပ်ခဲ့သည့် တရားဝင်ခွင့်ရက်များအတွက် လုပ်အားခကိုလည်း ထိုင်းနိုင်ငံသို့သွားရောက်လုပ်ကိုင်သူများအနေဖြင့် တောင်းဆိုနိုင်ကြောင်း သိရသည်။

လုပ်အားခ

၂၀၁၃ခုနှစ် ဇန်နဝါရီလမှစတင်ကာ ထိုင်းတစ်နိုင်ငံလုံးတွင် အနည်းဆုံးလုပ်ခကြေးငွေ တစ်ရက်လျှင် ဘတ် ၃၀၀ အဖြစ် သတ်မှတ်ထားပြီးဖြစ်ခြင်းကြောင့် ဘတ် ၃၀၀ နှင့် အထက် ရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် တစ်နေ့လျှင် အနည်းဆုံး ၁ နာရီ အလုပ်နားပိုင်ခွင့်နှင့် အလုပ်စတင်လုပ်ချိန်မှစ၍ ၅နာရီထက်မကျော်သောအချိန်တွင် သင့်အလုပ်နားချိန်အဖြစ် သတ်မှတ်ပေးရန် တောင်းဆိုခွင့်ရှိကြောင်း ထိုင်းဥပဒေအရ သိရသည်။

အချိန်ပိုအလုပ်လုပ်ခြင်းကို ငြင်းပယ်ပိုင်ခွင့်ရှိကြပြီး အများဆုံး အလုပ်လုပ်ချိန်မှာ တစ်ပတ်တွင် ၄၈ နာရီသာ ရှိရမည်ဖြစ်ပြီး သာမန်အလုပ်လုပ်ချိန်ထက်ပို၍ အလုပ်လုပ်ရခြင်းကို အလုပ်ရှင်နှင့် သဘောတူညီပြီးဖြစ်ပါက အချိန်ပိုလုပ်အားခအဖြစ် ပုံမှန်လုပ်အားခ၏ ၁ ဒသမ ၅ ဆ ပိုမိုရရှိရမည်ဖြစ်သည်။

ထိုင်းရောက်အလုပ်သမားတွေရဲ့တာဝန်ဝတ္တရား

အရေးကြီးသည့် လုပ်ဆောင်ဖွယ်ကိစ္စမှာ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက အကျိုးဆောင်များ၊ အလုပ်ရှင်နှင့် မိသားစုထံသို့ အလျင်မြန်ဆုံးအကြောင်းကြားရန်ဖြစ်ပြီး လိုအပ်သလို ကူညီပေးနိုင်မည့် အဖွဲ့အစည်းများထံ ဆက်သွယ်မှုပြုရမည်ဖြစ်သည်။

ထို့ပြင် ခွင့်နှင့်ပတ်သက်ပြီး အလုပ်ရှင်ထံသို့ ကြိုတင်အကြောင်းကြားရန်လိုအပ်ပြီး ခွင့်ရက်ပိုယူခြင်းကြောင့် အလုပ်ရှင်၊ အလုပ်သမား စာချုပ်ကို ချိုးဖောက်ရာရောက်ပြီး လုပ်ငန်းအဆင်မပြေသူများ ပိုမိုများပြားနေသည်ကိုလည်း သတိပြုရန်လိုအပ်ကြောင်း ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားများထံမှ သိရှိရသည်။

ထို့ပြင် ထိုင်းနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်သူများသည် ရက်ပေါင်း ၉၀ ပြည့်တိုင်း အနီးစပ်ဆုံး လူဝင်မှုကြီးကြပ်ရေးရုံးသို့ သတင်းပို့ရမည်ဖြစ်ပြီး လိုက်နာခြင်းမရှိပါက အနည်းဆုံး ဘတ် ၃၀၀၀မှ အများဆုံး ဘတ် ၂၀၀၀၀ အထိ ဒဏ်ငွေတပ်ခံရမည်ဖြစ်သည်။

အထောက်အထားပြည့်အလုပ်သမား

သဘောတူညီချက်များအတိုင်း တရားဝင် အထောက်အထား ပြည့်စုံမှုဖြင့် ထိုင်းနိုင်ငံသို့ ရောက်ရှိနေပါက လွတ်လပ်စွာ ခရီးသွားလာခွင့်ရှိပြီး လူမှုဖူလုံရေး ဥပဒေဘောင်အတွင်းရှိနေမည်ဆိုပါက ထိုင်းအစိုးရကို လစာ၏ ၅ရာခိုင်နှုန်း ပေးအပ်ထားရမည်ဖြစ်သည်။ ဖျားနာခြင်း၊ မတော်တဆ ထိခိုက်ခြင်းနှင့် ကိုယ်ဝန်ရှိခြင်း (ကလေးအတွက် ထောက်ပံ့ခြင်း)၊ သေဆုံးခြင်းတို့အတွက် ထောက်ပံ့ကြေးအကျိုးခံစားခွင့်ကို ရရှိနိုင်ပါသည်။

အထောက်အထားမဲ့ အလုပ်သမား

ထိုင်းနိုင်ငံ အစိုးရထံတွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် အထောက်အထားမဲ့ အလုပ်သမားများသည် ကျန်းမာရေး အာမခံအတွက် တစ်နှစ်လျှင် ဘတ် ၁၉၀၀ ပေးဆောင်ရန် လိုအပ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် သတ်မှတ်ဆေးခန်းများတွင် တစ်ခါပြသလျှင် ဘတ် ၃၀ ဖြင့် စောင့်ရှောက်မှုခံယူနိုင်မည်ဖြစ်ပြီး အခြားမည်သည့် ခံစားခွင့်ကိုမျှ ထပ်မံရရှိနိုင်မည် မဟုတ်ကြောင်းကို သိရှိထားရန်လိုအပ်သည်။

ထိုင်းရောက်အမျိုးသမီးအလုပ်သမား

ထိုင်းနိုင်ငံဥပဒေအရ တူညီသောအလုပ်တစ်ခုတည်းတွင် အမျိုးသား အမျိုးသမီးများ အလုပ်လုပ်ကိုင်က တူညီသောလစာကို ခံစားခွင့်ရှိကြောင်း သတ်မှတ်ထားသည်။ သို့သော် အိမ်အကူအလုပ်သမားများအဖြစ် လုပ်ကိုင်သည့် အမျိုးသမီးများသည် ကလေးမီးဖွားခွင့်များကို အကာအကွယ်ပေးမှုနှင့် သက်ဆိုင်သည့် ကူညီစောင့်ရှောက်မှုကို မရနိုင်ကြောင်း သိရသည်။

ကိုယ်ဝန်ရှိပါက မီးဖွားခွင့်အတွက် ရက်ပေါင်း ၉၀ တိတိ ခွင့်ယူပိုင်ခွင့်ရှိပြီး ယင်းရက်များတွင် ၄၅ ရက်ကို လစာရပိုင်ခွင့်ရှိကြောင်း ဥပဒေတွင် ပြဋ္ဌာန်းထားသည်။ ကိုယ်ဝန်ဆောင်နေစဉ်အတွင်း အလုပ်သည် ဘေးမကင်းပါက ဆရာဝန်၏ ဆေးထောက်ခံချက်အရ သက်သောင့်သက်သာရှိသည့် အလုပ်တစ်မျိုးမျိုးသို့ ယာယီလုပ်ကိုင်ခွင့် တောင်းခံနိုင်ကြောင်း သိရသည်။

ကိုယ်ဝန်ရှိနေစဉ် အလုပ်လုပ်ပါက ကိုယ်ဝန်ဆောင်နေသောကြောင့် အလုပ်မှ ထုတ်ပယ်ခြင်း၊ အရေးမထားခြင်းများပြုလုပ်ပါက အထူးကာကွယ်စောင့်ရှောက်ခြင်းကို တောင်းခံပိုင်ခွင့်ရှိကြောင်း သိရသည်။

သက်ငယ်လုပ်သားများ

ရွှေ့ပြောင်းလုပ်သားများအပါအဝင် အသက် ၁၅နှစ်အောက် ကလေးငယ်များသည် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ခွင့်ရရှိမည်ဖြစ်ကြောင်း အတိအလင်းထုတ်ပြန်ထားပြီးဖြစ်သည်။ အကယ်၍ အသက်မပြည့်သည့် လုပ်သား တစ်ဦး ဖြစ်နေလျှင်၊ သို့မဟုတ် ကလေးလုပ်သားများကိုတွေ့ရှိလျှင် အသက် လိမ်လည်ပြောဆိုခြင်း မပြုမိရန် အကြံဉာဏ်များပေးသင့်ကြောင်း ထိုင်းအစိုးရက သတင်းထုတ်ပြန်ထားသည်။

အသက် ၁၅နှစ်မှ ၁၇နှစ်အကြား ကလေးလုပ်သားများမှာမူ အလုပ်လုပ်ပိုင်ခွင့်ရှိပါသည်။ သို့သော် တစ်ရက်လျှင် အလုပ်လုပ်ချိန် ၈နာရီထက်မပိုဘဲ၊ တစ်ပတ်လျှင် အလုပ်လုပ်ချိန် နာရီ ၄၀ ထက်မပိုဘဲလုပ်ကိုင်ရန် ထိုင်းအစိုးရက သတ်မှတ်ထားသည်။

အစိုးရအဖွဲ့အစည်းများ

လူကုန်ကူးခံရသူများသည် ဖုန်းနံပါတ် ၁၃၀၀ သို့ ဆက်သွယ်တိုင်ကြားနိုင်ပြီး ရဲစခန်းအကူအညီလိုအပ်ပါက ၁၉၁ သို့ ခေါ်ယူတိုင်ကြားနိုင်သည်။ အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရပါက ၁၅၄၆ နှင့် အလုပ်လုပ်ခွင့် ပါမစ်နှင့် ပတ်သက်သည့်အကြောင်းအရာများအတွက် ၁၆၉၄သို့ ၂၄နာရီ ခေါ်ဆိုတိုင်ကြားနိုင်ကြောင်း သိရသည်။

စာမျက်နှာ (၁၉)သို့

ကျိုးကြောင်းပြအဖွဲ့

မောင်ခင်မင်(ဓနုဖြူ)◆

“ကဲ... စကားပြေအဖွဲ့လေးမျိုးအကြောင်းပြောကြတာ အခုနောက်ဆုံးပြောဖို့အဖွဲ့က ကျိုးကြောင်းပြ အဖွဲ့ပေါ့။ သားတို့သမီးတို့ သိပြီးသားပါ။ အင်္ဂလိပ်လိုတော့ argument ခေါ်တာပေါ့”

“ဟုတ်ကဲ့ ။အသေးစိတ်တော့ မလေ့လာမိပါဘူးဆရာ။ ဒါထက်...တစ်ခုမေးပါရစေဆရာ။တချို့က ‘ကျိုးကြောင်းပြအဖွဲ့၊ ကျိုးကြောင်းပြရေးနည်း’ လို့သုံးတာမသင့်ဘူး၊‘ကြောင်းကျိုးပြ’လို့ သုံးသင့်တယ်လို့ ပြောတာကြားဖူးပါတယ်။ အဲဒါ...”

“ဟုတ်ပါပြီ။ နေဦး။ ဘာကြောင့်အဲဒီလိုကြောင်းကျိုးပြ လို့ သုံးသင့်တယ်ဆိုတာမျိုးရှင်းပြတာရော မှတ်ဖူးသလား”

“ဟုတ်ကဲ့၊ ဆရာမ တစ်ယောက်ကတော့ အကြောင်းနဲ့ အကျိုးမှာ အကြောင်းအရင်ဖြစ်ပြီးမှ အကျိုးဖြစ်တာမို့ ကြောင်းကျိုးပြလို့သုံးတာ အစီအစဉ်ကျတယ်လို့ပြောဖူးပါတယ်”

“အင်း... နားလည်ပြီ။ ဒီလိုဆိုရင် အကြောင်းကို အရင် ပြောပြီးမှ အကျိုးကို ပြောရမယ်လို့ ဆိုလိုတာပေါ့။ ကဲ... ဆရာက ‘သူစာမေးပွဲအောင်တာ စာကြိုးစားလို့ပဲ’လို့ ပြောတယ်ဆိုပါတော့။ အဲဒီစကားမှာ ဘယ်ဟာက အကျိုး၊ ဘယ်ဟာက အကြောင်းလဲကွယ် ”

“ဟုတ်ကဲ့၊ စာမေးပွဲအောင်တာက အကျိုး ၊ စာကြိုးစားတာက အကြောင်းပါ”

“ဒီလိုဆိုရင် ခုနပြောတဲ့သတ်မှတ်ချက်အရ ဆရာပြောပုံ မှားနေတယ်၊ အဲဒီလို မပြောသင့်ဘူးလို့ဆိုမလား။ အကျိုးကို အရင်ပြောလို့လေ”

“ဟာ... အဲဒီလိုလည်း ပြောနေကြတာပါပဲဆရာ၊ မမှားပါဘူး”

“ဟုတ်ပါတယ်ဆရာ”

“ကဲ ... ဒါဆိုရင် နောက်တစ်မျိုး ပြောကြည့်မယ်။ ‘သူစာကြိုးစားလို့ စာမေးပွဲအောင်တာ’လို့ ပြောရင်ကော”

“အဲဒီလိုပြောရင် အကြောင်းပြီးမှ အကျိုးကိုပြောတာပါ ဆရာ။ အဲဒီလိုလည်း ပြောကြတာပါပဲ”

“ဒါဆိုရင် ကျိုးကြောင်းပြလို့ပဲ သုံးသုံး၊ ကြောင်းကျိုးပြလို့ပဲ သုံးသုံးနှစ်မျိုးစလုံးသုံးနေကြတာကို မင်းတို့ မှတ်သားဖူး သလို ကြောင်းကျိုးပြလို့ သုံးမှမှန်တယ်လို့ ပြောတာကတော့ မရောင်ရာဆီလူးသလို ဖြစ်နေတာပေါ့ကွယ်”

“ဟုတ်ပါတယ်ဆရာ”

“ပြောတဲ့သူက အကြောင်းကစပြောချင်လည်းပြောမယ်၊ အကျိုးကစပြောချင်လည်း ပြောမယ်၊ လိုအပ်သလိုပြောမှာ ပဲပေါ့ ။ အရင်ဖြစ်တာကို အရင်ပြောရမယ်၊ နောက်ဖြစ်တာကို နောက်မှပြောရမယ်လို့ ပုံသေသတ်မှတ်လို့ရတာမှ မဟုတ် ဘဲ။ အဲ... ပုံသေသတ်မှတ်တယ်ဆိုရင်တော့ အရင်ကဖြစ်ခဲ့တဲ့ အတိတ်အကြောင်းတွေကို ဘာမှနောက်ကြောင်းပြန်လို့ ရမှာမဟုတ်တော့ဘူးလေ”

“နားလည်ပါပြီ ဆရာ”

“တို့- နေ့တိုင်းပြောတဲ့ စကားထဲမှာလည်း ‘အကျိုး အကြောင်း သိပါရစေ’၊ ‘အကျိုးသင့်အကြောင်းသင့်’ဆိုတဲ့ စကားတွေ ရှိနေတာပဲကွယ်။ ‘ကျိုးကြောင်းပြ’လို့ သုံးတာ မမှားပါဘူး။ ကဲ... အဲဒီ ကျိုးကြောင်းပြအဖွဲ့က ဘယ်လို သဘောရှိသလဲ။ ပြောကြပါဦး”

“အကျိုးနဲ့အကြောင်းနဲ့ ဆက်စပ်ရှင်းပြတဲ့ အဖွဲ့မျိုးလို့ ထင်ပါတယ် ဆရာ”

“ဟုတ်ပါတယ်။ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တယ်၊ ဒါမှမဟုတ် ဒီအကျိုးဟာ ဒီအကြောင်းကြောင့်ဖြစ်တယ်လို့ ဆက်စပ်ရှင်းပြတာဟာ ကျိုးကြောင်းပြတာပါပဲ”

“ဒီလိုဆိုရင် ဖွင့်ဆိုရှင်းပြအဖွဲ့နဲ့ ကျိုးကြောင်းပြအဖွဲ့ ဘယ်လိုကွာပါသလဲဆရာ”

“ဖွင့်ဆိုရှင်းပြကတော့ နားလည်သဘောပေါက်အောင် ရှင်းလင်းဖွင့်ဆိုပြတဲ့ အဆင့်ပဲ။ ကျိုးကြောင်းပြကတော့ နားလည်သဘောပေါက်ရုံမဟုတ်ဘဲ ယုံကြည်လက်ခံတဲ့ အဆင့်ရောက်အောင် အကျိုးသင့်အကြောင်းသင့် ရှင်းပြတဲ့ သဘောဆိုတော့ ဖွင့်ဆိုရှင်းပြအဖွဲ့ထက် တစ်ဆင့်ပိုတယ်ဆို ရမှာပေါ့”

“ဟုတ်ကဲ့ပါ”

“ဆရာက ဆရာကြီးသခင်ဘသောင်းရေးခဲ့တဲ့ စာတစ်ပုဒ်ကို သာဓကပြချင်တယ်။ ဆရာကြီးက တို့ဗမာအစည်းအရုံးရဲ့ အာဘော်အဖြစ် ‘ဘာသာပြန်ရေး’ ဆိုတဲ့ စာတမ်းတစ်စောင်ရေးခဲ့ ဖူးတယ်ကွဲ့။ အရေးလည်း အင်မတန်ကောင်းတယ်။ အဲဒီစာရဲ့ အစပိုင်းကို ဖတ်ကြည့်ကြရအောင်။ ဆရာ အလွတ်ပြောတာထက် ဖတ်ကြည့်တာက ပိုပြီးမြင်သာတာပေါ့။ ကဲ... သမီးက ပထမ စာပိုဒ်ကလေးကို ဖတ်ပြစမ်းပါ”

“ဟုတ်ကဲ့ ဆရာ၊ ‘စေတီပုထိုးပေါ်များရာ ငါတို့မြန်မာ ပြည်သည်၊ မည်သည့်အခါ လုံးဝလွတ်လပ်ခွင့်ကို ရမည်နည်း။ အဖြေမှာ လွယ်၏။ နေစွမ်းသည့်အခါရမည်။ အဘယ်အခါ နေစွမ်း မည်နည်း။ ပညာမျက်စိရှိသောအခါ နေစွမ်းလိမ့်မည်။ အဘယ်အခါ ပညာမျက်စိရှိအံ့နည်း။ ပညာမျက်စိကို ပေးတတ်သော အရေးကြီးသည့် နိုင်ငံခြားစာပေတို့ကို အမြောက်အမြား ဘာသာပြန်၍ မြန်မာတို့အား ဖတ်ရှုလေ့ကျက်စေသောအခါ ပညာမျက်စိရှိလိမ့်မည်’တဲ့။”

“ကဲ... အဲဒီအဖွဲ့ကိုကြည့်။ အကျိုးနဲ့အကြောင်း ဆက်စပ်ပုံကို ကြည့်ရင် ဘာတွေ့သလဲ။ မြန်မာနိုင်ငံလွတ်လပ်ရေးရဖို့ အတွက် ကိုယ့်ဟာကိုယ် ရပ်တည်နိုင်ရမယ်။ ဆရာကြီးသခင် ဘသောင်းရဲ့စကားနဲ့ဆိုရင် နေစွမ်းရမယ် ... ပေါ့။ အဲဒီလိုရပ်တည် နိုင်ဖို့ ပညာမျက်စိရှိရမယ်။ ပညာမျက်စိရှိဖို့ နိုင်ငံခြားစာပေတွေ ကို မြန်မာဘာသာပြန်ပြီး မြန်မာတွေဖတ်ရမယ်။ အဲဒီလိုဆိုလို တာ မဟုတ်လား”

“ဟုတ်ပါတယ် ဆရာ”

“ဒီတော့ အဲဒီအကျိုးအကြောင်းကွင်းဆက်ကို ချုပ်လိုက်ရင် မြန်မာနိုင်ငံလွတ်လပ်ရေးရဖို့အတွက် မြန်မာတွေကနိုင်ငံခြား စာပေဘာသာပြန်တွေကို များများဖတ်ကြဖို့ လိုအပ်တယ်လို့ ဆိုလိုကြောင်းထင်ရှားလာတာပေါ့။ ဆရာကြီးက လွတ်လပ်ရေးရ ဖို့အတွက် ဘာသာပြန်အလုပ် တွင်ကျယ်ဖို့အရေးကြီးတယ် လို့ဆိုလိုတာပါပဲ။ ဒါကြောင့် ‘ဘာသာပြန်ရေး’ လို့ ခေါင်းစဉ် တပ်ပြီး အဲဒီစာတမ်းကိုရေးတာပေါ့”

“ဟုတ်ကဲ့ ဆရာ။ သမီးတစ်ခုစဉ်းစားမိလို့ပါ။ အခုဆရာကြီး ရေးထားတာကိုကြည့်ရင် လွတ်လပ်ရေးရတာက အကျိုး၊ ဘာသာပြန်တာက အကြောင်းလို့ဆိုနိုင်တာပေါ့”

“ဟုတ်ပါတယ်”

“အခုဆရာကြီးက ဘယ်အကျိုးက ဘယ်အကြောင်းကြောင့် ဖြစ်တယ်ဆိုတဲ့ အစီအစဉ်နဲ့ ရေးထားတာမဟုတ်လား ဆရာ” အဲဒါကို ဘယ်အကြောင်းကြောင့် ဘယ်အကျိုးဖြစ်တယ်ဆိုပြီး အကြောင်းကိုအရင်စရေးရင်လည်း ဖြစ်မှာပေါ့နော်”

“ဖြစ်ပါတယ်၊ ကဲ.... သမီးပဲ အဲဒီအကြောင်းအကျိုး အစီ အစဉ်နဲ့ ပြောကြည့်ပါလား”

“ဟုတ်ကဲ့၊ သမီးပြောကြည့်ပါ့မယ်။ နိုင်ငံခြားစာပေတွေ ကိုဘာသာပြန်ပြီး ဖတ်တဲ့အတွက်မြန်မာတွေ ပညာမျက်စိရှိလာ မယ်။ ပညာမျက်စိရှိလာရင် ကိုယ့်ဟာကိုယ် နေစွမ်းလာမယ်၊ ကိုယ့်ဟာကိုယ် နေစွမ်းလာရင် မြန်မာနိုင်ငံလုံးဝလွတ်လပ် ရေးရမယ်”

“ဟုတ်ပြီ၊ ဟုတ်ပြီ။ သမီးက သဘောပေါက်ပါတယ်။ ဆရာကြီး သခင်ဘသောင်းက လွတ်လပ်ရေးရဖို့အတွက် ဘာသာပြန်ရေးတာ အရေးကြီးတယ်ဆိုတာကို အဲဒီစာတမ်းမှာ အကျိုးသင့်၊ အကြောင်းသင့်ရှင်းပြထားတာလေ။ စာဖတ်သူက အဲဒီ စာတမ်းကိုဖတ်ပြီးတော့ ဆရာကြီး ပြောသလို ဘာသာပြန် ရေးတာ လွတ်လပ်ရေးအတွက် အရေးကြီးတယ်ဆိုတာ လက်ခံ ယုံကြည်လာနိုင်တာပေါ့”

“ဟုတ်ကဲ့ပါ”

“ဆရာကြီးက လက်ခံယုံကြည်အောင်လည်း ရေးနိုင်ပါ တယ်။ ခေတ်မီအသိအမြင်ဗဟုသုတကြွယ်ဝဖို့ လိုအပ်နေပြီဆို တဲ့အကြောင်းရေးရာမှာ စာဖတ်သူတွေကို ‘အချင်းတို့၊ အမျိုးသားတို့၊ အိုမြန်မာတို့’ ဆိုပြီး ရင်းရင်းနှီးနှီးတိုင်တည်ပြီး ပြောဆိုနေပုံကလည်း အသက်ဝင်တယ်။ တစ်နေရာမှာ ‘ယောကျ်ားတံခွန်၊ လူရည်ချွန်က၊ ကောင်းကင်တမွတ်၊ ကြယ်ကို ဆွတ်လည်း၊ မလွတ်စတမ်းရမြဲလမ်းသာတည်း၊ ဘာသာပြန်ရေးသည် မိုးပေါ်က လကြယ်မို့ ခက်ရမည်လော။ မိုးပေါ်က ကြယ်ပင်ဖြစ်လင့်ကစား လာကြလော့၊ ယခုပင်ငါတို့ ဆွတ်ခူးကြကုန်အံ့’ ဆိုပြီး တက်တက်ကြွကြွ ရေးထားတာကို ဖတ်ပြီးတဲ့အခါ ခုချက်ချင်းထပြီး ဘာသာပြန်ချင်စိတ်ပေါ် လာအောင် လှုံ့ဆော်နိုင်ပါတယ်”

“ဟုတ်ပါတယ် ဆရာ။ အရေးအသား သိပ်ကောင်းတာ ပဲနော်”

“နောက်ပြချင်တဲ့သာဓကတစ်ခုက မင်းတို့နဲ့ရင်းနှီးပြီး သားပါ။ ဦးဩဘာသရဲ့ ဝေဿန္တရာဇာတ်တော်ကြီးကိုဖတ် ဖူးတယ် မဟုတ်လား”

“ဖတ်ဖူးပါတယ် ဆရာ”

“ဝေဿန္တရာဇာတ်တော်ထဲမှာ မဒ္ဒီဒေဝီက ဝေဿန္တရာ မင်းကြီးနဲ့အတူတူ ဝင်္ကပါတောကို လိုက်သွားပါရစေလို့ ယောက္ခမဖြစ်တဲ့ သိဥ္စည်းမင်းကြီးကို လျှောက်ထားတဲ့စကား တွေ သတိထားမိတယ်မဟုတ်လား”

“ဟုတ်ကဲ့၊ မှတ်မိပါတယ်ဆရာ”

“အဲဒီစကားတွေဟာ ခင်ပွန်းသည် ဝေဿန္တရာမင်းကြီးနဲ့ အတူတောထဲကို လိုက်သွားပါရစေလို့တောင်းဆိုတဲ့ဇနီးကောင်း တစ်ယောက်ရဲ့ စကားတွေပါ။ ပြောပုံက အကျိုးအကြောင်း သင့်တယ်။ လက်ခံချင်စဖွယ်ဖြစ်တယ်လေ။ အဓိကအချက် နှစ်ချက်ပါတယ်။ တစ်ချက်က လင်ယောကျ်ားမရှိတဲ့ မိန်းမဟာ တခြားယောကျ်ားတွေ မလေးမစားလုပ်တာ၊ အထင်သေးတာ ကို ခံရမြဲဖြစ်တယ်ဆိုတဲ့ အချက်။ အဲဒီမှာ ‘ဆိပ်ကမ်းကျွန်း သောင်ရှိလင့်ကစားရေမရှိသောမြစ်သည် အချည်းနှီးတည်း’ လို့ ဥပမာတွေပေးပြီး နောက်ဆုံးမှာတော့ ‘မောင်တစ်ကျိပ်ပင် ရှိလင့်ကစား လင်မရှိသောမိန်းမသည် အချည်းနှီးတည်း’ လို့ ဆိုထားတယ်လေ”

“ဟုတ်ပါတယ်ဆရာ”

နောက်နောင်တွင်လည်း သတင်းမီဒီယာ Institution များနှင့် သတင်းမီဒီယာများကို ပြည်သူများအယုံကြည်ကင်းမဲ့စေသော အပြုအမူများ ထပ်မံမပြုလုပ်မိစေရန် သတိပြုလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတောင်းပန်အပ်ပါသည်။

ဂျိုးဇက်(ခ) ကျော်မျိုးမင်း ၁/မကတ(နိုင်)၀၆၄၀၇၀
ဖုန်း-၀၉-၇၈၁၇၇၇၁၂

မြေကြီးလုပ်ငန်း မှတ်ပြတ်လုပ်သည်

GPM
GRAND POWER MACHINERY

- ပုစွန်ကန်၊ ဆည်
- ရေကန်၊ ငါးကန်
- Construction Earthwork

09-73113100, 09-73188101-(၃၁)ဘုရင့်နောင်လမ်းမကြီး၊လှိုင်မြို့နယ်

အိမ်အမြန်ရောင်းမည်

မင်္ဂလာဒုံ၊ ရွှေနံ့သာစံပြရပ်ကွက်၊ 80'x130', လမ်းနှစ်ဖက်ပေါက် 1RC, 2BR, ဂရံ (အမည်ပေါက်)၊ ပိုင်ရှင်ကိုယ်တိုင်၊ အမြန်ရောင်းမည်။

ညှိနှိုင်းဈေး

Ph - 09 500 76 47

ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်

သာကေတရပ်ရှင်ရုံ၊KBZ Bank၊ ရွှေပုဇွန်၊ CAPITAL တို့နှင့်နီး(၂၅x၆၀ပေ)၊ခြံထဲတွင် ကားနှစ်စီးစာပါကင်ပါ။ ထူပါရုံ၁၆လမ်း လမ်းသန့်။ ဈေးနှုန်း (၁၄၀၀သိန်း)
ဖုန်း-၀၉ ၅၀၅၆၃၆၂
(တိုက်ခန်း၊ကားတို့နှင့် အလိုက်ယူလဲလိုပါသည်။)

AMERICAN VISION
PROFESSIONAL EYE CARE CENTER

မျက်စိနှင့်မျက်မှန်ကိစ္စအားလုံး တစ်နေရာတည်းနှင့်ပြီးပြည့်စုံတဲ့
မူလပထမ အမေရိကန်ဗွီးရှင်း

နောက်ဆုံးပေါ် ကမ္ဘာကျော် BRANDED အစစ်အမှန်
ပါဝါ၊ နေကာမျက်မှန်များကို
သီတင်းကျွတ်အထူးဈေးရောင်းပွဲတော်အဖြစ်
24-10-2016 ရက်နေ့အထိ up to 20% Off အထူးလျှော့ပေးနေပါပြီ။

Up to **20% Off**

Thadingyut FLASH SALE

only 2 weeks limited

AMERICAN VISION
ဆိုင်ခွဲများအားလုံးမှာ လျှော့ပေးနေပြီမို့ အခုပဲသွားလိုက်ကြစို့သူငယ်ချင်းတို့ ။

သီတင်းကျွတ်အခါသမယတွင် လူကြီးမိဘများအား ဂါဝရပြုရန် အမေရိကန်ဗွီးရှင်းမှ Discount များကိုလည်းရယူလိုက်ပါနော်!

www.facebook.com/myanmaramericanvision
YANGON: (01) 242476, 241897, 241898, **MANDALAY**: (02) 35588, 32053, **NAYPYITAW**: (067) 432393

M.K.T Construction Co.,Ltd

Y.C.D.C-LC 270 ၊ Y.C.D.C-LC 531 ၊ Y.C.D.C-LC 1224 ၊
M.C.D.C-LC 085

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်အခါသမယတွင်
မြန်မာပြည်သူ ပြည်သားများအားလုံး ကျန်းမာချမ်းသာပျော်ရွှင်ပြီး
ကံကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

No(111), 42nd Street, Between Maharbandola & Merchant Road, Botahtaung Township, Yangon.
☎ 01-398191, 01-382423, 01-245786. 09-73072250, 09-5178478 Website: www.mktconstruction.com
Email: marketing@mktconstruction.com. Facebook: www.facebook.com/mktconstruction.mm

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

"ခိုင်တကာအဆင့်မီ MMK စက်ကြီး(၁၀)ပေါက်အုတ်"
လက်လီ -85Ks
လက်ကား-81Ks
Head Office : 01-9000300, 9000301
09-73201856, 09-73201857
09-262628182, 09-969720391-2
Factory : 01-620154, 09-969720395-6

Hot Pot King
Hot Pot and BBQ Buffet
HOT POT KING
၁။ ဟော့ပေါ့ကင်းစားသောက်ဆိုင်မှအစား Buffet စနစ်ဖြင့် လူကြီးမင်းတို့ စိတ်ကြိုက် သုံးဆောင်နိုင်ပါသည်။
၂။ သီတင်းကျွတ်ပွဲတော်ကာလ အထူးဈေးနှုန်း ၁၀% DISCOUNT ဖြင့် ရောင်းချပေးနေပါသည်။
၃။ လူကြီးမင်းတို့ Facebook နှင့် Hot Pot King ကို Check in လုပ်ပါက ဘီယာ(သို့) အချိုရည်တစ်ခွက် လက်ဆောင်ရပါမည်။
PROMOTION ကာလ - OCTOBER 9 - 30 ထိ
လိပ်စာ - ၂၆/၂၇၊ သစ္စာလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ တောင်ဥက္ကလာပမြို့နယ်။
Ph - 09 777777009, 09 777777883

အောင်ပြည့်စုံ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

THREE STAR
Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်
ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း
ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက်
ဝန်ဆောင်မှုပေးနေပါသည်။
Split Type Air-con Brand New 1HP
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း 250000-Ks
(Copper Pipe-10', Wire, Frame, Transportation)
"အနီးဆုံးဆိုင်ခွဲသို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများ ပြောင်းရွှေ့ခြင်း
အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၈၃၊ မြေယာရုံအိမ်ရာ၊ လေးထောင့်ကန်လမ်း၊
Ph: 09254009334,
09254009335,
09254009336

အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသော နည်းပညာခေတ်ကြီးကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်ရန်
အခွင့်အလမ်းကောင်းများစွာ ဖန်တီးပေးနေသော ကျောင်းကို မှန်ကန်စွာ ရွေးချယ်လိုက်ကြပါစို့
21st Century Education for the 21st Century Children

TOTAL @NorthDagon
•Pre-School •Primary •Weekend English

Tamwe	41st Street	Kyi Myin Daing	Sanchaung	Aung Zeya	Thingangyun	Taunggyi	Kamayut	North Dagon
24/26 South Race Course St.	107-115 41st Street	17 U Lu Ni Street	336 Pyay Road	34 Aung Zeya St.	1 Thumingalar Street	24/12 Kanbawza St.	60(A) Chindwin Rd.	318 U Aw St. 48 Qtr
01 401592 - 4	01 376010, 376022	01 2300 715 - 6	01 526456	09 262934441-2	01 8551360 - 3	081 206841-4	09 31714586	09796206884

www.brainworks-total.com

FAME **Cholecrush®**
For gallstones
သည်းခြေကျောက်ပျော်ဆေး
TMR 010682(0616)
၂/၂၀၁၇ တဆထလ/ထိုး(၀၆၅၇)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **MilkThistle**
Potent Antioxidant for Liver
အသည်းဆေး
TMR 007178 (0716)
၂/၂၀၁၇ တဆထလ/ထိုး(၀၆၅၇)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

၁။ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ် ၇၉၈ မြေကွက်အား ဒေါ်မြင့်စန်းဝင်း(ဘ)ဦးထွန်းမြင့် ၉/လဝန(နိုင်)၁၀၈၄၁၅အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။

၂။ အဆိုပါမြေကွက်ကို ချထားပေးကြောင်း ဒေါ်မြင့်စန်းဝင်း(ဘ)ဦးထွန်းမြင့် ၉/လဝန(နိုင်) ၁၀၈၄၁၅က ဝန်ခံကတိပြုချက်၊ မြေချစလစ်မူရင်း၊ ၄င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ မြေပေးမိန့်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

JAPAN TECHNOLOGY & DESIGN

သီတင်းကျွတ်အခါသမယအတွင်း
သင်ချစ်ခင်မြတ်နိုးရတဲ့သူများအတွက်
အမွန်မြတ်ဆုံး ကျန်းမာရေးလက်ဆောင်မွန်

သင်၏ မိသားစုကျန်းမာရေးကိစ္စအဝဝကို
OMRON ကျန်းမာရေးသုံးပစ္စည်းများဖြင့်
စောင့်ရှောက်ကြပါစို့။

OMRON
၅ နှစ် အာမခံ

ကုရှင်အကြောပြေနှိပ်စက် HM-340 GET 10%OFF
လက်မောင်းပတ်ဒီဂျစ်တယ် သွေးပေါင်ချိန်တိုင်းကိရိယာ HEM-7130L GET 10%OFF
ဆေးအငွေ့ရှူစက် NE-C801 GET 10%OFF

နီးစပ်ရာ Ocean Supermarket ကြီးများနှင့် City Mart ရှိ City Care ဆေးဆိုင်ကြီးများတွင်
(၁.၁၀.၂၀၁၆) မှ (၃၁.၁၀.၂၀၁၆) အထိ ၁၀% အထူးလျှော့ဈေးဖြင့် ဝယ်ယူရရှိနိုင်ပါပြီ။

All for Healthcare

အသေးစိတ်သိရှိလိုပါက DKSH Services Ltd.
အမှတ်(၁၃)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
■ရန်ကုန်ဖုန်း - ၀၁ - ၇၀၇၁၈၀၊ ■မန္တလေးဖုန်း - ၀၉၉၁၀၅၁၈၇၇၉၊
www.omronhealthcare-myn.com
OMRON Healthcare Myanmar ကို Like လုပ်ခြင်းဖြင့် အသေးစိတ်အချက်အလက်များကို လေ့လာနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် ပ-၃၄၂၂၊ ဧရိယာ ဝ၁သမ ဝ၅၅ဧကရှိ ဒေါ်တိုးအမည်ပေါက် နှစ် ၃၀ မြေငှားဂရန်စာချုပ်မြေကွက်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် မြေကွက်အမည်ပေါက် ဒေါ်တိုး၏ကိုယ်စား ရန်ကုန်မြို့စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၇၈၉၉/၂၀၁၆(၂၅-၈-၂၀၁၆)ဖြင့် ဒေါ်ဖြိုးသူမွန် ၅/ဝသန(နိုင်)၀၂၈၀၂၈ (ဘ)ဦးတင်မောင်ဌေးမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်း ဖြစ်ကြောင်း

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ဝါဏိဇ္ဇဗေဒ၊ ပထမနှစ်ဖြေဆိုထားသော မလှိုင်သီသီမိုး၏ဖခင် ဦးအောင်စိုးဝင်းနှင့် ဦးစိုးဝင်း ၉/မထလ(နိုင်)၀၈၄၆၁၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအောင်စိုးဝင်း(ခ)ဦးစိုးဝင်း

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၃၇၆၂၇ Honda Click 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသိန်း ၉/မနတ(နိုင်)၀၃၀၈၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၃၄၂၆၅)၊ ဧရိယာ ဝ၁သမဝ၅၅ဧကရှိ ဒေါ်သိန်းကြည်အမည်ပေါက် နှစ်၃၀ မြေငှားဂရန်စာချုပ်မြေကွက်ကို မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် မြေကွက်အမည်ပေါက် ဒေါ်သိန်းကြည်၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၉၀၀/၂၀၁၆) ၂၅-၈-၂၀၁၆ရက်ဖြင့် ဒေါ်ဖြိုးသူမွန် ၅/ဝသန(နိုင်)၀၂၈၀၂၈ (ဘ)ဦးတင်မောင်ဌေးမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/8253 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ဦးလွှမ်းမိုး
ကထိက (ငြိမ်း)၊ ရူပဗေဒဌာန
အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်းနေ (ဦးစိန်ရွက်-ဒေါ်သန်းတင်)တို့၏ သား၊ (ဦးဘအေး-ဒေါ်အုန်း)တို့၏ သားသမက်၊ ဒေါ်ခင်ဆွေအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာမိုးအေး-ဒေါက်တာမိုးမိုးကြည်၊ ဦးကျော်ဇေယျ-ဒေါ်ခင်သီတာဝင်းတို့၏ ဖခင်သည် ၁၃-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၉း၀၁နာရီတွင် အာရုံတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၆ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ဦးထွန်းဝင်း(ဘ)ဦးခင်မောင် ၁၄/ဖပန(နိုင်)၀၉၀၂၆၈အား ၃-၃-၂၀၁၅ရက်တွင် (၁) ဦးမောင်ချို (ဘ)ဦးထွန်းမောင် ၁၄/ဖပန(နိုင်) ၀၆၀၉၃၆၊ (၂) ဒေါ်တင်တင်အုန်း (ဘ)ဦးထွန်းမောင် ၁၄/ဖပန(နိုင်) ၀၀၆၉၉၆တို့က ဖျာပုံမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၉/၂၀၁၅ကို ဤကြော်ငြာပါသည့် ရက်မှစ၍ ပြန်လည် ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်ချို ၁၄/ဖပန(နိုင်)၀၆၀၉၃၆
ဒေါ်တင်တင်အုန်း ၁၄/ဖပန(နိုင်)၀၀၆၉၉၆
(၈၄)၊ ပထမလမ်း၊ (၄)ရပ်ကွက်၊ ဖျာပုံမြို့

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဆရာကြီး ဦးဦးကျော်လှ အသက် (၉၈)နှစ်အားရည်စူးအလှူ

ချစ်ခင်မြတ်နိုးရသော ကျေးဇူးရှင်ဖခင်ကြီး မိသားစုများနှင့် ခွဲခွာသွားသည်မှာ ၁၄-၁၀-၂၀၁၆ ရက်တွင် တစ်နှစ်ပြည့်ပြီးဖြစ်သော်လည်း တစ်နေ့မှ မေ့မရပါ။

မြတ်စွာဘုရား၏တရားတော်အဆုံးအမအတိုင်း ကျေးဇူးရှင်ဖခင်ကြီး ကောင်းသော သုဂတိဘုံဘဝမှာ ချမ်းသာစွာနေနိုင်ရန် ရည်စူး၍ နာရေးတစ်နှစ်ပြည့်သည့် ၁၆-၁၀-၂၀၁၆ရက် (၁၃၇၈ခုနှစ် သီတင်းကျွတ်လပြည့်နေ့)တွင် ရသေ့တောင်မြို့ စေတီယင်္ဂနကျောင်းတိုက်ရှိ ကောင်းမှုတော်မဓ္ဓဝိဇယကျောင်းတွင် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းကပ်ပြီး သင်္ကန်း အစရှိသော ပရိက္ခရာများ လှူဒါန်းခြင်းနှင့် သီလဆောက်တည်ရန် ရောက်ရှိကြသော သီလဝန္တပုဂ္ဂိုလ်၊ သူတော်ကောင်း ၁၅၀တို့အား ဆွမ်းကျွေးလှူဒါန်းပါသည်။

ဖခင်ကြီးရောက်ရာဘုံဘဝမှ ကုသိုလ်ကောင်းမှုအစုစုအား တွေ့မြင်ကြားသိရပြီး သာဓုအနုမောဒနာခေါ်နိုင်ပါစေ။ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ မုဒိတာပွားသာဓုခေါ်နိုင်ကြပါစေ။

ကျန်ရစ်သူဇနီး ဒေါ်အောင်စိန်

သား	- ဦးစံလှမောင်နှင့်ဇနီး ဒေါ်အောင်သိန်းဝေ မိသားစု
သမီး	- ဒေါ်လှခင်သိန်း-ဦးမောင်သိန်းညွန့် မိသားစု
	- ဒေါ်ခင်သိန်းလှ၊ ဦးစိန်သာကျော် မိသားစု
သား	- ဦးမောင်ကျော်မြင့်-ဒေါ်အေးသိန်းနု မိသားစု
သမီး	- ဒေါ်မတင်မူ၊ ဦးညီလှဖြူ မိသားစု
သား	- ဦးမောင်တင်မောင်-ဒေါ်သန်းသန်းဆင့် မိသားစု
	- ဦးကျော်တင်မောင်-ဒေါ်အောင်ခိုင် မိသားစု

ကျန်ရစ်သူဇနီး ဒေါ်အောင်စိန်နှင့် သားသမီးမိသားစုများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပြည်တွင်း-ပြည်ပ မဟာစည်သာသနာ့ရိပ်သာ
ဥသျှောင်ဩဝါဒါစရိယဆရာတော်ကြီး
ဘဒ္ဒန္တတိလောကမဟာထေရ်
(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)
(မြို့ထောင့်စေတီသာသနာ့ရိပ်သာ၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း)
သက်တော်(၁၀၀)၊ သိက္ခာတော်(၈၀)

ရန်ကုန်မြို့၊ ပြည်တွင်း-ပြည်ပ မဟာစည်သာသနာ့ရိပ်သာကြီး၏ ဥသျှောင်ဩဝါဒါစရိယ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ မြို့ထောင့်စေတီ သာသနာ့ရိပ်သာကြီး၏ သက်တော်ရှည် ပဓာနနာယက ဘဒ္ဒန္တတိလောက (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) မဟာထေရ်မြတ်ကြီးသည် (၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်) ၁၂-၁၀- ၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၆း၅၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်) ၁၈-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရွှေဘိုမြို့၌ အန္တိမအဂ္ဂိစျာပနပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေကွက်အမှတ်(၁I) ဧရိယာ (၁ဒသမ၀၃)ဧကအား အမည်ပေါက် ဦးကျီးညို ၅/စကန(နိုင်)၀၄၆၉၉၅ထံမှ ဦးထွန်းဝင်း ၁၃/တကန(နိုင်)၁၂၃၅၀၀က စာချုပ်စာတမ်းဖြင့် ပြန်လည်ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအတွက် ဦးထွန်းဝင်းမှ ၎င်း၏အမည်ဖြင့် မြေငှားလိုင်စင်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက် အထားပြည့်စုံစွာဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျွဲခြံကျေးရွာ (မွန်စု)နေ ဒေါ်ခင်လှဲ့မော်၊ ဒေါ်ကြည်ကြည်ငွေးနှင့်
အများသိစေရန် ကြေညာချက်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျွဲခြံကျေးရွာ (မွန်စု)ရှိ ရွာသစ်ကွင်း၊ ဦးပိုင်မြေကွက်အမှတ် ၃၉သည် ဦးရွှေဖြိုးအမည်ပေါက် ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ပေါ်တွင် ဦးခင်မောင်(ကွယ်လွန်)၊ ဒေါ်တင်ရီ(ကွယ်လွန်)နှင့် ၎င်း၏သမီးများဖြစ်သော ဒေါ်ခင်လှဲ့မွန်၊ ဒေါ်ကြည်ကြည်ငွေးတို့မိသားစုအား အခမဲ့နေထိုင်ခွင့်ပြုထားခြင်းသာဖြစ်ပါသည်။

အဆိုပါမြေကွက်အမှတ် ၃၉အား အမည်ပေါက် ဦးရွှေဖြိုး၏မြေးဖြစ်သူ ပိုင်ရေးပိုင်ခွင့် ရှိသူ ကျွန်ုပ်၏မိတ်ဆွေဦးဝင်းမြင့်၏ သဘောတူခွင့်ပြုချက်မရဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း၊ စီမံခန့်ခွဲခြင်းများအား လုံးဝမပြုလုပ်ကြပါရန် သတိပေးတားမြစ်လိုက်သည်။

ဦးဝင်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးလှဦး (တရားလွှတ်တော်ရှေ့နေ) (စဉ်-၃၁၅၁)
ဖုန်း-၀၉-၇၃၀၆၃၀၅၉

ဒေါက်တာဒေါ်ခင်စိမ်းဝင်း
ပါမောက္ခ/ဌာနမှူး(ဇီဝကမ္မဗေဒဌာန)(ငြိမ်း)
ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်၊ တပ်မတော်ဆေးတက္ကသိုလ်
အသက်(၈၆)နှစ်

ပဲခူးမြို့နေ (ဆရာကြီး ဦးသာဒင်-နိုင်ငံတော်ကောင်စီဝင်-ငြိမ်း-ဆရာမကြီး ဒေါ်လေးတင့်)တို့၏သမီး၊ (ဦးဘညွန့်-ဒေါ်ဖွေး)တို့၏သမီးချွေးမ၊ (ဦးခင်မောင်ဦး-ဥပဒေဝန်ထမ်းအဆင့်-၁၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ (ဦးတင်ရီ-ဒေါ်အေးသန့်)တို့၏ ညီမ၊ ဦးသောင်းညွန့်-ဝန်ကြီး(ငြိမ်း)-ဒေါ်ခင်ငွေးရည်(ခ)ဒေါ်နီနီ၊ကပ္ပတိန် ဦးအေးမောင်-ဒေါ်သဇင်ကျော်ထွန်းတို့၏အစ်မ၊ ဦးသန်းထွဋ်ဦး(C/O)-ဒေါ်နီနီဝင်း၊ (ဦးဝင်းထွဋ်ဦး)-ဒေါ်ထွေးထွေးရည်၊ ဦးကျော်ထွဋ်ဦး(MSP CATERPILLAR)-ဒေါ်ခင်လှိုင်ဝေ၊ ဦးသက်နိုင်ထွေး(Oiler-SAN HO SHIPPING)-ဒေါ်စန္ဒီဦးတို့၏ချစ်လှစွာသောမိခင်၊ တူ၊တူမ ခုနစ်ယောက်တို့၏အဒေါ်၊ မြေး ၁၄ ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၁၄-၁၀-၂၀၁၆ရက်(သောကြာနေ့) နံနက် ၆ နာရီတွင် အမှတ်(၃) ဝန်မင်းလမ်း၊ ပြည်သာယာ၊ ဘောက်ထော်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အထက်ပါရန်ကင်းမြို့နယ်နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ ရန်ကင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ပါမောက္ခ ဒေါက်တာဦးစိုးမြင့်
သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး
အငြိမ်းစားပါမောက္ခနှင့် ဌာနမှူး၊ သားဖွားမီးယပ်ပညာဌာန
ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်
အသက် (၉၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ် (၁၂၇/အေ)နေ ပါမောက္ခ ဒေါ်အုံးကြည်(ငြိမ်း) သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်၏ ချစ်လှစွာသောခင်ပွန်း ပါမောက္ခ ဒေါက်တာဦးစိုးမြင့်သည် ၉-၁၀-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မန္တလေးဆေးတက္ကသိုလ် ကျောင်းသားများ(၁၉၆၃-၁၉၇၀)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၈၆၀၇ MYAY-LATTYARZAR, M/B(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်ထွန်း ၉/အမဇ(နိုင်)၀၃၅၅၅၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၆၁၁၂၄ Honda C 90,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှရီ ၅/ကလတ(နိုင်)၀၅၃၆၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

အထူးကျေးဇူးတင်ရှိခြင်း

၁၁.၁၀.၂၀၁၆ (အင်္ဂါနေ့)တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားသည့် FAME ဆေးဝါးစက်ရုံတွင် တာဝန်ထမ်းဆောင်ခဲ့သော ဦးဇင်မင်းလှိုင် အသက် (၃၀)နှစ်နှင့် ဦးစိုးသီဟအောင် အသက် (၃၁)တို့၏ နာရေးကိစ္စအဝဝတွင် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သော မင်းလှမြို့နယ်၊ မိုင်တိုင် (၉၉) အနီး၊ ရွှေဝါမြိုင်ကျေးရွာမှ ရွာသူ/သားများ၊ စစ်ကွင်းနယ်မြေရဲစခန်းမှ ဒုရဲအုပ် ရဝေထွန်းနှင့် အဖွဲ့၊ စစ်ကွင်းတိုက်နယ်ဆေးရုံရှိ တာဝန်ရှိသူများအားလုံး၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လိုအပ်သည့်ကိစ္စအဝဝကို ဆောင်ရွက်ပေးကြသော FAME ဆေးဝါးစက်ရုံမှ ဝန်ထမ်းများ၊ လိုက်ပါပို့ဆောင်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဝမ်းနည်းကြောင်းကို လူကိုယ်တိုင်သော်လည်းကောင်း၊ သတင်းစာ၊ အီးမေးလ်၊ တယ်လီဖုန်းများဖြင့် အားပေးနှစ်သိမ့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လွမ်းသူပန်းခွေ၊ ပန်းခြင်းများနှင့် သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းအမျိုးမျိုးတို့ဖြင့် ကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ကျန်ရစ်သူမိသားစုနှင့်အတူ အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာခင်ခင်ဌေး
FAME မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်စံမြဦး(ကျောက်တော်)
အသက် (၉၂) နှစ်

ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ်(လီမိတက်)၊ ဥက္ကဋ္ဌ ဦးလှသာထွန်း-ဒေါ်အေးမေတို့၏မိခင်ကြီး ဒေါ်စံမြဦး အသက် (၉၂) နှစ်သည် ၁၃-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂း၀၀ နာရီတွင် ကျောက်တော်မြို့ ရွာမရပ်ကွက်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ
ရခိုင်ပြည်နယ်သမဝါယမအသင်းစုချုပ်(လီမိတက်)

ဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ထားကြည်
အသက် (၉၂) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၃)၊ စွန်းလွန်းဂူကျောင်းလမ်းနေ ဦးဘုန်းကျော်(Chairman)-ဒေါ်နွဲ့နွဲ့ရီ(Director) တို့၏မိခင်၊ ဦးသော်ဇင်ကျော်ကျော် (Managing Director)၏ အဘွား ဒေါ်ထားကြည်သည် ၁၂-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းများ
Michelia Trading Co., Ltd.
Michelia Group of Co., Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်ရီ
အသက်(၈၇)နှစ်

ဖျာပုံမြို့နေ(ဦးဖိုးထွန်း)+(ဒေါ်လေးဖြူ)တို့၏သမီး၊ (ဦးအောင်နိုင်) လ/ထဘဏ္ဍာရေးမှူး(ငြိမ်း)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးဦးမြင့်(GM-M.K.T Construction Co.,Ltd.) + ဒေါ်ခင်သက်နိုင် တို့၏မွေးသမိခင်သည် (၁၁.၁၀.၂၀၁၆)(အင်္ဂါနေ့) ညနေ(၁၆း၀၂)နာရီတွင် ကွယ်ကဘော(အင်းစိန်)ဆေးရုံတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးမျိုးမြင့်(ဥက္ကဋ္ဌ) နှင့် ဝန်ထမ်းမိသားစု
M.K.T Construction Co.,Ltd .

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကြည်မောင်
ဦးစီးအရာရှိ(ငြိမ်း)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
(ကျောက္ကာကျေးရွာ၊ တောင်သာမြို့နယ်)
အသက် (၇၆)နှစ်

ရန်ကုန်မြို့နေ ဒေါ်ကျော့ကေခိုင် (CBO) United Amara Bank Ltd. ၏ဖခင်ကြီး ဦးကြည်မောင်သည်ဝိတိုရိယဆေးရုံ၌ ၁၀-၁၀-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ယူအေဘီ(ပခုက္ကူ)ဘဏ်ခွဲမိသားစု**

တစ်လပြည့်လွမ်းဆွတ်ခြင်း
ဦးအောင်ဆန်းကျော်(ခ)စိန်ပေါက်ကျော်
အသက် (၄၃) နှစ်

မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၆-၁၀-၂၀၁၆ ရက် တစ်လရှိပြီဖြစ်သော်လည်း တစ်နေ့မှ မေ့မရအောင် လွမ်းဆွတ်တမ်းတလျက်ရှိပါကြောင်း၊ ပြုပြုသမျှ ကောင်းမှုကုသိုလ်အစုစုကို ရောက်ရာဘုံဘဝမှ သာဓုအနုမောဒနာခေါ်ပါရန် အမျှပေးဝေပါသည်။

ကျန်ရစ်သူမိသားစု
ဦးလှမြင့်-ဒေါ်ယဉ်စန်း
(Dream ဆိုင်ကယ်ဆိုင်)

ဝမ်းနည်းကြေကွဲခြင်း
ဦးကြည်စိန် တိုင်းအုပ်ချုပ်ရေးမှူး(ငြိမ်း)
တနင်္သာရီတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး၊ ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
အသက် (၈၀)

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ (၆)ရပ်ကွက်၊ အောင်မြေရပ်၊ အမှတ်(၈)နေ ဒေါ်ခင်သန်း၏ခင်ပွန်း ဦးကြည်စိန်သည် ၉-၁၀-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေး
ဝန်ထမ်းဟောင်းများအသင်း၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း
ရဲမှူး ဦးကောင်း (ငြိမ်း) (ဟသ်ာတ)
အသက် (၇၈)နှစ်

ခပေါင်းဆောင်ကျောင်းသားဟောင်း ကိုအောင်မြင့်ဦး Eco 84 intake ၏ ဖခင် ရဲမှူး ဦးကောင်း(ငြိမ်း) အသက် (၇၈)နှစ်(ဟသ်ာတ)သည် ၁၂-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Eco 84 intake. ခပေါင်းဆောင်ကျောင်းသားဟောင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဆရာကြီး ဦးလွှမ်းမိုး
ကထိက(ငြိမ်း)၊ ရူပဗေဒဌာန
အသက်(၈၈)နှစ်

ရန်ကုန်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်နှင့် ရန်ကုန်စက်မှုတက္ကသိုလ် ရူပဗေဒဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး ဦးလွှမ်းမိုးသည် ၁၃-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) ည၉း၀၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရူပဗေဒမိသားစု
ရန်ကုန်တက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်တင်ရီ အသက်(၈၀)

ဒေါက်တာချိုချိုတင့် (ပါမောက္ခ၊ ဌာနမှူး၊ ကျိုင်းတုံတက္ကသိုလ်)၏ မိခင်ကြီး ဒေါ်တင်တင်ရီသည် ၁၀-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့်
ကျိုင်းတုံတက္ကသိုလ်မိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဗိုလ်ကြီးတင်စိုး (ငြိမ်း)
အသက်(၇၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သက္ကလမြို့၊ ဘူတာရပ်ကွက်နေ (ဦးခင်မောင်-ဒေါ်ခင်စု)တို့၏သား၊ ပုဏ္ဏားကျွန်းမြို့၊ မြို့သစ်ရပ်နေ (ဦးသနအောင်-ဒေါ်မကြီး)တို့၏သားသမက်၊ ဒေါ်လှသန်းယဉ်၏ခင်ပွန်း၊ ကိုကျော်သီဟစိုး၊ မတင်နီလာစိုး၊ ကိုမျိုးသူရစိုး-မစုမြတ်နိုးတို့၏ဖခင်၊မြေးနှစ်ယောက်တို့၏အဘိုးသည်၁၃-၁၀-၂၀၁၆ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၁၀-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၆လမ်း၊ အမှတ် ၇၄၈/က နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
နူရ်ဂျဟမ်းဘေဂမ်(ခ)ဒေါ်တင်တင်မြ
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ် ၃၃နေ (ဦးကျော်ဦး-ဒေါ်သန်းတင်)တို့၏သမီး၊ (ဦးကျော်ဝင်း)၊ ဒေါ်တင်တင်မြင့်၊ ဦးကျော်မင်း-ဒေါ်လီလီမြင့်တို့၏အစ်မ၊ ဦးအော်စဝယ်လ်ရီနင်း - (Mr. O.S. RAINEY)၏ ချစ်လှစွာသောဇနီး၊ ဦးစိုးလှိုင်ဝင်း-ဒေါ်ဇင်မင်းစန္ဒာယုံလင်း၊ ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ဖြူဖြူဝင်း-(ဦးစောဟာဘေ)၊ ဦးဟန်ဝင်းနိုင်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၅-၁၀-၂၀၁၆ရက်(စနေနေ့)နံနက် ၂း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖွာနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်သန်းမြင့် အသက်(၅၅)နှစ်
B.E (Mechanical)
အလုပ်ရုံမှူး(စီမံရေး)ပီပီအိတ်ဌာန၊ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)
ရေနံချောင်းဒေသကောလိပ် (1981)
RIT (1987-Batch)

သန်လျင်မြို့၊ ဖောဓိကုန်း-ရေနံရပ်ကွက်၊ အမှတ် S-15နေ (ဦးလှအေး-ဒေါ်သောင်းကြည်)တို့၏သမီး၊ ဦးသိန်းစံ(ရေနံ၊ သန်လျင်)-ဒေါ်မိုးမိုးတို့၏အစ်မသည် ၁၅-၁၀-၂၀၁၆ရက်(စနေနေ့)နံနက် ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ရဟန်းဒါယကာကြီး
ဦးကံလှိုင်
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၈ လမ်း၊ အမှတ် ၁/၃ (သုံးလွှာ)နေ ဦးကံလှိုင်သည် ၁၁-၁၀-၂၀၁၆ရက်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဘိုင်ကြီးနှင့် မိသားစု

ဒေါ်အေးအေးခိုင်(ခ)ဥညြ အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ် ၆၀နေ (ဦးအေးကြူ၊ရပ်ရှင်-ဒေါ်ခင်အေးရီ)တို့၏သမီး၊ ဦးလှမြိုင်-(ဒေါ်ကျင်မေ)တို့၏သမီးချွေးမ၊ ဦးတင်မောင်ချို(ခ)ကိုဆန်နီ-ဒေါ်အေးအေးငွေ(ခ)မချို၊ [ဦးဝင်းကြိုင်(ခ)ကိုတူး]၊ [ဒေါ်ဝင်းဝင်းခိုင်(ခ)မစုး]တို့၏ညီမ၊ ဦးစစ်နောင်၏ဇနီး၊ မောင်စစ်လင်းဦး(ခ)ကိုထူး၏မိခင်သည် ၁၄-၁၀-၂၀၁၆ရက်(သောကြာနေ့) ည ၇နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါက်တာထက်မြတ်ထွဋ်(ဘို) (M.B.,B.S)
လက်ထောက်ဆရာဝန်၊ အထွေထွေရောဂါကုဆေးရုံကြီး၊ ပဲခူးမြို့
အသက်(၃၂)နှစ်

ပဲခူးမြို့၊ မြို့တွင်းကြီးရပ်ကွက်၊ စိန်ထွန်း-ပေါ်ဦးလမ်း၊ အမှတ် ၄၄နေ ဒေါက်တာနေမျိုး-ဒေါ်မြင့်မြင့်ဝင်း(မှူ/အုပ်၊ ငြိမ်း)တို့၏သား၊ ဗိုလ်မှူးနေအောင်ထွဋ်-ဒေါက်တာခတ္တာဝင်ရှိန်၊ ဗိုလ်ကြီးချမ်းမြေ့ထွဋ်တို့၏ညီ၊ မောင်ကျော်စွာထွဋ်၊ မဇင်မာမျိုးတို့၏အစ်ကိုသည် ၁၅-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးအောင်သန်း(တောင်သာ) အသက်(၈၉)နှစ်
B.A, B.L, B.Sc (Senior Branch)
ဌာနမှူး(ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ (၇)ရပ်ကွက်၊ ကွက်သစ်လမ်း၊ အမှတ် ၈၊ ၆ကနေ (ရှေ့နေကြီး ဦးဘမြိုင်-ဒေါ်မဲ)တို့၏တစ်ဦးတည်းသောသား၊ (ဝဏ္ဏကျော်ထင် ဦးထွန်းဖေ၊ တိုင်းမင်းကြီး၊ ငြိမ်း-ဒေါ်ခင်ယုံ)တို့၏သားသမက်၊ ဦးကျော်ရင်-ဒေါ်ရီရီ၊ ဒေါက်တာဦးစိုးမြင့်-ဒေါ်အမာခင်၊ ဦးကျော်တင်-ဒေါ်လှလှရီ၊ ဒေါ်ကျော်ကျော်-ဦးစိန်မြင့်တို့၏အစ်ကို၊ ဒေါ်ဝေဝေသန်း(သ/မဝန်ကြီးရုံး၊ ငြိမ်း)၊ ဒေါ်အေးအေးသန်း(နတလ၊ ငြိမ်း)၊ ဒေါ်ဖြူဖြူသန်း-ဦးထွန်းထွန်းဝင်း (မြန်မာ့ရေနံ၊ ငြိမ်း)၊ ဒေါ်ခင်မျိုးသန်း(အထက-၄၊ ဗိုလ်တထောင်)တို့၏ဖခင်၊ ဒေါ်မေဇင်ထွန်း-ဦးသက်လှိုင်အုန်း၊ ဒေါ်မေမော်ခိုင်-ဦးနေမျိုးလှိုင်၊ ကိုပြည့်ဖြိုးတို့၏အဘိုး၊ သားသားလေး၏ဘိုးဘိုးကြီး၊ ဒေါ်အေးကြည်၏ချစ်လှစွာသော ခင်ပွန်းသည် ၁၄-၁၀-၂၀၁၆ရက်(သောကြာနေ့)ညနေ ၃း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၀-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
ဦးကံဆင့် အသက်(၈၈)နှစ်
ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဇဟိုသုတေသနလုပ်ငန်းအဖွဲ့
အမှတ်(၂)စက်မှုဝန်ကြီးဌာန

ပခုက္ကူမြို့နေ ဦးဘညွန့်-ဒေါ်လုံးတို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ (၆၄၈) နှင်းဆီလမ်း၊ ပါရမီရိပ်သာနေ (ဒေါ်ဝင်းမြင့်)၏ခင်ပွန်း၊ ဦးဝင်းသန်း- ဒေါ်အေးသန်းမူ၊ ဒေါက်တာစိုးသန်း၊ ဒေါ်ခိုင်ခိုင်ဆင့်-ဦးဟန်ဝင်း၊ ဦးဝင်းထွန်းတို့၏ဖခင်၊ မသီရိဝင်း၊ ဒေါက်တာအေးသီတာကျော်၊ မောင်ဟိန်းထက်ဇော်၊ မောင်သက်ဇင်မင်း၊ မောင်ဖြိုးဝေဝင်းတို့၏အဘိုးသည် ၁၅-၁၀-၂၀၁၆ရက် နံနက် ၀၀း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

နာယက၊ မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ဇခိုင်(ခ)ဒေါ်အေးအေးခိုင်(ဆုထူးပန်အာဇိမ္မာ)အသက်(၇၇)နှစ်

အင်းစိန်မြို့နယ်၊စော်ဘွားကြီးရပ်ကွက်၊လေဆိပ်ရိပ်သာလမ်းနေ ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးခင်မြင့်(ရေ)(ငြိမ်း)၏ဇနီးသည် ၅-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့

ဦးအောင်ချစ် (ပြန်/ဆက်ဦးစီးမှူး)(ငြိမ်း)
မိတ္ထီလာတပ်မတော်အထက်တန်းကျောင်း၊ဘော်ဒါကျောင်းသားဟောင်း
အသက်(၇၁)နှစ်

(ဦးဆိုင်- ဒေါ်သန်းသန်း)တို့၏သား၊ (ဦးလှသန်းမောင်)၏ညီ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ လေကြောင်းဦးစီးအရာရှိကြီးများရိပ်သာ၊ အသံလွှင့်ရုံလမ်း၊ အမှတ် H2နေ ဦးနေဝင်း(ညွှန်ကြားရေးမှူး၊လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)-ဒေါ်တင်ဇာနွယ်၊ ဦးသန်းဇော်-ဒေါ်ချစ်စန္ဒာဝင်း၊ ဦးဇေယျာဦး-ဒေါ်ချစ်သီတာဝင်းတို့၏ဖခင်၊ (ဒေါ်ဝင်းဝင်းမြင့်)၏ခင်ပွန်း၊ မောင်ဘဏ်လင်းထက်၊ မောင်ထက်အာကာလင်း၊ မမြတ်ရွှေစင်ဝင်း၊ မဆုဝီရာထူးတို့၏အဘိုးသည် ၁၄-၁၀-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်အောင်
အသက်(၇၀)

မန္တလေးမြို့၊ အကွက် ၃၀၊ ၇လမ်း၊ ၇၃×၇၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်နေ ဗကကျော်သူလင်း-ဒေါ်မေရီကျော်၊ ကိုဇာနည်အောင်-မခိုင်ခိုင်ထွေး၊ မောင်လင်းလင်းထွန်း၊ မောင်ကျော်ဇော်လင်း-မသဉ္ဇာဦးတို့၏ဖခင်၊ ဒေါ်လီလီချောင်း၏ခင်ပွန်းသည် ၁၄-၁၀-၂၀၁၆ရက် (သောကြာနေ့) ည ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အေးရိပ်ငြိမ်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးခင်မောင်ကျော် အသက်(၅၄)နှစ်
(မြန်မာ့အလင်းပုံနှိပ်တိုက်)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သဟာယလမ်းသွယ်၊ အမှတ် ၁၃၅နေ(ဦးမောင်ရွှေ-ဒေါ်အေးမြိုင်)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ရွာမကျေးရွာနေ ဦးခင်ဝင်း-(ဒေါ်ခင်နန်းနွယ်)တို့၏သားသမက်၊ ဦးစိုးဝင်း-(ဒေါ်ခင်သန်းစိုး)၊ ဦးယဉ်ထွန်း-ဒေါ်ခင်မော်လွင်၊ ဦးသိန်းတိုး-ဒေါ်လှလှနွယ်၊ ဦးသိန်းစိုး-ဒေါ်မြင့်မြင့်ခိုင်တို့၏အစ်ကို/မောင်၊ မောင်ကျော်သူရ၊ မောင်မိုးမြတ်-မအေးငြိမ်းကောင်း၊ မောင်ရဲမြတ်၊ မောင်ကောင်းမြတ်-မသဇင်မင်း၊ မယဉ်မြတ်မိုးတို့၏ဖခင်၊ ဒေါ်တင်မိုးနွယ်(ခ)ဒေါ်မိုးမိုး၏ ချစ်လှစွာသောခင်ပွန်းသည် ၁၄-၁၀-၂၀၁၆ရက် (သောကြာနေ့) ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သဟာယလမ်းသွယ်၊ အမှတ် ၁၃၅၊ ဦးသိန်းစိုး- ဒေါ်မြင့်မြင့်ခိုင်တို့၏နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်အေးအေးခိုင်(ခ)ဥညြ
အသက်(၅၂)နှစ်

ရန်ကုန်မြို့နေ ဦးလှမြိုင်-(ဒေါ်ကျင်မေ)တို့၏သမီးချွေးမ၊ (ဦးရဲနောင်)-ဒေါ်သက်နှင်းတို့၏ညီမ၊ ဦးရဲအောင်-ဒေါ်သီသီအေး၊ (ဦးတင့်လွင်)-ဒေါ်အေးအေးသီ၊ ဦးနိုင်နိုင်ဦး-ဒေါ်သန်းသန်းအိ၊ ဦးကျော်သူအောင်-ဒေါ်ခင်စန္ဒာလွင်(ခ)ရွှေလိတို့၏အစ်မ၊ တူ၊တူမ ၁၃ယောက်တို့၏အဒေါ်၊ ဦးစစ်နောင်၏ဇနီး၊ မောင်စစ်လင်းဦး(ခ)ကိုထူး၏ မိခင်သည် ၁၄-၁၀-၂၀၁၆ရက်(သောကြာနေ့) ည ၇နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးငြိမ်းမောင် အသက်(၇၀)

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ(၁)၊ ကျောက်စိမ်းလမ်းနေ (ဦးပြည်ကျော်-ဒေါ်ယွန်း)တို့၏သား၊ ဒေါ်ဝင်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်ထွန်း-ဒေါ်ထူးထူး၊ ဦးနိုင်ထူးဝင်း-ဒေါ်ခမ်းကြာ၊ ဦးလှသိန်း-ဒေါ်နုနုငြိမ်း၊ ကိုချစ်ညီညီလွင်-မခင်မျိုးငြိမ်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၃-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့)နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၆ရက် ညနေ ၃နာရီတွင် ကြာကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်သန်းမေ
(ပုဇွန်တောင်မြို့နယ်)
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ဈေးလမ်း၊အောက်ပုဇွန်တောင်၊ အမှတ် ၈နေ (ဦးတင့်-ဒေါ်ချစ်)တို့၏သမီး၊ (ဦးကုလား)၏ဇနီး၊ (ဦးစိန်ဝင်း-ဒေါ်မေခင်)၊ဦးဝင်းမောင်-(ဒေါ်ညိုညို)၊ ဒေါ်ခင်ရီ (အမက-၆၊ ပုဇွန်တောင်၊ ငြိမ်း)၊ ဦးခင်မောင်ဝင်း [ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဲဆန္ဒနယ်၊ အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ်] - ဒေါ်လှလှဝင်း(အမက-၃၅၊ သာကေတ၊ ငြိမ်း)၊ (ဦးသိန်းမြင့်)-ဒေါ်သန်းသန်းရီတို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ် ၁၂ယောက်တို့၏အဘွားသည် ၁၄-၁၀-၂၀၁၆ရက် (သောကြာနေ့) နံနက် ၆နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမြင့်ဦး(ခ)ဦးကျင်
ဆောက်လုပ်ရေး
တိုင်း(၁၁) (ငြိမ်း)
အသက်(၈၉)နှစ်

ရန်ကုန်မြို့နေ (ဦးဟုန်-ဒေါ်မြတ်မွန်)တို့၏သား၊ (ဒေါ်စောကြင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းဆွေ(မြို့ရွာ/အိုးအိမ်၊ ငြိမ်း)-ဒေါ်အေးအေးလွင်၊ ဦးအေးထွန်း-ဒေါ်သိန်းသိန်းလှိုင်၊ ဦးလှထွန်း-ဒေါ်သန်းသန်းသွင်၊ဦးကျော်စိုးမိုး-ဒေါ်မြင့်မြင့်လွင်၊ ဦးငွေအောင်-ဒေါ်ငွေငွေလွင်၊ ဦးတင်ထွန်း-ဒေါ်စန်းစန်းမော်၊ ဦးရဲမင်း-ဒေါ်မီမီလွင်တို့၏ဖခင်၊ မြေး ၁၈ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၅-၁၀-၂၀၁၆ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ အရှေ့ဈေးဟောင်းလမ်း၊ အမှတ် ၁၄ (ပထမထပ်)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဦးဘစံ
မြို့နယ်ပညာရေးမှူး(ငြိမ်း)
ရမ်းဗြဲ၊ လေးတောင်၊ ဇရပ်ပြင်
အသက်(၇၂)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်၊ ဇရပ်ပြင်ရွာနေ (ဦးဘအေး-ဒေါ်ဖြူမ)တို့၏သား၊ (ဦးဘိုးကို-ဒေါ်ဖြောင်းထူ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သထုံလမ်း၊ အမှတ် ၁/၁နေ(ဒေါ်ခင်မြတ်စံ)၊ဦးထွန်းမင်းစံ-ဒေါ်လင်းလင်းကျော်ခိုင်၊ ဒေါ်မြတ်လေးစံ၊ ဗိုလ်မှူးကျော်ငြိမ်းစံ-မစုစုအောင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ (ဒေါ်မှုန်မ)၏ခင်ပွန်းသည် ၁၅-၁၀-၂၀၁၆ရက်(စနေနေ့)နံနက် ၀၀း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးအုန်းကြွယ်
(ဒိုင်နမိုမော်တာဝါယာရိန်း)
(ဖဆပလ)၊ (စူဇူကီးဝင်း)
အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ သာယာကုန်းကျေးရွာနေ (ဦးတဖာခိ)-ဒေါ်အားနော်တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်၂၇၈နေ(ဦးငြိမ်း-ဒေါ်ဝင်းကြည်)တို့၏သားသမက်၊ ဦးအုန်းရွှေ-ဒေါ်ဂရေ့(စ်)တို့၏ညီ/မောင်၊ ဒေါ်လှလှမြင့်၏အစ်ကို၊ ကိုထွန်းလင်းကြွယ်၊ ကိုသူရအောင်တို့၏ဖခင်၊ဒေါ်လှလှရွှေ၏ချစ်လှစွာသောခင်ပွန်းသည် ၁၅-၁၀-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၇-၁၀-၂၀၁၆ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၁၀-၂၀၁၆ရက် (သောကြာနေ့) နံနက်တွင်အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သာဝတ္တိမြို့၊
သရက်ကုန်းကျေးရွာအုပ်စု
သာသနာ့လေးကျွန်းမဏ္ဍိုင်ကျောင်း
ဆရာတော်ကြီး ဘဒ္ဒန္တ နန္ဒောဘာသ
သက်တော်(၁၁၃)နှစ်၊ သိက္ခာတော်(၈၁)ဝါ

ပဲခူးတိုင်းဒေသကြီး၊ မြစ်ကျိုးမြို့၊ ကျိုက်ထော်ပလှိုင်းရွာနေ (ခမည်းတော် ဦးစံမြင့်-မယ်တော် ဒေါ်အုံး)တို့၏သား၊ သာသနာ့လေးကျွန်းမဏ္ဍိုင်ကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒောဘာသသည် (၁၃၇၈ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ရက်) ၁၂-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ရက်) ၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲပိုင်းတွင် ကျောင်းတိုက်အတွင်း ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သားသမီး၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ တပည့်သားသမီး၊ ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တကောဝိဒါဘိဝံသ
သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မြို့နယ်ဩဝါဒါစရိယ
သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ မြို့မ(၆)ရပ်ကွက်၊ကမ်းနားကျောင်း ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တကောဝိဒါဘိဝံသသည် (၁၃၇၈ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ရက်) ၁၂-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၆ရက်) ၂၂-၁၀-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမဈာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှတပည့် ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ
မော်လမြိုင်ကျွန်းမြို့

ဦးကြည်ရှိန် (ပုသိမ်)
B.A, R.L, D.A, B.Ed
အထက(၆)ဗိုလ်တထောင်(ငြိမ်း)
အထက(၁)ဗိုလ်တထောင်၊ အလက(၁)သာကေတ(တပ်ဖွဲ့ကျောင်း)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ အိုးဘိုလမ်း၊ အမှတ် ၁၁၊ (ခြောက်လွှာ)နေ (ဦးဘွန်လျောင်-ဒေါ်ရင်မင်း)တို့၏သား၊ (ဦးကြင်ကောက်-ဒေါ်ခင်ထွေး)၊ (ဦးသန်းညွန့်)-ဒေါ်ကြင်တီ၊ ဒေါက်တာစောထွန်း-ဒေါ်သင်းသင်းတို့၏ညီ/မောင်၊ ဒေါ်ခင်ရီ၏အစ်ကို၊ (ဒေါ်ခင်စောဝင်း) (အထက-ပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်ရီလေးနွယ်၊ ဦးဝင်းထွဋ်ရှိန်(3rd Mate,Ushim Polaris)၊ ဒေါ်ဝင်းပပရှိန်(KMD Computer Centre)၊ ဦးဝင်းသန့်ရှိန်(3rd Engineer, Sunrise Salvia)-ဒေါ်သက်ရည်ပြည့်ဇော်(PACT Myanmar)တို့၏ချစ်လှစွာသောဖခင်သည် ၁၄-၁၀-၂၀၁၆ရက် (သောကြာနေ့) ညနေ ၆း၄၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ရေကန်၊ သာသနာ့မြေ ဒါယကာကြီး
ဦးဘသွင်(ခ)ဦးကျော်ထွန်း (မုဒုံ)
ကောင်းစံဘက်ထရီ
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၁၉၆နေ (ဦးစံတိန်း-ဒေါ်တင်)တို့၏သား၊ ဒေါ်ခင်တင့်(ကောင်းစံဘက်ထရီ)၏ခင်ပွန်း၊ ဦးအောင်ဖေ - (ဒေါ်လှသွင်) [အောင်စိုးမိုးဘက်ထရီ]၊ (ဦးဝင်းအောင်)-ဒေါ်လှသန်း(အောင်အောင်ဘက်ထရီ)၊ ဦးဝင်းမြင့်-ဒေါ်အေးအေးနွယ်(ဖြိုးမောက်ဘက်ထရီ)၊ ဒေါ်အေးအေးရီတို့၏အစ်ကို၊ ကိုမြတ်စိုးလင်း-မခင်ဖုန်းမြင့်(မြတ်မင်းထက်ဘက်ထရီ)တို့၏ချစ်လှစွာသောဖခင်၊မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၄-၁၀-၂၀၁၆ရက် (သောကြာနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသိန်းထိုက်ချို(ခ)ဖိုးချို
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်းသွယ် ၅၊ တိုက် ၁၀၁၊ အခန်း ၁နေ [ဗိုလ်မှူးလှရင်(ငြိမ်း)-ဒေါ်ခင်စု (ဆန်းဝင်းရတနာဆိုင်)၊ နန္ဒဝန်ဈေး]တို့၏သား၊ (ဦးတင်မောင်ဝင်း-ဒေါ်တင်တင်မြ)တို့၏သားသမက်၊ ဒေါ်စန္ဒာဝင်း၏ခင်ပွန်း၊ မောင်မင်းဂေါင် (ခေတ္တ-USA)-မဥမ္မာမြင့် (ခေတ္တ-USA)တို့၏ဖခင်၊ ဦးတင်ထွန်းဝင်း-ဒေါ်ခင်မာကြည်(အမက-၃၊ ဗဟန်း)၊ ဒေါ်တင်နီလာဝင်း(ခေတ္တ-S'pore)-ဦးလှငွေ(ခေတ္တ-S'pore)၊ ဦးကျော်ထွန်းဝင်း-ဒေါ်သီရိဟန်(UK)တို့၏အစ်ကို၊ မောင်သူရအောင်(USA)-မယမုံဖူး (USA)၊ မကြည်ဖြူခင်(Mango Media Co.,Ltd.)၊ မောင်ရဲဖုန်းသန့်(Info Myanmar College)၊ မောင်နေထွန်းဝင်း(UK)၊ မလဝန်းစန္ဒြာဝင်း(UK)တို့၏ဦးလေးသည် ၁၄-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၆ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသိန်းထိုက်ချို(ခ)ဖိုးချို
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ၂၇လမ်း၊ အမှတ် ၃၀၅နေ[ဗိုလ်မှူးလှရင်-ဒေါ်ခင်စု(ဆန်းဝင်းရတနာဆိုင်)၊ နန္ဒဝန်ဈေး]တို့၏သား၊ (ဦးထိန်ဝင်း)-ဒေါ်ညွန့်ညွန့်စိုး၊ ဗိုလ်ချုပ်ဇော်ဝင်း(အား/ကာ ဒုဝန်ကြီး၊ ငြိမ်း)-ဒေါ်ခင်လေးမြင့်၊ ဒေါ်ရီရီမြင့်-(ဦးတင်မောင်စော)၊ (ဦးနေဝင်း)-ဒေါ်ခင်ခင်မြင့်၊ ဒုဗိုလ်မှူးကြီးဇော်လွင်(ငြိမ်း)-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ဥမ္မာတို့၏ညီ/မောင်၊ ဒေါ်မိုးမိုး(ဦးစီးမှူး၊ လဝက၊နေပြည်တော်)၊ ဒေါ်ခင်အေး၊ ဒေါ်စန္ဒာတို့၏အစ်ကို၊ တူ/တူမ ၁၈ယောက်တို့၏ဦးလေးသည် ၁၄-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှု အကောင်အထည်ဖော်ရေး အစည်းအဝေးကျင်းပ

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှု အကောင်အထည်ဖော်ရေး အစည်းအဝေးကျင်းပစဉ် (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၅

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှု အကောင်အထည်ဖော်ရေး အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီ ၄၅ မိနစ်အထိ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရေဝတီခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်သို့ ပြည်ထောင်စုဝန်ကြီးများသွားရောက်ခဲ့သည့် ခရီးစဉ်အတွေ့အကြုံများ၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်သင့်သည်များကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဗိုလ်ချုပ်အောင်စိုး၊ ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်၊ ဦးခင်မောင်တင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကျောက်ဆည်မြို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ် ဆင်ပြိုင်ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာကျင်းပ

ကျောက်ဆည် အောက်တိုဘာ ၁၅

ကျောက်ဆည်နယ်သူ နယ်သားများသည် ကျေးဇူးရှိသူကို ကျေးဇူးဆပ်သောအားဖြင့် နှစ်ပေါင်း(၉၀၀)ကျော်တိုင်တိုင် ကျင်းပလျက်ရှိသော ရိုးရာယဉ်ကျေးမှု အမွေအနှစ် ဆင်အက၊ ဆင်အလှုပြိုင်ပွဲကြီးကို ကျောက်ဆည်မြို့တွင် သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာ ၁၅)ရက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဆင်အက၊ ဆင်အလှုပြိုင်ပွဲကြီးကို နံနက် ၈ နာရီတွင် စတင်ဖွင့်လှစ်ခဲ့ကာ ပြိုင်ပွဲဝင်ဆင်များနှင့် ညှော့ခံဖျော်ဖြေရေး ဆင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ယခုနှစ် ဆင်ပြိုင်ပွဲကို စည်းကမ်းချက်အချို့ပြောင်းလဲကာ ကျင်းပခဲ့ခြင်းဖြစ်ပြီးပြိုင်ပွဲတွင် ဖွင့်ပွဲကျင်းပပြီးဆုံးချိန်မှ

စာမျက်နှာ ၁၁ ကော်လံ ၁ ❍

မီဒီယာများ သတင်းရယူနိုင်

နေပြည်တော် အောက်တိုဘာ ၁၅

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့ကြပါသည်။ အဆိုပါ ခရီးစဉ်နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ ပြည်တွင်း/ပြည်ပမှ မီဒီယာများ တက်ရောက်သတင်းရယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**